# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၁) ရက် ၊ ကြာသပတေးနေ့ ၊ (8-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၂၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump တို့ ရင်းရင်းနှီးနှီး ဆွေးနွေးစဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး **H.E.Mr.Mongkol Visitstump** သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးများ တိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်မှု၊ စီးပွားရေးရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ မြန်မာ-ထိုင်း အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ကျင်းပနိုင်ရေးကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ➾**




ရတနာပုံ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၈ ရက်
အယ်ဒီတာ့အာဘော်

# မြန်မာ့တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးသမားတော်များ

ယနေ့ခေတ်ကာလတွင် အနောက်တိုင်းဆေးပညာသည် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကြီးမားလာသော်လည်း ကမ္ဘာ့နိုင်ငံအသီးသီးရှိ ပြည်သူတို့အနေဖြင့် မိမိတို့၏ တိုင်းရင်းဆေးကုထုံးများကို လက်မလွှတ်ဘဲ အားကိုးအားထားပြု၍ သုံးစွဲကုသနေကြဆဲဖြစ်သည်ကို တွေ့မြင်နိုင်ကြမည်ဖြစ်သည်။ မိမိတို့နိုင်ငံအနေဖြင့်လည်း မြန်မာ့တိုင်းရင်းဆေးကို အားထားယုံကြည်စွာအသုံးပြုကြသည်။ လျက်ဆား၊ ရှုဆေး၊ ဒက်ကြေဆေး၊ ရင်လူးဆေး စသောတိုင်းရင်းဆေးများကို အိမ်တိုင်းလိုလို တန်ဖိုးထားအသုံးပြုသည်ကိုတွေ့ရသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များသည် ခေတ်အဆက်ဆက် တိုင်းရင်းဆေးဝါးများကို အသုံးပြု၍ ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့သည်။ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ရိုးရာအမွေအနှစ်ဖြစ်သော မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန် ယခုကျင်းပသော (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲများ၌ ကြိုးပမ်းဆောင်ရွက်နိုင်ရန် လုပ်ဆောင်ကြရမည်ဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး နှစ်စဉ်အောင်မြင်စွာကျင်းပလာခဲ့သည်။ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကျင်းပရခြင်း၏ ရည်ရွယ်ချက်အနေဖြင့် မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံ အဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိစေရန် မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ အရည်အချင်းနှင့် ကျင့်ဝတ်ဂုဏ်သိက္ခာပိုမိုမြင့်မားလာစေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်မှုနည်းပညာများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်း၊ ပြည်ပရှိ ဆက်စပ်နီးနွယ်ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ဖြစ်သည်။ အဆိုပါရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် မြန်မာ့တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးပညာရှင်များက မြန်မာ့တိုင်းရင်းဆေးလောကအတွက် အမှန်တကယ်အကျိုးရှိစေမည့်ကဏ္ဍများကို စိတ်တူကိုယ်တူ ဝိုင်းဝန်းဆွေးနွေးဖော်ဆောင်ကြတော့မည်ဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးပညာကို တိုင်းရင်းဆေးသမားတော်များနည်းတူ ပြည်သူအပေါင်းကလည်း ချစ်မြတ်နိုးတန်ဖိုးထား ယုံကြည်အားထားကြသည်။ ခေတ်နှင့်အညီ ပို၍တိုးတက်စေချင်ကြသည်။ ပြည်သူ့ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် ကောင်းမွန်ထိရောက်စွာ စောင့်ရှောက်မှုပေးမည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ စုံစုံညီညီ စည်းစည်းလုံးလုံး ဆွေးနွေးညှိနှိုင်းကြမည့် ယခုညီလာခံနှင့်နှီးနှောဖလှယ်ပွဲမှ ရလဒ်ကောင်းများဖြင့် အောင်မြင်စွာပြီးမြောက်နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

ထို့ပြင် မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများသည် နိုင်ငံတော်၏ MSME လုပ်ငန်းများတွင်လည်း တစ်စိတ်တစ်ပိုင်းပါဝင်သဖြင့် နိုင်ငံတော်၏ GDP တိုးတက်မြင့်မားစေရန်တစ်တပ်တစ်အားအထောက်အကူပြုသောကြောင့် နိုင်ငံတော်အနေဖြင့်လည်း မြန်မာ့တိုင်းရင်းဆေးများထုတ်လုပ်ရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ တိုင်းရင်းဆေးပညာလောကတွင် မြန်မာ့တိုင်းရင်းဆေးဆရာများကို စုစည်းညီညွတ်စေကာ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုင်းရင်းဆေးဖြင့် တာဝန်ယူကုသကြရမည်ဟူသော ရည်ရွယ်ချက်ဖြင့်ကျင်းပသော မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ဂုဏ်ပြုရေးသားလိုက်ရပေသည်။

# မန္တလေးဈေးကွက်တွင် နောင်ချိုဒေသထွက်အာလူးများ တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ ခန့်ထိ ဈေးကောင်းရရှိနေ



**မန္တလေး ဒီဇင်ဘာ ၇**

မန္တလေး ဈေးကွက်တွင် နောင်ချိုဒေသထွက် အာလူးများ တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ ခန့်ထိ ဈေးကောင်းရရှိနေကြောင်း အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေးဈေးကွက်အတွင်း နိုဝင်ဘာလနောက်ဆုံးပတ်က အာလူးများ အရောင်းအဝယ်အနည်းငယ်အေးနေခဲ့ကြောင်း၊ ယခုလက်ရှိတွင် မန္တလေးဈေးကွက်အတွင်း၌ နောင်ချိုဒေသထွက် အာလူးများ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခု လတ်တလောကတော့ နောင်ချိုဘက်ကနေ ထွက်ရှိတဲ့ အာလူးတွေ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်တော်တော်လေး ကောင်းနေပါတယ်။ အာလူးတွေ အဝယ်လိုက်နေတာကြောင့် ဈေးကွက်ထဲ ကုန်စည်လက်ကျန်ရှားလာပြီး ဈေးကောင်းရလာတာဖြစ်ပါတယ်။ အာလူးက နောင်ချို၊ မုံရွာ၊ ဟဲဟိုးစတဲ့ ဒေသတွေက ထွက်ရှိပြီး မန္တလေးဈေးကွက်ထဲမှာ အခုလတ်တလော နောင်ချိုဘက်ကထွက်ရှိတဲ့ အာလူးတွေ အရောင်းအဝယ်ပြန်ကောင်းလာပြီး ဈေးကောင်းရနေပါတယ်"ဟု အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း နိုဝင်ဘာလနောက်ဆုံးပတ်က ပြည်တွင်းမှထွက်ရှိသည့် အာလူး တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀ သာရှိခဲ့သော်လည်း ယခုလက်ရှိ အာလူးတစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ ခန့်ထိ ပေါက်ဈေးရှိပြီး အာလူးများ ဈေးကောင်းရလာကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်တွင် ပဲပုပ်(ရှမ်း)အရောင်းအဝယ်ကောင်းလာပြီး ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၇၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဒီဇင်ဘာ ၇**

မန္တလေးဈေးကွက်တွင် ပဲပုပ်(ရှမ်း) အရောင်းအဝယ်ကောင်းလာပြီး ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၇၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းမှ ထွက်ရှိသည့် ပဲပုပ်(ရှမ်း)များကို ယခုလက်ရှိတွင် ပြည်ပမှ ဝယ်ယူမှုများရှိလာကြောင်း၊ နိုဝင်ဘာလ နောက်ဆုံးပတ်အတွင်းက ပဲပုပ်(ရှမ်း)များ မန္တလေးဈေးကွက်အတွင်း၌ အရောင်းအဝယ်အေးနေခဲ့ကြောင်း၊ ယခုလက်ရှိတွင် ပြည်တွင်း၌ ပဲပုပ်(ရှမ်း)များ အရောင်းအဝယ် ကောင်းမွန်လာသဖြင့် မန္တလေးဈေးကွက်၌လည်း အရောင်းအဝယ် ကောင်းလာကြောင်း သိရသည်။

"အခုလက်ရှိအချိန်မှာ ပဲပုပ်(ရှမ်း)တွေကိုပြည်ပကတော့ ပြည်တွင်းကပါ ဝယ်ယူမှုအားကောင်းလာတာကြောင့် အရောင်းအဝယ်ကောင်းလာပြီး မန္တလေးဈေးကွက်ထဲမှာ ဈေးကောင်းပြန်ရနေပါတယ်။ ပဲပုပ်(ရှမ်း)ကတော့ ပြည်တွင်း ဈေးကွက်မှာကော ပြည်ပကပါ အဝယ်တော်တော်လေး လိုက်လာတာကြောင့် ဈေးကောင်းရနေတယ်။ အခု မန္တလေးဈေးကွက်ထဲမှာလဲ ပဲပုပ်(ရှမ်း)အသစ်တွေဝင်လာပြီး ဈေးကောင်းရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ယခင်နိုဝင်ဘာလနောက်ဆုံးပတ်အတွင်းက ပဲပုပ်(ရှမ်း)ဈေးနှုန်းမှာ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း ယနေ့တွင် ပဲပုပ် (ရှမ်း)ဈေးနှုန်းမှာ ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၇၀၀၀ ထိ ပေါက်ဈေးရှိပြီး ဈေးကောင်း ရရှိလာကြောင်း သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီးတွင် အကောက်ခွန်ရှင်းလင်းရေး အေဂျင်စီထူထောင်နိုင်ရန် သင်တန်းဖွင့်လှစ်ပို့ချသွားမည်

**မန္တလေး ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကုန်သည်လုပ်ငန်းရှင်များ အကောက်ခွန်ရှင်းလင်းရေး အေဂျင်စီထူထောင်နိုင်ရန် ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း သင်တန်းဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြ၍ သိရသည်။

အဆိုပါ သင်တန်းကို မန္တလေးတိုင်းဒေသကြီးအတွင်း၌အကောက်ခွန်ရှင်းလင်းရေးအေဂျင်စီများ လိုအပ်လာသည့်အတွက် မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနနှင့်ပူးပေါင်းပြီး ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းကို ဇန်နဝါရီလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်သော်လည်း သင်တန်းကာလ မသတ်မှတ်ရသေးကြောင်း၊ ယခုအခါ သင်တန်းတက်ရောက်မည့် လူဦးရေစာရင်းကို လက်ခံနေကြောင်း၊ သင်တန်းကို ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အကောက်ခွန်ရှင်းလင်းရေး အေဂျင်စီထူထောင်နိုင်ဖို့သင်တန်းပို့ချဖွင့်လှစ်ရတဲ့ရည်ရွယ်ချက်ကတော့ တိုင်းဒေသကြီးအတွင်းက ပို့ကုန်လုပ်ငန်းရှင်တွေအတွက်ပါ။ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်တွေကလဲ တိုင်းဒေသကြီးအတွင်းမှာ ရှိလာပြီဖြစ်တဲ့အတွက် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းစဉ်တွေကို မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းနဲ့ တမူး၊ လွယ်ဂျယ်၊ ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းတွေမှာလဲ အေဂျင်စီတွေအကောက်ခွန်ရှင်းလင်းရေးသင်တန်းတွေ ဖွင့်လှစ်ဆောင်ရွက်နိုင်အောင်၊ ကျွမ်းကျင်ပညာရှင်တွေဖြစ်အောင် သင်တန်းကို ဖွင့်လှစ်ပို့ချပေးမှာပါ။ သင်တန်းမှာ အကောက်ခွန်နဲ့ပတ်သက်တဲ့အကြောင်းတွေ သင်ကြားပေးမှာပါ။ သင်တန်းပြီးသွားရင်လဲ အကောက်ခွန်ဦးစီးဌာနက သင်တန်းဆင်းလက်မှတ်တွေ ပေးသွားမှာပါ။ နိုင်ငံတကာနဲ့ ကုန်သွယ်တဲ့နေရာမှာ အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းက အရေးကြီးပါတယ်။ ပြည်တွင်းမှာဆောင်ရမဲ့ အခွန်အခတွေ၊ ပြည်ပမှာ ဆောင်ရွက်ရမဲ့ အခွန်အခတွေ တွက်ချက်ပြီး အေဂျင်စီအနေနဲ့ ဆောင်ရွက်ပေးတာပါ"ဟု ဦးဝင်းဌေးကပြောပြသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၅ ဦးမှ ဦးရေ ၃၀ ထိ လက်ခံသွားမည်ဖြစ်ပြီး သင်တန်းကို အကောက်ခွန်ဦးစီးဌာနမှ ကျွမ်းကျင်ဆရာများက သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လားရှိုးခရိုင် မြို့နယ်သုံးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၉၇၉ ကေနှင့် ဖူးစားပြောင်း ၂၇၁ ကေ စိုက်ပျိုးပြီးစီး

**လားရှိုး ဒီဇင်ဘာ ၇**

လားရှိုးခရိုင် မြို့နယ် သုံးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၉၇၉ ကေနှင့် ဖူးစားပြောင်း ၂၇၁ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းထံမှ သိရသည်။

လားရှိုးခရိုင်အတွင်း လားရှိုးမြို့နယ်၊ သိန္နီမြို့နယ်၊ ကွမ်းလုံမြို့နယ်တို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နိုဝင်ဘာလပထမပတ်မှစတင်၍ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းများကိုစတင်စိုက်ပျိုးလျက်ရှိရာ ယနေ့ထိအစေ့ထုတ်ပြောင်းလျာထားကေ ၂၄၉၀ တွင် ၉၇၉ ကေနှင့် ဖူးစားပြောင်းလျာထား ၁၆၁ ကေတွင် ၂၇၁ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"လားရှိုးခရိုင်တွေထဲကမြို့နယ်သုံးမြို့နယ်မှာ ဆောင်းသီးနှံအစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းစိုက်တောင်သူတွေအတွက် လယ်ယာသုံးစက်ကိရိယာတွေ၊ မျိုးစေ့တွေ၊ သွင်းအားစုတွေ အချိန်မီရရှိစေဖို့ သက်ဆိုင်ရာ စက်မှုလယ်ယာဦးစီးဌာနတွေ၊ ကုမ္ပဏီတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးပါတယ်။ အထွက်နှုန်းနဲ့ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးတတ်စေဖို့အတွက် ပြောင်းသီးနှံစံပြစိုက်ကွက်တွေကိုလဲ ဖော်ဆောင်ပေးနေပါတယ်။ စိုက်နည်းစနစ်ဆိုင်ရာ တောင်သူပညာပေးသင်တန်းတွေကိုလဲ ဖွင့်လှစ်ပို့ချပေးနေပါတယ်။ ဒါ့ပြင် ရာသီအလိုက် ကျရောက်တတ်တဲ့ ပိုးမွှားအန္တရာယ်ကာကွယ်ရေးအသိပညာပေးလုပ်ငန်းတွေကိုလဲ တောင်သူတွေရဲ့ စိုက်ကွင်းတွေအရောက် လိုက်လံဆောင်ရွက်ပေးတယ်"ဟု ရှမ်းပြည်နယ် (မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြသည်။

လားရှိုးခရိုင်အတွင်းရှိ မြို့နယ်များတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းစိုက်ပျိုးပြီးစီးမှုမှာ လားရှိုးမြို့နယ်တွင် အစေ့ထုတ်ပြောင်းကေ ၁၃၀၊ ဖူးစားပြောင်းကေ ၅၀၊ သိန္နီမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၅၁၂ ကေ၊ ဖူးစားပြောင်း ၅၂ ကေ၊ ကွမ်းလုံမြို့နယ်တွင် အစေ့ ထုတ်ပြောင်း ၃၃၇ ကေ၊ ဖူးစားပြောင်း ၁၆၉ ကေတို့ဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ဝင်းက ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ကိုမင်းသိမ်းထွန်း-မဝေမိကျော်ဦးတို့၏ မင်္ဂလာဦးအထိမ်းအမှတ်အဖြစ် တစ်နေ့တာဆွမ်းအတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏ၊ အဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့မှူးတို့က လက်ခံရယူစဉ်။

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိကာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ ၁၄၁၁၀၄၇ ဒသမ ၇၆၆ တန် တင်ပို့ထား



**ရန်ကုန် ဒီဇင်ဘာ ၇**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိကာလအတွင်း မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ ၁၄၁၁၀၄၇ ဒသမ ၇၆၆ တန် တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောပြ၍သိရသည်။

ထိုသို့တင်ပို့ရာတွင် ပြည်ပနိုင်ငံများသို့ ဧပြီလတွင် ဆန်နှင့်ဆန်ကွဲ ၂၅၀၉၄၆ ဒသမ ၈၆၆ တန်၊ မေလတွင် ဆန်နှင့်ဆန်ကွဲ ၁၅၃၅၀၆ ဒသမ ၅ တန်၊ ဇွန်လတွင် ဆန်နှင့်ဆန်ကွဲ ၁၄၆၀၉၄ တန်၊ ဇူလိုင်လတွင် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁၈၂၅၉၀၊ ဩဂုတ်လတွင် ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၅၆၈၉၃ တန်၊ စက်တင်ဘာလတွင် ဆန်နှင့်ဆန်ကွဲ ၉၃၇၉၁ ဒသမ ၇ တန်၊ အောက်တိုဘာလတွင် ဆန်နှင့်ဆန်ကွဲ ၁၆၁၁၈၈ ဒသမ ၇ တန်၊ နိုဝင်ဘာလတွင် ဆန်နှင့်ဆန်ကွဲ ၂၆၄၀၃၇ တန် စုစုပေါင်းဆန်နှင့်ဆန်ကွဲ ၁၄၁၁၀၄၇ ဒသမ ၇၆၆ တန် တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်ကနေ အောက်တိုဘာ ၃၀ ရက်ထိကာလအတွင်း ဆန်နဲ့ဆန်ကွဲတင်ပို့နိုင်မှု အနေအထားကတော့ စုစုပေါင်း ဆန်နဲ့ဆန်ကွဲ ၁၄၁၁၀၄၇ ဒသမ ၇၆၆ တန် တင်ပို့ခဲ့ပြီးဖြစ်ပါတယ်။ ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းကနေ အများဆုံး တင်ပို့ထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ရည်မှန်းတာကတော့ ဒီဘဏ္ဍာနှစ်မှာ တန်ချိန်နှစ်သန်းကျော် တင်ပို့နိုင်မယ်လို့ ရည်မှန်းထားပါတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောပြ၍ သိရသည်။

ASH

# မူဆယ်မြို့နယ် မန့်နောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မူဆယ် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် မန့်နောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မူဆယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်၊ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာတွင်းလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ မန့်နောင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်က ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ ကျေးရွာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ကွန်ကရစ်လမ်းရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မူဆယ်မြို့နယ် မန့်နောင်ကျေးရွာတွင် အရှည်ပေ ၄၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ အသုံးပြု၍ မူဆယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် အောက်တိုဘာလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မူဆယ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်က ပြောပြ၍ သိရသည်။ **မြတ်ဆု**

# မြေပုံမြို့နယ် ကံသာကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းဆောင်ရွက်မှု စစ်ဆေး

**မြေပုံ ဒီဇင်ဘာ ၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကံသာကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၆ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မြေပုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ကံသာကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဘစောက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြေပုံမြို့နယ် ကံသာကျေးရွာ၌ အလျား ပေ ၁၅၀၊ အနံ ပေ ၁၅၀၊ အနက် သုံးပေရှိ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို ပြည်ထောင်စု(မွမ်းမံ) ရန်ပုံငွေကျပ် ၇ ဒသမ ၀၆ သန်းဖြင့် Sein Mya ကုမ္ပဏီက တာဝန်ယူ၍ အောက်တိုဘာ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကံသာကျေးရွာရှိ အိမ်ခြေ ၂၇၄ အိမ်၊ လူ ၁၂၃၉ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း မြေပုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောက ပြောပြ၍ သိရသည်။

**ကိုသန်း**



# စလေဆရာ ဦးပုည၏ စာပေစွမ်းရည်

ပုသိမ်အောင်သန်းဦး

ကဗျာကဝေ ဆရာစလေဟူ၍ မြန်မာစာပေသမိုင်းတွင် ထင်ရှားကျော်ကြားခဲ့သော စာဆိုတော် "စလေဦးပုည"သည် ကုန်းဘောင်ခေတ်တွင် ပေါ်ထွန်းခဲ့ပါသည်။ စလေဦးပုညသည် ကဗျာ၊ တေးထပ်၊ မေတ္တာစာများ များစွာရေးခဲ့သည့် စာဆိုကြီးဖြစ်သည်။ အင်္ဂလန်က ကမ္ဘာ့ကျော်ပြဇာတ်ဆရာကြီး ရှိတ်စပီးယားနှင့် ထပ်တူအနှိုင်းခံခဲ့ရသည့်စာဆိုတော်ဖြစ်သည်။

ဆရာစလေသည် ဘုရားဟောဇာတ်နိပါတ်များစွာကိုလည်း သူ့ခေတ်က ကဗျာ၊ စကားပြေ၊ ပြဇာတ်များဖြင့် ရေးဖွဲ့သရုပ်ဖော်ခဲ့ပါသည်။ သူ့ခေတ်က တေးထပ်ဘုရင်ဟုဆိုရလောက်အောင် တေးထပ်အရေးကောင်းလှသူလည်းဖြစ်ပါသည်။

ဆရာစလေ၏ စာပေစွမ်းရည်အကြောင်းပြောရလျှင် "ဆဒ္ဒန်ဆင်မင်း"ဝတ္ထုကို သရုပ်ဖော်ရေးသားထားသည့် စာပေလက်ရာစွမ်းများကို ချန်ထား၍ မရပါ။ ဆဒ္ဒန်ဆင်မင်းဝတ္ထုကို အနှစ်ချုပ်ပြီး ပထမဖော်ပြချင်ပါသည်။ ဆဒ္ဒန်ဆင်မင်းသည် ဟိမဝန္တာတောမြိုင်ကြီး၏အလယ် ဆဒ္ဒန်အိုင်ကြီး၏ အနောက်ဘက်ရှိ ဂူကြီးတွင် နေထိုင်ခဲ့သည်။ ဆဒ္ဒန်ဆင်မင်းတွင် စူဠသုဘဒ္ဒါ၊ မဟာသုဘဒ္ဒါအမည်ရှိ ဆင်မိဖုရားနှစ်ပါးရှိသည်။ တစ်နေ့ ဟိမဝန္တာတောကြီးအတွင်းက အင်ကြင်းပင်ကြီးတွင် အင်ကြင်းပန်းများ တဝေဝေပွင့်နေသည်ကို မြင်တွေ့ပြီး ဆဒ္ဒန်ဆင်မင်းက ငွေစင်မကိုင်ချိုးကင်းနှင့် ထွေ့ဝိုက်ပြီး ပန်းများကို ဆွတ်ခြွေပေးသည်။

ထိုအချိန်တွင် စူဠသုဘဒ္ဒါမိဖုရား၏ကိုယ်ထက်ပေါ်ကို သစ်ခြောက်သစ်ခက်၊ ပုရွက်ပဆုပ်၊ ခါချဉ်ထုပ်တို့သည် လှုပ်တိုင်းကြွေကျလာပြီး မဟာသုဘဒ္ဒါဆင်မိဖုရားကြီး၏ကိုယ်ပေါ်ကို ပန်းပွင့်၊ ပန်းငုံ၊ ပန်းဝတ်မှုန်တို့သည် စုပုံကြွေကျလာသည်။

ထိုအဖြစ်အပျက်ကြောင့် စူဠသုဘဒ္ဒါဆင်မိဖုရားက ဤဆင်မင်းကား ချစ်ခြင်းမညီ၊ မဟာသုဘဒ္ဒါဆင်မိဖုရားကိုသာ မေတ္တာသက်ဝင်ချစ်ခင်တော်မူသည်။ ငါ့ကိုကား မချစ်မခင်၊ အသရေဖျက်သစ်ခက်သစ်ခြောက်၊ ပိုးလောက်ခြွေချ၊ အရှက်ရအောင်၊ ငါ့အားသူနှိပ်စက်ခဲ့ပြီဟူ၍ ရန်ငြိုးဖွဲ့တော်မူလေသည်။

ထို့နောက်စူဠသုဘဒ္ဒါဆင်မိဖုရားသည် ငါးရာသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့အား နတ်သုဓာနှင့်တူသော ကြာစွယ်ကြာရင်း၊ ထုံသင်းမွှေးကြည်၊ ကြာပျားရည်တို့ဖြင့် လှူဒါန်းဆက်ကပ်ကာ ဤသို့ဆုတောင်းလေသည်။

"အကျွန်ုပ်ပြုရသော ဤကုသိုလ်စေတနာကြောင့် ဤခန္ဓာပြောင်းကြွေလျှင် လူဘဝ၊ လူ့ခေတ်တွင်ဧကရာဇ်မင်းများ၏ မိဖုရားအကြီး၊ ရှုမငြီးမူရာ၊ ချစ်မငြီးအင်္ဂါနှင့် သုဘဒ္ဒါအမည်တွင်၍ ညာပလ္လင်ဘုံပျံ့ဝယ်၊ ရှစ်သောင်းခြွေရံလျက်စံရသည်ဖြစ်စေသား၊ ဇာတိဿရဉာဏ်ကိုလည်း ရပါစေသော်၊ ထိုကာလထိုအခါ၊ ဤဆဒ္ဒန်အိုင်သာဝယ်၊ သုဘဒ္ဒါချစ်ရင်း၊ ဤဆဒ္ဒန်ဆင်မင်းကို၊ သေခြင်းဆိုးသေစေ၍၊ ရောင်ခြောက်ထွေလျံ့ပတ်သော စွယ်တော်မြတ်အစုံကို၊ စိတ်အာရုံကြိုက်တိုင်းဖြင့် ဖြတ်ပိုင်း၍ယူနိုင်သည်ဖြစ်စေသော်" ဟူ၍ ဆုတောင်းခဲ့လေသည်။

စူဠသုဘဒ္ဒါဆင်မိဖုရား ကွယ်လွန်ပြီးနောက် ဗာရာဏသီမင်းကြီး၏မိဖုရားဖြစ်လေလျှင် မင်းကြီးသည် မိဖုရားအား အလွန်ချစ်ခင်တော်မူလေသည်။ တစ်နေ့သော် မိဖုရားကြီးသည် မင်းကြီးထံ အခစားမဝင်ပျော်ရွှင်ခြင်းလည်းမရှိ၊ ပွဲတော်လည်းမသုံး၊ နှလုံးမသာယာနှင့် အိပ်ရာထက်စက်ခွေတော်မူနေသည်ကို မင်းကြီးမြင်ပြီး အကြောင်းစုံမေးရာ သုဘဒ္ဒါမိဖုရားကြီးက-

"ကာသိတိုင်းတွင်ရှိသော မုဆိုးအပေါင်းကို နန်းရင်ပြင်မှာစည်းဝေးပါစေတော့ဘုရား၊ မုဆိုးတွေစုံမှ ကျွန်မအကြံကို ရေမြေ့သခင်အား အသနားခံပါမယ်" ဟု လျှောက်ထားရာ မုဆိုးအပေါင်းတို့အနက်-

စာသူငယ်ကြား၊ လင်းတနားသကဲ့သို့ မုဆိုးများ အလယ်တွင် ကြောက်ဖွယ်ကျားတား၊ ကြီးမားမြင့်မောက်သောကိုယ်လည်းရှိသည့် ဤလူယုတ် လူကြမ်းလူသွမ်းတို့လက္ခဏာနှင့်ပြည့်စုံသော ဤမုဆိုးကို ခိုင်းရသော်၊ ကြံတိုင်းမြောက်ရာ၏ဟုတွေးဆကာ သောနုတ္တရမုဆိုးကိုခေါ်ပြီး အထက်နန်းတော်ပြာသာဒ်ကို တက်ကာ ဆင်မင်းနေရာ ဟိမဝန္တာတောင်ခရီးလမ်းကို ညွှန်ပြတော်မူလေသည်။

"ကဲ. . . မုဆိုးကြီး ဆဒ္ဒန်ဆင်မင်းရဲ့အစွယ်ကို ရအောင်သာဖြတ်ယူခဲ့ပါ။ သင့်ကို တစ်သိန်းစီကွမ်းဖိုးထွက်တဲ့ ရွာငါးရွာကို အပိုင်စားပေးမယ်"ဟုဆိုသောအခါ မုဆိုးကြီးက သွားပါမည်ဟုဆိုပြီး ဆဒ္ဒန်အိုင်ကို ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်ကြာသည့်အခါရောက်လေ၏။

"ဆဒ္ဒန်အိုင်အနီးရောက်သည့်အခါ ဆင်မင်းနေသည့်နေရာ၊ ဆင်မင်း၏အသွားအလာ၊ အထားအနေ၊ ရေဆင်းရေတက်အချက်ချက်ကို ကွယ်ဝှက်ပုန်းအောင်း၊ ချောင်းမြောင်းဆင်ခြင်၊ သိမြင်သောအခါ၊ ဝိသာလမာလကအရပ်တွင် ဥမင်ပေါင်းကူး၊ မြေကိုတူး၍၊ မြားဦးစိန်ရွက်၊ ဆင်မင်းချက်နှင့် ချိန်လျက်ထုတ်ချောက်၊ အထက်ကဖောက်ပြီးလျှင်၊ ဒေါက်ချာဆံကျစ်၊ ဖန်နှစ်နီမြန်း၊ သင်္ကန်းရဲရဲ၊ ဆင်ဝတ်လဲ၍၊ လည်ဆွဲပုတီး၊ တရပတ်ကြီးများနှင့် မထီးသီလဝံ၊ တကဲ့ရှင်ကဲ့သို့၊ ဥမင်ဒေါင့်က၊ သူကောင့်သားကြီး၊ အနုကြမ်းစီးမည်ဟု၊ အပြီးစောင့်လျက်နေလင့်၏။"

သောနုတ္တရမုဆိုး၏ ဆဒ္ဒန်ဆင်မင်းကို မြေအောက်ဥမင်မှ မြားနှင့်ပစ်ခွင်းရန် စောင့်ဟန်ကို ဆရာစလေဦးပုညက ကွက်ကွက်ကွင်းကွင်းရေးပြထားပါသည်။ ဆဒ္ဒန်ဆင်မင်းရေချိုးပြီး၍ သောနုတ္တရမုဆိုး ပုန်းလျှိုးနေရာ ဝိသာလမာလကထာဝရအရပ်တွင် ချဉ်းကပ်နားနေတော်မူစဉ် ဆင်မင်း၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများက လျောဖိတ်လာသည့်ရေစက်များသည် ချက်တော်က စုဆင်းပြီး မြားတွင်းသို့ဝင်လာသည်နှင့် မုဆိုးက အခါအခွင့်သင့်ပြီဆိုကာ-

"ဗိုလ်တစ်ထောင်တင် လေးကို ကွေးအောင်အပြင်းငင်ပြီး လျှင်လှတဲ့မြားဟုန်နဲ့ အားကုန်လွှတ်လိုက်ပါတော့တယ်. . . "

"ဆင်မင်းချက်ကို၊ မြားစက်လျှပ်လျှပ်၊ စိန်သွားဟပ်၍၊ သည်းချပ်အူမ မွမွပြတ်ကြွေ၊ ထောင်းထောင်းကျေအောင်၊ နှောက်မွှေကုန်စင်၊ ကျောက်ကိုထွင်း၍၊ ကောင်းကင်သို့မြားတက်လေသတည်း"

ဆရာဦးပုညက သောနုတ္တရမုဆိုး မြားပစ်ပုံ၊ ဆဒ္ဒန်ဆင်မင်းကို မြားမှန်ဖောက်ထွင်းခဲ့ပုံကို အထက်ပါအတိုင်း ထိထိမိမိရေးဖွဲ့ပြထားပါသည်။

ထို့ပြင် ဆဒ္ဒန်ဆင်မင်းက ယခုလာသောမြားသည် ဘေး ဝဲ၊ ယာမှလာသည့်မြားမဖြစ်နိုင်၊ မြေအောက်ကသာလာသည့်မြားဖြစ်ရမည်ဟုသုံးသပ်ကာ ဘူမိခြေရပ် ခွာတော်နှင့်ရှပ်သည်တွင် ပျဉ်ချပ်ကျိုး၍ မုဆိုးငုတ်တုတ်ပေါ်လေ၏ဟု ဖွဲ့ဆိုကာ-

ဆဒ္ဒန်ဆင်မင်းသည် ဒေါသအမျက်၊ ခြောင်းခြောင်းထွက်ကာ သတ်တော့မည်အလုပ် မုဆိုး၏ဦးခေါင်းကို နှာမောင်းနှင့်ဆွဲမတင်လိုက်လေသည်။ ထိုအခါ မုဆိုးလည်းအကြံရပြီး ကိုယ်တွင်ဝတ်ဆင်ထားသည့်သင်္ကန်းကိုခွာကာ ဆဒ္ဒန်ဆင်မင်း၏ နှာမောင်းအထက်၌ ခေါက်လျက်တင်လိုက်လေသည်။ ဆဒ္ဒန်ဆင်မင်းလည်း ဤလူယုတ်ကိုသတ်မိလျှင် တရားဂိုဏ်းမလွတ်ဟု တွေးမိပြီး-

"အသင်မုဆိုး၊ ကိလေသာထူပြောသူဟာ ဖန်ရည်အပြည့်ရှိတယ်။ ဣန္ဒြေကိုဆုံးမခြင်း၊ သစ္စာစောင့်ခြင်းကင်းတယ်။ အဲဒီသူယုတ်ဟာ ဖန်ရည်စွန်းတဲ့သင်္ကန်းကို မဝတ်ထိုက်၊ ကိလေသာစင်ကြယ်တဲ့သူမြတ်တွေသာ ဖန်ရည်စွန်းတဲ့သင်္ကန်းကို ဝတ်ဆင်သင့်တယ်။ အချင်းမုဆိုး ဘယ်လူမျိုးမှ ကြံစည်မရဲ၊ ကြံဝံ့ခဲ့တဲ့ အကြံကိုကြံပြီး ငါသို့သောဆင်ကို အရှင်လတ်လတ်သင်သတ်တဲ့အတွက် သင့်မှာ ဘယ်လိုအကျိုးထူးတွေ ရမှာမို့လဲ"

ဆဒ္ဒန်ဆင်မင်း၏အမေးကို သောနုတ္တရမုဆိုးက ဤသို့ဖြေပါသည်။ ဤတွင် ဆရာစလေဦးပုည၏ စာပေစွမ်းရည်ကို မြင်ရပါတော့သည်။

"ဆင်မင်းသခင်ထိပ်ခေါင်တင်၊ လူအိုမုဆိုး၊ ကျွန်တော်မျိုးကား၊ ကိုယ်ကျိုးဆန္ဒ၊ ကိုယ့်ကိစ္စကြောင့်၊ သတ်ရသည်မဟုတ်ပါ။ ကာသိမင်း၏၊ သက်နှင်းတောင်ညာ၊ သုဘဒ္ဒါဟု၊ အဆာကျယ်လှ၊ ရှင်ဘုရင်မကြီးက၊ မြမရှား၊ စိန်မရှား၊ အလွန်ပင်များသည်ကို၊ နားလေးလေဟန်၊ ဆင်စွယ်မှပန်လိုသည်၊ သာမန်ဂုဏ်ငယ်၊ ဆင်နက်စွယ်များကိုလည်း၊ နားဝယ်လက်မခံ၊ ညီစော်နံသည်ဟု၊ ရွံသတဲ့ဘုရား၊ ထိပ်ထားဘုန်းမော်၊ ဆင်မင်းကျော်၏၊ စွယ်တော်နှစ်ချောင်း၊ ခြောက်ရောင်မောင်းကိုသာ၊ နားတောင်းပွတ်၍၊ ဆင်ဝတ်တော်မူလိုသည်၊ ဆဒ္ဒဘုန်းကြွယ်၊ ကိုယ်တော်မြတ်အစွယ်ကို၊ နားဝယ်လှလှ၊ မဆင်ရလျှင်၊ စိတ်ချပေရော့၊ သူသေပါတော့မည်ဟု၊ ရွှေနန်းကြော့ရှင်၊ သူ့ချစ်လင်၏၊ ရင်ခွင်ကြားမှာ၊ ခေါင်းထား၍အသော့ငိုပါတော့သည်ဘုရား"

အလျှောက်ကောင်းလှသည့် သောနုတ္တရ၏စကားများကြောင့် သုဘဒ္ဒါမိဖုရား၏ လိုအင်ဆန္ဒပြင်းပြပုံ၊ ဆဒ္ဒန်ဆင်မင်း၏အစွယ်မှ သူ့နားတွင်မပန်ရလျှင် သေရပါတော့မည်ဟု သူ့ယောက်ျားရှင်ဘုရင်ကြီးထံ ငိုယိုကာတောင်းဆိုပုံများကို ကွက်ကွက်ကွင်းကွင်းမြင်နေရပါတော့သည်။ ထို့ပြင် ဆရာစလေဦးပုညက ဆက်ပြီးဖွဲ့နွဲ့ပြပြန်သည်။

"ပင်ပန်းလှိုက်ဖို၊ သူ့မယားငိုတည့်လျှင်၊ ဟိုလူကြီးက၊ ပြာရီးပြာရာ၊ ပဇာအရေး၊ မတွေးမမြော်၊ ကျွန်တော့်ကိုခေါ်ပြီးလျှင်၊ ဟဲ့ နော်လုဒ္ဒက၊ ဆင်စွယ်ကို မရလျှင်၊ ဇီဝနတ္ထိ၊ နင်သေမည်သိဝံ့ဟု၊ မင်းသမီးမာန်စွဲနှင့်၊ အံခဲ၍မိန့်ရာတွင်၊ ခုသေမလောက်၊ ကျွန်တော်မျိုးကြောက်လှ၍၊ မားအောက်ကသာ၊ အနိုင်နိုင်ခွာပြီးမှ၊ တောမှာပင်သေသေ၊ ဖြစ်လိုရာဖြစ်စေဟု၊ မသွေမဖောက်၊ ဆက်ပါမည်လျှောက်သည်တွင်၊ နှစ်ယောက်စလုံး တပြုံးပြုံးနှင့်၊ အသုံးကံကြွေး၊ ငါးရွာစားပေးပြီးလျှင်၊ ကျေးဇူးရှင်မ၊ သူကိုယ်တိုင်လမ်းပြ၍၊ ဘုန်းဘုရားစွယ်တော်မြတ်ကို၊ အဖြတ်ကျွန်တော်ရောက်ပါသည်"

သောနုတ္တရမုဆိုးက ဆဒ္ဒန်ဆင်မင်း၏အစွယ်ကိုဖြတ်ရန် စေခိုင်းကြပုံကို ဆရာစလေဦးပုညက လှပသွက်လက်သည့်စကားလုံးများဖြင့် ထိထိမိမိတင်ပြနိုင်ရုံသာမက သူ့၌အပြစ်မရှိပုံကို ဤသို့လျှောက်တင်ပြန်သည်။

"အစွယ်လိုသူမိဖုရား၊ အသွားစေခိုင်းသူ မင်းဧကရာဇ်၊ လေးမြားပစ်သူဘုရားကျွန်တော်၊ ကြံဖော်ကြံဖက်၊ သုံးယောက်သားအနက်တွင်မှ၊ ကံကွက်ကျား၍၊ ငမိုက်သားမုဆိုးလေ. . . နင့်ချည်းပင်သေပေတော့ဟု၊ ငွေတောင်ကြီးအဟန်၊ ဆဒ္ဒန်မင်းမြတ်၊ ကျွန်တော့်အား သတ်လျှင်လည်း၊ မလွတ်နိုင်ရာ၊ သေရပါတော့မည်၊ ကရုဏာရှေးရှု၊ လွှတ်တော်မူလျှင်လည်း၊ လူမလိမ္မာ၊ ကျွန်မိစ္ဆာသည်၊ ချမ်းသာရပါတော့မည်ဘုရား"

ဆရာစလေဦးပုညက လူများ၏စရိုက်သဘာဝကို သရုပ်ဖော်ရာတွင် အရေးကြုံလာလျှင် ကိုယ်လွတ်ရုန်းတတ်ပုံ၊ မယားအလိုကျ သင့်၊ မသင့်၊ လျော်၊ မလျော် မစဉ်းစားမဝေဖန်တတ်သည့် တဏှာဝင်ပူး၊ လူ့ဘီလူးကြီးများ၏ သရုပ်လည်းပေါ်စေပြီး ရန်ငြိုးရန်စ ကြီးမားလှသည့် မိန်းမဆိုးများ၏ အကျင့်စရိုက်သရုပ်ပေါ်အောင်လည်း ဖွဲ့နွဲ့ပြထားသည်မှာ အံ့မခန်း သူ့စာပေစွမ်းရည်ပင်ဖြစ်ပါသည်။

နောက်ဆုံး သောနုတ္တရမုဆိုးကို သူ့အစွယ်ကို သူကိုယ်တိုင်ဖြတ်ပြီး ပေးလိုက်ပုံကို လွမ်းမောဖွယ်ဖွဲ့ဆိုပြပါသည်။

"မောင်မင့်သခင်၊ ပလ္လင်ညာရံ၊ ရွှေဘုံပျံမှာ၊ စံပေသည့်နတ်၊ မယ်သုဘဒ်ကို၊ ဆက်ဆက်သဘော၊ ငါမှာတိုင်းပြောပါလေ၊ တောဟေမာချောင်၊ အိုင်သာခေါင်တွင်၊ ငွေတောင်ကြီးအသွင်၊ ခင်မလင်ကို၊ အရှင်လတ်လတ်၊ သင်စေ၍သတ်ခဲ့ပြီ၊ စွယ်တော်မြတ်နှစ်ချောင်း၊ ခြောက်ရောင်မောင်းကိုလည်း၊ ငှင်းဆင်ကြီး၊ မသေခင်ဖြတ်လှီး၍၊ သွေးစီးသံထွက်၊ နာကျင်စွာနှိပ်စက်၍၊ အသက်ဆုံးခဲ့ပါပြီ၊ ဤစွယ်စုံကို၊ ရွှေဘုံသူမှန်ကူ၊ သုံးရက်တော်မူသေးလျှင်၊ ရန်သူ၏အစွယ်ကို၊ ရွှေလက်ဝယ်သပါမည်၊ အားရစိတ်ရွှင်၊ ကျေနပ်အောင်စီရင်၍၊ ပြုချင်တိုင်းပြုတော်မူပါတော့ဘုရားဟု၊ မောင်မင်းသခင်၊ မုန်းပင်စိုက်ပျိုး၊ ပြေချိန်တန်၍မှ၊ မပြေနိုင်ငြိုးတတ်သည့်၊ မုဆိုးတစ်ပိုင်း၊ မိန်းမရိုင်းကြီးကို၊ ငါမှာတိုင်းပြောပါလေ. . . "

ဆဒ္ဒန်ဆင်မင်းဝတ္ထုကို စလေဦးပုည သရုပ်ဖော်ရေးသားရာတွင် မန္တလေးနန်းတော်ကြီးအတွင်းက ဘုရင်နှင့်မိဖုရားများ၏ အဖြစ်သနစ်စရိုက်သဘာဝများကိုလည်း ပုံဖော်ရေးသားထားဟန်တူပါသည်။ အဓိကဇာတ်ကွက်ဖြစ်သည့် ဆဒ္ဒန်ဆင်မင်းကို သောနုတ္တရမုဆိုးက အသနားခံလျှောက်ထားခန်းက စကားလုံးများ၊ ဆဒ္ဒန်ဆင်မင်းက အစွယ်ကိုဖြတ်ပေးပြီး သူ့မယားဟောင်း စူဠသုဘဒ္ဒါကို အမှာခြွေသည့်စကားလုံးများကဖြင့် ဇာတ်ကွက်ကြီးတစ်ခုလုံး၏ အသက်သွေးကြောကြီးများအလား ပြောင်မြောက်ပြီး ရသဂုဏ်ပေါက်လျှမ်းလျှမ်းတောက်လှပါပေတကား။

❖ ဆရာစလေဦးပုညက လူများ၏စရိုက်သဘာဝကို သရုပ်ဖော်ရာတွင် အရေးကြုံလာလျှင် ကိုယ်လွတ်ရုန်းတတ်ပုံ၊ မယားအလိုကျ သင့်၊ မသင့်၊ လျော်၊ မလျော် မစဉ်းစားမဝေဖန်တတ်သည့် တဏှာဝင်ပူး၊ လူ့ဘီလူးကြီးများ၏ သရုပ်လည်းပေါ်စေပြီး ရန်ငြိုးရန်စကြီးမားလှသည့် မိန်းမဆိုးများ၏ အကျင့်စရိုက်သရုပ်ပေါ်အောင်လည်း ဖွဲ့နွဲ့ပြထားသည်မှာ အံ့မခန်း သူ့စာပေစွမ်းရည်ပင်ဖြစ်ပါသည်။ နောက်ဆုံး သောနုတ္တရမုဆိုးကို သူ့အစွယ်ကို သူကိုယ်တိုင်ဖြတ်ပြီး ပေးလိုက်ပုံကို လွမ်းမောဖွယ်ဖွဲ့ဆိုပြပါသည်။ ❖

**ကိုးကား**

– ဦးပုည၏ ဝတ္ထုပေါင်းချုပ်

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုပို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

## ကောင်းသောစကားဆိုကြမည်

- ကောင်းမွန်စွာ နေထိုင်ပြုပါလို့
ကောင်းကျိုးမှ ပြုရမည်၊
လောကဝယ် ဆင်ခြင်တရား
လေးစားသင့်သည်၊
ကောင်းစကား နှုတ်ဖွင့်တည်
မင်္ဂလာညီ ကျက်သရေရှိ၊
ရိုးသားစွာ အမှန်ပြောမှ
သောကကင်း၏။

- ရင်တွင်းဝယ် ဆိုစကား
အပိုက်မှား မပါရန်၊
ကောင်းစေချင် ဆန္ဒသုံး
ပြုံးပန်းတွေပန်၊
ဘဝတစ်ခု ပြုမွမ်းမံ
စကားလျှံ မဖြစ်ရေး၊
ချိုသာစွာ ယဉ်ကျေးလမ်းကို
လျှောက်လှမ်းစို့လေး။

- ခါးသီးစွာ ဆိုစကား
နှလုံးသား ထိခိုက်ပေ၊
ဆဲဆိုသော် လူပါညံ့
ကျိုးပဲ့ညက်တွေ၊
အေးချမ်းခြင်း ရောက်ပါစေ
စကားအခြေ တိုးတက်ဖို့၊
ကြမ်းတမ်းစွာ ပြောဆိုမှုကို
ရှောင်ပြုပါစို့။ ။

**မောင်မျိုးချစ်(အညာမြေ)**

# ယခုဘဏ္ဍာနှစ်တွင် နေပြည်တော်ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ်နှင့် အောင်လံမြို့နယ်၌ စနစ်ကျလယ်ယာမြေများ ဖော်ထုတ်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၇**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ စနစ်ကျလယ်ယာမြေများ ဖော်ထုတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဒီဇင်ဘာ ၆ ရက် သတင်းများအရ သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စနစ်ကျလယ်ယာမြေ ဖော်ထုတ်ရေးအဖွဲ့ (အထက်မြန်မာပြည်)က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း နေပြည်တော် ပြည်ထောင်စုနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် သဲဖြူကျေးရွာနှင့် မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျီရပ်ကုန်းကျေးရွာတွင် စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စနစ်ကျလယ်ယာမြေများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ပေးရာတွင် သဲဖြူကျေးရွာ၌ စနစ်ကျလယ်ယာမြေ ဧက ၁၅၀ နှင့် ကျီရပ်ကုန်းကျေးရွာ၌ စနစ်ကျလယ်ယာမြေ ၁၆၈ ဒသမ ၈၅ ဧကကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာများအတွက် စနစ်ကျ လယ်ယာမြေများ အကောင်အထည်ဖော်ဆောင်ရွက်ပေးရာတွင် သဲဖြူကျေးရွာအတွက် ပရီမီယံဒီဇယ်ဆီ ၉၇၄၈ ဂါလန်နှင့် ကျီရပ်ကုန်းကျေးရွာအတွက် ပရီမီယံဒီဇယ်ဆီ ၉၄၂၉ ဂါလန်လိုအပ်မည်ဖြစ်သည်။

ထို့ကြောင့် ယခုအခါ အဆိုပါ ကျေးရွာများတွင် စနစ်ကျလယ်ယာမြေများ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လိုအပ်သည့် ပရီမီယံဒီဇယ်ဆီများကို ပုဂ္ဂလိက လုပ်ငန်းရှင်များထံမှ ဝယ်ယူရေးအတွက် အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

SKL



# စလင်းမြို့နယ် ကျောက်ခဲကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျီးဖျားကျေးရွာအုပ်စု ကျောက်ခဲကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးခိုင်က စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်၊ အတိုးရငွေများဖြင့် မိမိတို့ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်း၊ စီမံကိန်း၏ သဘောသဘာဝနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပုံအဆင့်ဆင့်၊ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဆွေဇင်လှိုင်က ယခုနှစ်တွင် ထုတ်ချေးသည့် လုပ်ငန်းအမျိုးအစားနှင့် ချေးငွေပမာဏ၊ အတိုးနှုန်းမှာ သုည ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး အရင်းဆပ်ကာလမှာ တစ်နှစ်သတ်မှတ်ထားကြောင်း ရှင်းလင်းပြောကြားပြီး အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များသည် နဝမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသော အိမ်ထောင်စု ၁၃၂ စုကို ငွေကျပ် ၅၇ ဒသမ ၁၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းခိုး**

# ညောင်ရွှေမြို့နယ် ဝမ်းဘဲအင်းရွှေဒါးကျေးရွာ၌ အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်

**ညောင်ရွှေ ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်း ဖွင့်ပွဲကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက ဝမ်းဘဲအင်းရွှေဒါးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဖော်လင်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ညောင်ရွှေမြို့နယ် အတွင်းရှိ ကျေးရွာများတွင် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ မိသားစုဝင်ငွေ တိုးပွားလာစေရန်နှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ မြင့်မားလာစေရန် ရည်ရွယ်၍ အဆင့်မြင့်စက်ချုပ်သင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းမှ သင်ကြားပို့ချပေးမည့် သင်ခန်းစာများကို စိတ်ပါဝင်စားစွာ မှတ်သားလိုက်နာပြီး ပြင်ပတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင် နိုင်သည်ထိ ကြိုးစားသွားကြရန် မှာကြားသည်။

ထို့နောက် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဖော်လင်းနှင့် ညောင်ရွှေမြို့နယ် ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင် တို့က သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်း ပေးအပ်ကြသည်။

အဆိုပါသင်တန်းတွင် ညောင်ရွှေမြို့နယ်အတွင်း ကျေးရွာများမှ သင်တန်းသူဦးရေ ၂၀ တက်ရောက် ကြပြီး သင်တန်းကို ဒီဇင်ဘာ ၆ ရက်မှ ဇန်နဝါရီ ၅ ရက်ထိ သင် တန်းကာလတစ်လကြာ အဆင့်မြင့် စက်ချုပ်ပညာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွား မည်ဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင် ထံမှ သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**

# နိုင်ငံတကာ သတင်းများ

## မြောက်ကိုရီးယားပြည်သူ့လွှတ်တော်အစည်းအဝေးများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် စတင်ကျင်းပရန် စီစဉ်ထား



**ပြုံယမ်း ဒီဇင်ဘာ ၇**

မြောက်ကိုရီးယား ပြည်သူ့လွှတ်တော် အစည်းအဝေးများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် စတင်ကျင်းပရန် စီစဉ်ထားကြောင်း မြောက်ကိုရီးယားအစိုးရမီဒီယာများ၏အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ပြည်သူ့လွှတ်တော်အစည်းအဝေးများ၌ အုပ်ချုပ်ရေးကိစ္စများနှင့် အစိုးရအသုံးစရိတ်ကိစ္စများ ဆွေးနွေးအတည်ပြုမည်ဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရ အာဘော် ကေစီအင်န်အေသတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် ပြည်သူ့လွှတ်တော် အစည်းအဝေးများ မကျင်းပမီ ယခုနှစ် ဒီဇင်ဘာလကုန်ပိုင်းတွင် လက်ရှိအာဏာရကိုရီးယားအလုပ်သမားပါတီ ဗဟိုကော်မတီမျက်နှာစုံညီအစည်းအဝေးကိုစတင်မည်ဖြစ်သည်။

အဆိုပါအာဏာရပါတီ ဗဟိုကော်မတီမျက်နှာစုံညီအစည်းအဝေး၌ မြောက်ကိုရီးယားခေါင်းဆောင်များသည် ၂၀၂၃ ခုနှစ်အတွက် မူဝါဒလမ်းညွှန်ချက်များ အတည်ပြုချမှတ်ဖွယ်ရှိသည်။

မြောက်ကိုရီးယား ပြည်သူ့လွှတ်တော်သည် အလုပ်သမားပါတီ ဗဟိုကော်မတီ အစည်းအဝေးက ချမှတ်ခဲ့သော မူဝါဒရေးရာဆုံးဖြတ်ချက်များကို အတည်ပြုပေးရမည်ဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် ယခုနှစ်အတွင်း ဒုံးကျည်စမ်းသပ်မှုများ စံချိန်တင်ပြုလုပ်ခဲ့ရာ အမေရိကန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံတို့နှင့် ဆက်ဆံရေးတင်းမာခဲ့ရကြောင်း သိရသည်။ KKO

## ဆော်ဒီအာရေဗျ၌ကျင်းပမည့် ထိပ်သီးညီလာခံနှစ်ခုသို့ တရုတ်သမ္မတ ရှီကျင့်ဖျင် တက်ရောက်မည်

**ပေကျင်း ဒီဇင်ဘာ ၇**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ယခုရက်သတ္တပတ်အတွင်း ဆော်ဒီအာရေဗျနိုင်ငံ၌ ကျင်းပမည့် ဒေသတွင်း ထိပ်သီးညီလာခံနှစ်ခုသို့ တက်ရောက်မည် ဖြစ်ကြောင်း အေပီသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

သမ္မတရှီကျင့်ဖျင် အနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့၌ ကျင်းပမည့် တရုတ်-အာရပ်နိုင်ငံများ ထိပ်သီးညီလာခံသို့ တက်ရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် အတည်ပြုထားသည်။

ထို့ပြင် တရုတ်သမ္မတရှီကျင့်ဖျင်သည် ရီယာ့ဒ်မြို့မှာပင် ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီအဖွဲ့ဝင်နိုင်ငံခြောက်နိုင်ငံတို့မှ ခေါင်းဆောင်များနှင့်လည်း ထိပ်သီးဆွေးနွေးပွဲ ကျင်းပမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

သမ္မတ ရှီကျင့်ဖျင်၏ ဆော်ဒီအာရေဗျခရီးစဉ်သည် ယနေ့တွင်စတင်၍ ဒီဇင်ဘာ ၁၀ ရက်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရေးစည်းမျဉ်းများကြောင့် ကျဆင်းခဲ့ရသော စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ပြန်လည်ဦးမော့လာရေးအတွက် ကြိုးစားနေချိန်တွင် ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်ရန် သမ္မတရှီကျင့်ဖျင်က စီစဉ်ထားခြင်းဖြစ်သည်။

ကမ္ဘာ့ဒုတိယမြောက် စီးပွားရေးအင်အားအကြီးဆုံး နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် နှစ်စဉ်ဝယ်ယူတင်သွင်းနေရသော ရေနံများအနက် ထက်ဝက်မှာ ဆော်ဒီအာရေဗျရေနံများ ဖြစ်ကြကြောင်း သိရသည်။ KKO



## ကိုဗစ်-၁၉ ရောဂါကူးစက်မှုထိန်းချုပ်ရေးစည်းမျဉ်းအပြောင်းအလဲများ တရုတ်ကြေညာ

**ပေကျင်း ဒီဇင်ဘာ ၇**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကပ်ဘေး စတင်ခဲ့ပြီးနောက်ပိုင်း အကျယ်ပြန့်ဆုံးသော ရောဂါကူးစက်မှုထိန်းချုပ်ရေး စည်းမျဉ်းအပြောင်းအလဲများကို တရုတ်နိုင်ငံက ယနေ့တွင် ကြေညာခဲ့ပြီး စည်းမျဉ်းများကို ဖြေလျှော့ပေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြထားသည်။

ဖြေလျှော့လိုက်သည့် စည်းမျဉ်းများအရ ရောဂါလက္ခဏာမပြင်းသူ သို့မဟုတ် ရောဂါလက္ခဏာမပြသူ လူနာများအနေဖြင့် နေအိမ်မှာပင် နေထိုင်၍ ရောဂါစောင့်ကြည့်မှု ပြုလုပ်ခွင့်ရမည်ဖြစ်ပြီး နိုင်ငံတစ်ဝန်းခရီးသွားနေရသူများအနေဖြင့် ရောဂါအကြိမ်ကြိမ်စစ်ဆေးခံနေရမှုများမှ ကင်းလွတ်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစည်းမျဉ်းအပြောင်းအလဲများသည် တရုတ်နိုင်ငံအနေဖြင့် ပြည်သူ ၁ ဒသမ ၄ ဘီလီယံတို့အနေဖြင့်ကိုဗစ်-၁၉ရောဂါကပ်ဘေးနှင့်အတူယှဉ်တွဲရပ်တည်ရန် ပြင်ဆင်နေသည့်လက္ခဏာများဖြစ်ကြသည်။

တင်းကျပ်သည့်ရောဂါကူးစက်မှုထိန်းချုပ်ရေးမူဝါဒများဖြင့် တရုတ်မြို့ကြီးများ၌ ဆန္ဒပြပွဲများဖြစ်ပွားခဲ့ပြီးနောက် ရောဂါကူးစက်မှုထိန်းချုပ်ရေးစည်းမျဉ်း အပြောင်းအလဲများကို တရုတ်အစိုးရက ကြေညာခဲ့ခြင်းဖြစ်သည်။

ရောဂါကူးစက်မှုထိန်းချုပ်ရေး စည်းမျဉ်း အပြောင်းအလဲများ ကြေညာချက်သည် တရုတ်နိုင်ငံ၏ ဝေဖန်လူမှုမီဒီယာစာမျက်နှာပေါ်၌ လူကြည့်အများဆုံး ကြေညာချက်ဖြစ်ခဲ့ပြီး အများအပြားက စည်းမျဉ်းအပြောင်းအလဲများကို ကြိုဆိုခဲ့ကြသည်။

ရောဂါကူးစက်မှု ထိန်းချုပ်ရေး စည်းမျဉ်းအပြောင်းအလဲများသည် တုံ့ဆိုင်းနေသည့် တရုတ်စီးပွားရေး ဖွံ့ဖြိုးမှုနှုန်း ပြန်လည်အားကောင်းလာရေးအတွက် အထောက်အကူပြုနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။ KKO

## ရေတပ်သားအင်အားနည်းပါးမှုပြဿနာကြောင့် နယူးဇီလန်ရေတပ်သင်္ဘောသုံးစီး ရပ်နားထားရ

**ဝယ်လင်တန် ဒီဇင်ဘာ ၇**

ရေတပ်သားအင်အားနည်းပါးမှုကြောင့် နယူးဇီလန်ရေတပ်စစ်သင်္ဘောကိုးစီးအနက် သုံးစီးတို့မှာဆိပ်ကမ်း၌ ရပ်နားထားရကြောင်း ရိုက်တာသတင်းဌာနက ဒီဇင်ဘာ ၆ ရက်တွင် ဖော်ပြခဲ့သည်။

အရပ်ဘက်စီးပွားရေးနယ်ပယ်များမှ မြင့်မားသည့် လုပ်ခလစာများ၏ဆွဲဆောင်မှုကြောင့် ရေတပ်သားများအနေဖြင့် စစ်မှုထမ်းအဖြစ်နုတ်ထွက်မှု မြင့်မားလာကြောင်း နယူးဇီလန်စစ်ဘက်က ဒီဇင်ဘာ ၆ ရက်တွင်သတင်းထုတ်ပြန်ထားသည်။

လူအင်အား ရှားပါးမှုနှင့်အတူ နယူးဇီလန် ရေတပ်စစ်သင်္ဘောကိုးစီးအနက် သုံးစီးမှာ စစ်ဆင်ရေးတာဝန်မှရပ်နား၍ ဆိပ်ကမ်း၌ ကပ်ထားရကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ပစိဖိတ်သမုဒ္ဒရာဒေသ၌ အမေရိကန်ဦးဆောင်သော ဒေသတွင်း မဟာမိတ်နိုင်ငံများနှင့်တရုတ်နိုင်ငံတို့ကြား တင်းမာမှုမြင့်တက်နေချိန်တွင် နယူးဇီလန်ရေတပ်သင်္ဘောများ လူအင်အားနည်းပါးမှုကြောင့် ဆိပ်ကမ်း၌ ဆိုက်ကပ်ထားရခြင်းဖြစ်သည်။

နယူးဇီလန် လက်နက်ကိုင်တပ်များမှနုတ်ထွက်၍ ပုဂ္ဂလိကအလုပ်အကိုင်များသို့ ရွှေ့ပြောင်းမှုနှုန်းသည် လက်ရှိအချိန်တွင် အမြင့်ဆုံးသို့ ရောက်ရှိနေပြီး ရေတပ်တစ်ခုတည်းမှာပင် ယခုနှစ် နိုဝင်ဘာလထိ တစ်နှစ်တာကာလအတွင်း စစ်မှုထမ်းအဖြစ်မှ နုတ်ထွက်မှုနှုန်း ၁၆ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း နယူးဇီလန်စစ်ဘက်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

နယူးဇီလန် ကာကွယ်ရေးတပ်မတော်တွင် အရပ်သားများအပါအဝင် အင်အား ၁၅၀၀၀ ကျော်ရှိပြီး ၂၈၀၀ ခန့်မှာ ရေတပ်သားများဖြစ်ကြကြောင်း သိရသည်။ KKO

## အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့ရဲစခန်းတစ်ခု၌ အသေခံပုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

**ဂျကာတာ ဒီဇင်ဘာ ၇**

အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့ရှိ ရဲစခန်းတစ်ခုကို အစ္စလာမ်မစ်စစ်သွေးကြွအဖြစ် ယူဆရသူတစ်ဦးက ယနေ့တွင်အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး၍ အများအပြား ဒဏ်ရာများရခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



အဆိုပါ အသေခံဗုံးခွဲသမားသည် အစ္စလာမ်မစ်နိုင်ငံ အကြမ်းဖက်အုပ်စု(အိုင်အက်စ်) ဩဇာခံ အင်ဒိုနီးရှားပြည်တွင်း စစ်သွေးကြွအုပ်စုတစ်စုမှ အဖွဲ့ဝင်ဖြစ်ပြီး အင်ဒိုနီးရှားအစိုးရ၏ရာဇသတ်ကြီးဥပဒေသစ်ကို မကျေမနပ်ဖြစ်နေသူဖြစ်ကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာနေရာတွင် ဒီဇင်ဘာ ၆ ရက်မှ အတည်ပြုထားသည့် ရာဇသတ်ကြီးဥပဒေသစ်ကို ဝေဖန်ကန့်ကွက်ထားသော စာရွက်စာတမ်းများကို အင်ဒိုနီးရှားရဲတပ်ဖွဲ့က တွေ့ရှိခဲ့ကြောင်း သိရသည်။


အင်ဒိုနီးရှား လွှတ်တော်က ဒီဇင်ဘာ ၆ ရက်တွင် အတည်ပြုခဲ့သော ရာဇသတ်ကြီးဥပဒေသစ်တွင် ရှာရီယာအစ္စလာမ်မစ်ဥပဒေများကို အခြေခံသည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းထားသည်။

သို့ရာတွင် အချို့သော ပြဋ္ဌာန်းချက်များမှာ အစွန်းရောက်အယူအဆဖြန့်ဝေမှုများကို ထိန်းချုပ်ရာတွင် အသုံးပြုနိုင်သော ပြဋ္ဌာန်းချက်များဖြစ်ရာ အင်ဒိုနီးရှားနိုင်ငံ၏ ရာဇသတ်ကြီးဥပဒေသစ်ကို ဘာသာရေးအခြေခံဝါဒီ တစ်ယူသန်များက မကျေမနပ်ဖြစ်နေကြောင်းလေ့လာသူများက သုံးသပ်ထားသည်။

ဘန်ဒေါင်းမြို့ရဲ့စခန်းအသေခံဗုံးခွဲတိုက်ခိုက်ခံရမှုအတွင်း ဒဏ်ရာရသူအနည်းဆုံး ၁၀ ဦးထိ ရှိခဲ့ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ပြောကြားခဲ့ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## နာဆာကျွမ်းကျင်သူများက လူစီအာကာသယာဉ်၏ နေစွမ်းအင်ပြားတစ်ချပ် အပြည့်အဝဖြန့်ထုတ်ပေးနိုင်ရေး ကြိုးပမ်းမှုများ ပြန်လည်စတင်



**ဝါရှင်တန် ဒီဇင်ဘာ ၇**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) ကျွမ်းကျင်သူများသည် လူစီဂြိုဟ်သိမ်လေ့လာရေးအာကာသယာဉ်၏ နေစွမ်းအင်ပြားတစ်ချပ်ကို အပြည့်အဝဖြန့်ထုတ်ပေးနိုင်ရေးအတွက် ကြိုးပမ်းမှုများ ပြန်လည်စတင်နေပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၆ ရက်က ရေးသားတင်ပြထားသည်။

လူစီအာကာသယာဉ်က ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ပြီးနောက် ၎င်းအာကာသယာဉ်၏ နေစွမ်းအင်ပြားတစ်ချပ်ကို အပြည့်အဝဖြန့်ထုတ်ပေးရန် နာဆာကျွမ်းကျင်သူများက ပြန်လည်ကြိုးစားနေခြင်းဖြစ်သည်။

လူစီအာကာသယာဉ်သည် ကြာသပတေးဂြိုဟ် နေပတ်လမ်းအတွင်းရှိ ဂြိုဟ်သိမ်များထံ ရောက်ရှိရေးအတွက် ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းမှု ပြုလုပ်ရမည်ဖြစ်ရာ ယခုနှစ် အောက်တိုဘာ ၁၆ ရက်က ပထမဆုံးအကြိမ် အနီးကပ်ဖြတ်ကျော်မှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့သည်။

နာဆာအဖွဲ့သည် ကြာသပတေးဂြိုဟ် နေပတ်လမ်းအတွင်းရှိ ထရိုဂျင်ဂြိုဟ်သိမ်ခေါ် ထူးဆန်းသည့်ဂြိုဟ်သိမ်များကို လေ့လာရေးအတွက် လူစီအာကာသယာဉ်ကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၆ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူစီအာကာသယာဉ်သည် လွှတ်တင်ပြီးနောက် သတ်မှတ်လမ်းကြောင်းပေါ်သို့ အောင်မြင်စွာ ရောက်ရှိခဲ့သော်လည်း တပ်ဆင်ထားသည့် အချင်း ၂၄ ပေရှိ နေစွမ်းအင်ပြားနှစ်ချပ်အနက် တစ်ချပ်ကို အပြည့်အဝဖြန့်ထုတ်နိုင်မှု မရှိခဲ့ပေ။

လူစီအာကာသယာဉ်သည် ၂၀၂၄ ခုနှစ်နှင့် ၂၀၃၀ ပြည့်နှစ်တို့တွင် ကမ္ဘာမြေကို ဒုတိယအကြိမ်နှင့် တတိယအကြိမ် အနီးကပ်ပျံသန်းမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

KKO

## အရွယ်အစားကြီးမားသော မီးတောင်ကြယ်တံခွန်တစ်စင်း ပေါက်ကွဲနေမှုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိ

**လန်ဒန် ဒီဇင်ဘာ ၇**

အရွယ်အစားကြီးမားသော မီးတောင်ကြယ်တံခွန်တစ်စင်း နေအဖွဲ့အစည်းကို ဖြတ်ကျော်ပျံသန်းစဉ် ပေါက်ကွဲနေမှုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၆ ရက်က ရေးသားတင်ပြထားသည်။

ပြင်းထန်စွာပေါက်ကွဲနေသည့် အဆိုပါမီးတောင်ကြယ်တံခွန်သည် နေအဖွဲ့အစည်းကို ဖြတ်ကျော်ပျံသန်းနေစဉ် အလေးချိန်တန်ချိန်တစ်သန်းကျော်ရှိ ဓာတ်ငွေ့၊ ရေခဲမှုန်များနှင့် အခြားဇီဝအခြေခံပစ္စည်းများကို မှုတ်ထုတ်ခဲ့ကြောင်း ဗြိတိန်နိုင်ငံ ကာဒစ်ဖ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

29-p ဟူ၍ အတိုကောက် အမှတ်အသားပြုထားသည့် အဆိုပါကြယ်တံခွန်သည် နိုဝင်ဘာ ၂၂ ရက်က အကြီးစားပေါက်ကွဲမှုဖြစ်ခဲ့ပြီး နိုဝင်ဘာ ၂၇ ရက်နှင့် ၂၉ ရက်တို့တွင်လည်း အသေးစားပေါက်ကွဲမှုများ ဆက်ဖြစ်ခဲ့ကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။



29-p မီးတောင်ကြယ်တံခွန် ပေါက်ကွဲမှုသည် ကမ္ဘာပေါ်ရှိ မီးတောင်များပေါက်ကွဲသကဲ့သို့ ချော်ရည်ပူများနှင့် ပြာမှုန်များမှုတ်ထုတ်ခြင်းမဟုတ်ဘဲ အလွန်အေးမြသည့် ဓာတ်ငွေ့များနှင့် ရေခဲမှုန်များကို ဝတ်ဆံမှတစ်ဆင့် မှုတ်ထုတ်နေခြင်းဖြစ်သည်။

အဆိုပါ ကြယ်တံခွန်သည် အအေးဓာတ်ပြင်းထန်သော ဓာတ်ငွေ့မှုန်များနှင့် ရေခဲမှုန်များကို တစ်နာရီလျှင် ၈၀၅ မိုင်အမြန်နှုန်းဖြင့် မိုင်ပေါင်း ၃၄၈၀၀ အကွာထိ မှုတ်ထုတ်ခဲ့ကြောင်း သိရသည်။

29-p မီးတောင်ကြယ်တံခွန်သည် အချင်း ၃၅ မိုင်ခန့်ရှိပြီး ၁၄ ဒသမ ၉ နှစ်ကြာတိုင်း နေကို တစ်ပတ်ပတ်မိသည့် ကြယ်တံခွန်ဖြစ်ကြောင်း သိရသည်။

KKO

## နာဆာ၏ အိုရီယွန်အာကာသယာဉ် ကမ္ဘာမြေအပြန်လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၇**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အိုရီယွန် အာကာသယာဉ်သည် ဒီဇင်ဘာ ၅ ရက်က လမျက်နှာပြင်ကို အနီးကပ်ဆုံးပတ်လမ်းမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ပြီးနောက် ကမ္ဘာမြေအပြန်လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိသွားပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၆ ရက်က ရေးသားတင်ပြထားသည်။

အိုရီယွန်အာကာသယာဉ်သည် အားတီးမစ်-၁ မစ်ရှင်ကာလတစ်လျှောက် ဒုံးကန်အားစနစ် အချိန်အကြာဆုံး အသုံးပြုမှုအဖြစ် ဒီဇင်ဘာ ၅ ရက်က ဒုံးကန်အားစနစ်များကို ၂၀၇ စက္ကန့်ကြာဖွင့်၍ လကမ္ဘာအခြားဘက်ခြမ်း မျက်နှာပြင်ကို မိုင်ပေါင်း ၇၉ မိုင်အကွာမှ ဖြတ်ကျော်ပျံသန်းခဲ့သည်။

လကမ္ဘာအခြားဘက်ခြမ်းမျက်နှာပြင်ကို အနီးကပ်ဖြတ်သန်းချိန်တွင် အိုရီယွန်အာကာသယာဉ်နှင့် နာဆာအဖွဲ့တို့ကြား ခေတ္တမျှ အဆက်အသွယ်ပြတ်တောက်ခဲ့ပြီး အဆက်အသွယ် ပြန်ရချိန်တွင် ကမ္ဘာမြေအပြန်လမ်းကြောင်းပေါ်သို့ အိုရီယွန်အာကာသယာဉ်ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အိုရီယွန်အာကာသယာဉ်သည် ဒီဇင်ဘာ ၁ ရက်က လပတ်လမ်းအတွင်းမှထွက်ခွာ၍ ကမ္ဘာမြေအပြန်ခရီးအတွက် ပထမအဆင့် ခြေလှမ်းကို စတင်ခဲ့သည်။

နာဆာအဖွဲ့သည် အားတီးမစ်-၁ မစ်ရှင်အရ အိုရီယွန်အာကာသယာဉ်ကို နိုဝင်ဘာ ၁၆ ရက်က လွှတ်တင်ခဲ့ရာ လွှတ်တင်ပြီးငါးရက်အကြာ နိုဝင်ဘာ ၂၁ ရက်တွင် လဆီသို့ ရောက်ရှိခဲ့သည်။

အိုရီယွန်အာကာသယာဉ်သည် ဒီဇင်ဘာ ၁၁ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်၍ ပစိဖိတ်သမုဒ္ဒရာရေပြင်အတွင်း ဆင်းသက်ရန် စီစဉ်ထားကြောင်း သိရသည်။

KKO

# HEALTH

## အိုမီဂါ-၃၊ ဖောလစ်အက်စစ်နှင့် CoQ 10တို့က နှလုံးကျန်းမာရေးအတွက် အကျိုးကျေးဇူးရှိ

**နယူးယောက် ဒီဇင်ဘာ ၇**

အိုမီဂါ-၃ ဖက်တီးအက်စစ်၊ ဖောလစ်အက်စစ်နှင့် CoQ 10 အာဟာရဓာတ်များသည် နှလုံးကျန်းမာရေးအတွက် အကျိုးကျေးဇူးရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ UPI သတင်းဌာနက ဒီဇင်ဘာ ၆ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နှင့် တရုတ်သုတေသနပညာရှင်များသည် ဗီတာမင်နှင့် တွင်းထွက်ဓာတ်များ၏ နှလုံးကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုကို လေ့လာရေးအတွက် လူပေါင်း ၈၀၀၀၀၀ ခန့် ပါဝင်ခဲ့သည့် လေ့လာချက်ပေါင်း ၈၈၄ ခုတို့ကို အသေးစိတ် ပြန်လည်စိစစ်ခဲ့သည်။

သုတေသနပညာရှင်များ၏ လေ့လာချက်များအရ အိုမီဂါ-၃ ဖက်တီးအက်စစ်သည် နှလုံးသွေးကြောဆိုင်ရာ ရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေကို လျှော့ချပေးနိုင်ပြီး ဖောလစ်အက်စစ်နှင့် CoQ 10 တို့ကမူ လေဖြတ်နိုင်ခြေနှင့် ရောဂါအမျိုးမျိုးကြောင့် အသက်ဆုံးပါးနိုင်ခြေတို့ကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

သို့ရာတွင် ဗီတာမင်နှင့် တွင်းထွက်ဓာတ်တိုင်းသည် နှလုံးကျန်းမာရေးအတွက် အကျိုးမပြုဘဲ အချို့သောဗီတာမင်နှင့် တွင်းထွက်ဓာတ်များကြောင့်ပင် နှလုံးကျန်းမာရေးထိခိုက်သွားနိုင်ကြောင်း၊ မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဘီတာ-ကာရိုတင်းဓာတုဒြပ်ပေါင်းတစ်မျိုးကြောင့် နှလုံးကျန်းမာရေးထိခိုက်သွားနိုင်သလို ဗီတာမင်-စီ-ဒီ-အီးနှင့် ဆီလီနီယမ်ဓာတ်များသည်လည်း နှလုံးကျန်းမာရေးအပေါ် ရေရှည်အကျိုးသက်ရောက်မှုမရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO

## အလွန်အကျွံပြုပြင်ထားသည့်အစားအစာများကြောင့် ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းမှု ပိုမြန်လာနိုင်

**ဘရာဇီးလ်းယား ဒီဇင်ဘာ ၇**

အလွန်အကျွံပြုပြင်ထားသည့် အစားအစာများကြောင့် ဦးနှောက်စွမ်းဆောင်ရည် ကျဆင်းမှုရောဂါ (Dementia) ဖြစ်ပွားမှု ပိုမြန်လာနိုင်ကြောင်း The Daily Mail သတင်းစာက ဒီဇင်ဘာ ၆ ရက်က ရေးသားတင်ပြထားသည်။

ဘရာဇီးနိုင်ငံမှ သုတေသနပညာရှင်များသည် အလွန်အကျွံ ပြုပြင်စီရင်ထားသည့် အစားအစာများစားသုံးမှုနှင့် Dementia ရောဂါတို့ကြား ဆက်စပ်မှုကိုဖော်ထုတ်ရေးအတွက် လူပေါင်း ၁၀၀၀၀ ကျော်တို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက်ရလဒ်များအရ အလွန်အကျွံ ပြုပြင်ထားသည့် အစားအစာများကို အများဆုံးစားသောက်လေ့ရှိသော သက်လတ်ပိုင်းများသည် အနည်းဆုံးစားလေ့ရှိသော သက်တူရွယ်တူများထက် ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းမှု ၂၈ ရာခိုင်နှုန်းပိုမြန်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

လူ့ကိုယ်ခန္ဓာမှထုတ်ပေးတတ်သည့် Cytokines ခေါ် ရောင်ရမ်းမှုပရိုတင်းတစ်မျိုးကြောင့် အလွန်အကျွံပြုပြင်ထားသော အစားအစာ အစားများသူများ၌ ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းမှုမြန်လာခြင်း ဖြစ်နိုင်ကြောင်း၊ ရောင်ရမ်းမှုကို အားပေးတတ်သည့် Cytokines ပရိုတင်းများထွက်ပေါ်မှုကို သကြားဓာတ်လွန်ကဲသောအစားအစာများက မြှင့်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အလွန်အကျွံပြုပြင်ထားသည့် အစားအစာများသည် သကြားဓာတ်၊ ဆားဓာတ်နှင့် ပြည့်ဝဆီပါဝင်မှုများသော အစားအစာများ ဖြစ်ကြသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ၂၀၂၂ ကမ္ဘာ့ဖလား၌ ပထမဆုံး ဟက်ထရစ်ဂိုး သွင်းယူနိုင်သူအဖြစ် ဂွန်ကာလိုရာမို့စ် မှတ်တမ်းဝင်

**လစ္စဘွန်း ဒီဇင်ဘာ ၇**

ပေါ်တူဂီအသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ကစားခဲ့သည့် ကမ္ဘာ့ဖလား (၁၆) သင်းရှုံးထွက်ပွဲစဉ်တွင် ပေါ်တူဂီအသင်းက ခြောက်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ အသင်းအတွက် ဟက်ထရစ်ဂိုး သွင်းယူပေးခဲ့သည့် လူငယ်တိုက်စစ်မှူး ဂွန်ကာလိုရာမို့စ် အနေဖြင့် ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံးဟက်ထရစ်ဂိုး သွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Channel-newsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၁ နှစ်ရှိ တိုက်စစ်မှူး ဂွန်ကာလိုရာမို့စ်သည် ဆွစ်ဇာလန်အသင်းနှင့်ပွဲစဉ်တွင် ပေါ်တူဂီအသင်းအတွက် ပထမဆုံး ပွဲထွက်ခွင့်ရရှိခဲ့သော်လည်း ပွဲကစားချိန် ၁၇ မိနစ်၊ ၅၁ မိနစ်နှင့် ၆၇ မိနစ်တို့တွင် အသင်းအတွက် သုံးဂိုးထိ သွင်းယူပေးနိုင်ခဲ့သောကြောင့် ကမ္ဘာ့ဖလားသမိုင်းတွင် ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့သည့် ၁၉ ယောက်မြောက် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ထို့အတူ ဂွန်ကာလိုရာမို့စ်သည် ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံးပွဲထွက်ခွင့်ရရှိခဲ့သည့် ပွဲစဉ်တွင် ဟက်ထရစ်ဂိုး သွင်းယူထားသည့် ဂျာမနီအသင်းတိုက်စစ်မှူး ကလိုဆေး၏စံချိန်ကိုလည်း နှစ်ပေါင်း ၂၀ ကြာတွင် လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

ပေါ်တူဂီအသင်းနှင့်ဆွစ်ဇာလန်အသင်းတို့၏ပွဲစဉ်တွင် ပေါ်တူဂီအသင်းအတွက် သွင်းဂိုးများကို ဂွန်ကာလိုရာမို့စ်က ၁၇ မိနစ်၊ ၅၁ မိနစ်နှင့် ၆၇ မိနစ်၊ ပွဲချိန် ၃၃ မိနစ်တွင် ပီပီ၊ ပွဲချိန် ၅၅ မိနစ်တွင် ဂွါရဲရိုး၊ နာကျင်အချိန်ပို မိနစ် ၉၀ ကျော်တွင် လီအိုတို့ကသွင်းယူပေးခဲ့ပြီး ဆွစ်ဇာလန်အသင်းအတွက် ချေပဂိုးကို အာကန်ဂျီက ပွဲချိန် ၅၈ မိနစ်တွင် သွင်းယူပေးခဲ့သော်လည်း ပေါ်တူဂီအသင်းက ခြောက်ဂိုးတစ်ဂိုးဖြင့် အနိုင်ယူ၍ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။ ML



## အားကစားသတင်း အတိုအထွာများ

- ပြင်သစ်အသင်းတိုက်စစ်မှူး အမ်ဘက်ပီသည် ဒဏ်ရာပြဿနာရှိနေသည့်အတွက် ဒီဇင်ဘာ ၆ ရက်က ပြုလုပ်ခဲ့သည့် အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ခဲ့ခြင်း မရှိကြောင်း သိရသည်။
- ဆွစ်ဇာလန်အသင်းနှင့် ပွဲစဉ်တွင် တိုက်စစ်မှူး စီရော်နယ်ဒိုကို ပွဲထွက်လူစာရင်း၌ အသုံးမပြုခဲ့ခြင်းမှာ နည်းစနစ်ပိုင်း ပြောင်းလဲမှုကြောင့်ဖြစ်ကြောင်း ပေါ်တူဂီနည်းပြဆန်းတို့စ်က ထုတ်ဖော်ပြောကြားခဲ့သည်။
- လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကစားသမားသစ်ခေါ်ယူရာတွင် FFP(Financial Fair Play) ၏ စည်းမျဉ်းအတိုင်းသာ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း နယူးကာဆယ်အသင်းက ထုတ်ပြန်ခဲ့သည်။ ML

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလားပြိုင်ပွဲ အသက် ၁၈ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၇**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ ညနေပိုင်းက နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လေ့ကျင့်ရေးကွင်း အမှတ်(၁)နှင့်(၃)တို့၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးဝါသနာရှင်များ တက်ရောက် အားပေးခဲ့ကြကြောင်း သိရသည်။

ယနေ့တွင် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် လေ့ကျင့်ရေးကွင်းအမှတ်(၁)တွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့်တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပဲခူးတိုင်းဒေသကြီး အသင်းက ရှစ်ဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ လေ့ကျင့်ရေးကွင်း အမှတ် (၃) တွင် ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။ STA

# ရီးရဲလ်မက်ဒရစ်အသင်းက အန်းဒရစ်ကို ယူရို သန်း ၇၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိ

**မက်ဒရစ် ဒီဇင်ဘာ ၇**

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်း၏ အနာဂတ်စီမံကိန်းအတွက် ဘရာဇီးကလပ် ပါမီးယက်စ်အသင်းနှင့် ခြေစွမ်းပြကစားနေသည့် အသက် ၁၆ နှစ်ရှိ လူငယ်တိုက်စစ်မှူး အန်းဒရစ်ကို ပြောင်းရွှေ့ကြေးယူရိုသန်း ၇၀ ဖြင့် ခေါ်ယူရန် ကစားသမားနှင့် ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိခဲ့ကြောင်း Fot-mob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် လူငယ်တိုက်စစ်မှူး အန်းဒရစ်ကို ခေါ်ယူရန်အတွက် ဥရောပထိပ်သီးကလပ်အသင်းများ ဖြစ်သည့် ပီအက်စ်ဂျီအသင်း၊ ချဲလ်ဆီးအသင်းတို့နှင့်ယှဉ်ပြိုင်ခဲ့ရပြီး ကစားသမားအတွက် ပြောင်းရွှေ့ကြေးယူရို ၅၈ သန်းသာ ပေးချေနိုင်မည့် ပီအက်စ်ဂျီအသင်းက ကမ်းလှမ်းမှုကို ရှုပ်သိမ်းခဲ့သောကြောင့် ရီးရဲလ်မက်ဒရစ် အသင်းကသာ လက်ဦးမှုရရှိကာ ကစားသမားနှင့် သဘောတူညီမှုရရှိခဲ့သည်။

လက်ရှိအချိန်တွင် တိုက်စစ်မှူး အန်းဒရစ်သည် အသက် ၁၆ နှစ်သာရှိသေးသဖြင့် လာမည့် ၂၀၂၄ ခုနှစ် အသက် ၁၈ နှစ်ပြည့်ချိန်မှသာ ဥရောပကလပ်အသင်းကြီးများသို့ တရားဝင်ပြောင်းရွှေ့နိုင်မည်ဖြစ်သော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက အသင်း၏ အနာဂတ်စီမံကိန်းအတွက် လူငယ်ကစားသမားကို ခေါ်ယူရန် သဘောတူညီမှုရယူထားခြင်းဖြစ်သည်။

အသက် ၁၆ နှစ်ရှိ လူငယ်ကစားသမား အန်းဒရစ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဘရာဇီးကလပ် ပါမီးယက်စ်အသင်းအတွက် ခုနစ်ပွဲ ပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုး သုံးဂိုးသွင်းယူနိုင်ခဲ့ပြီး အသင်းအား အမှတ်ပေးဇယားထိပ်ဆုံးသို့ ရောက်ရှိအောင် ၎င်း၏ ခြေစွမ်းများနှင့် ကူညီနိုင်ခဲ့သည့်အတွက် ဥရောပထိပ်သီးကလပ်အသင်းများ၏စိတ်ဝင်စားမှုကို ခံနေရသူဖြစ်ကြောင်း သိရသည်။ ML

# ကမ္ဘာ့အဆင့်(၁)တင်းနစ်မယ်ဟောင်း ပလစ်ချ်ကိုဗာက နည်းပြဟောင်းဖြစ်သူ ဆက်ချာဘာဂျင်နှင့်ပြန်လည်လက်တွဲမည်ဖြစ်ကြောင်း ထုတ်ပြန်

**အန်ဂျမီနာ ဒီဇင်ဘာ ၇**

ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ်ဟောင်းဖြစ်သူ ချက်တင်းနစ်မယ် ပလစ်ချ်ကိုဗာသည် ၂၀၂၃ ခုနှစ် တင်းနစ်ရာသီတွင်အောင်မြင်မှုများ ပြန်လည်ဆွတ်ခူးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီးနည်းပြအဖြစ် ဂျာမနီနည်းပြ ဆက်ချာဘာဂျင်ကို ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု First Post သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပလစ်ချ်ကိုဗာသည် နည်းပြဖြစ်သူဆက်ချာဘာဂျင်နှင့် လမ်းခွဲထားသည်မှာ ငါးလခန့်သာရှိပြီး ၎င်းနှင့် လက်တွဲဖြုတ်ခဲ့ပြီးနောက်ပိုင်းရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရသည်။

ယင်းအတွက်ကြောင့် ပလစ်ချ်ကိုဗာက နည်းပြဟောင်းဖြစ်သူ ဆက်ချာဘာဂျင်အား ပြန်လည်ဆက်သွယ်ကာ နည်းပြအဖြစ် ပြန်လည်တာဝန်ယူပေးရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ပလစ်ချ်ကိုဗာက "လီယိုဟာ နည်းပြတာဝန်ကို ထမ်းဆောင်တဲ့နေ့ကစပြီးတော့ ကျွန်မအတွက် အကောင်းဆုံးလမ်းညွှန်မှုပြသပေးခဲ့ပါတယ်။ လီယိုရဲ့လမ်းညွှန်မှုအောက်ကနေ ရလဒ်ကောင်းတွေ ရယူနိုင်ခဲ့ပါတယ်။ ကျွန်မအတွက် အကောင်းဆုံး ကြိုးစားပေးခဲ့တဲ့ လီယိုကို ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။



ဆက်ချာဘာဂျင်က "ပလစ်ချ်ကိုဗာနဲ့တစ်ကျော့ပြန်လက်တွဲခွင့်ရမှာကို ဝမ်းသာဂုဏ်ယူပါတယ်။ တစ်ချိန်က အတူတူလက်တွဲပြီး အောင်မြင်မှုတွေ ရယူခဲ့ဖူးတယ်။ ပလစ်ချ်ကိုဗာရဲ့ အခြေအနေဟာ အောင်မြင်မှုတွေ အများကြီးဆွတ်ခူးလာနိုင်သေးတဲ့ အခြေအနေဖြစ်ပါတယ်။ ပလစ်ချ်ကိုဗာရဲ့ အားသာချက် အားနည်းချက်ကိုလဲ ကျွန်တော်ကောင်းကောင်းသိတယ်။ ကျွန်တော့်အနေနဲ့ သူ့ကိုအောင်မြင်မှုတွေရဖို့ အကောင်းဆုံးကူညီပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့သည်။

ပလစ်ချ်ကိုဗာသည် ဆက်ချာဘာဂျင်နှင့် လက်တွဲဖြုတ်ခဲ့ပြီးနောက်ပိုင်း ချက်နည်းပြလီယိုဖရိုင်နှင့် လက်တွဲခဲ့ပြီးနောက်အောင်မြင်မှုတစ်စုံတစ်ရာမရခဲ့ဘဲလက်ရှိ ကမ္ဘာ့အဆင့် (၃၁) နေရာ၌ ရပ်တည်နေကြောင်း သိရသည်။ AZL

# မော်ရိုကိုအသင်း ပထမဆုံးအကြိမ် ကမ္ဘာ့ဖလားကွာတားအဆင့်တက်ရောက်



**ရာဘတ် ဒီဇင်ဘာ ၇**

ပြီးခဲ့သည့် ဒီဇင်ဘာ ၆ ရက်က ကစားခဲ့သည့် ကမ္ဘာ့ဖလား (၁၆) သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွင် မော်ရိုကိုအသင်းက စပိန်အသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောကြောင့် ကမ္ဘာ့ဖလားသမိုင်းတွင် ပထမဆုံးအကြိမ် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း Channelnewsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ဖလားသမိုင်းတွင် မော်ရိုကိုအသင်းသည် ယခုနှစ် အပါအဝင် ၁၉၇၀ ပြည့်နှစ်၊ ၁၉၈၆ ခုနှစ်၊ ၁၉၉၄ ခုနှစ်၊ ၁၉၉၈ ခုနှစ်၊ ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်သာ ဝင်ခွင့်ရရှိခဲ့ပြီး ၁၉၈၆ခုနှစ် ကမ္ဘာ့ဖလားတွင် (၁၆) သင်းအဆင့် အမြင့်ဆုံးသာ ရောက်ရှိခဲ့သော်လည်း ယခုအခါ (၁၆) သင်းအဆင့်တွင် စပိန်အသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သောကြောင့် ပထမဆုံးအကြိမ် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် မှတ်တမ်းကောင်းကို ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ကစားသမားစုဖွဲ့မှုသာလွန်သည့် စပိန်အသင်းက မော်ရိုကိုအသင်းကို ပွဲစကတည်းက ဖိအားပေး တိုက်စစ်ဆင်ခဲ့သော်လည်း မော်ရိုကိုအသင်း၏ ခံစစ်ကစားပုံနှင့် တန်ပြန်တိုက်စစ်ကောင်းမွန်မှုကြောင့် စပိန်အသင်းအနေဖြင့် တရစပ်တိုက်စစ်မဆင်ဘဲ ဘောလုံးပိုင်ဆိုင်မှု အသားပေးကစားခဲ့သောကြောင့် ဂိုးမရှိ သရေဖြင့် ပွဲပြီးဆုံးခဲ့ပြီး အချိန်ပို ဆက်လက်ကစားခဲ့ရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရကာ မော်ရိုကိုအသင်းက စတင်ကန်သွင်းခွင့်ရခဲ့ပြီး ဘိုနိုနီတစ်ဦးသာ ဂိုးမရခဲ့ဘဲ ဆာဘီရီ၊ ဇီရက်ချ်၊ ဟာကီမီတို့က ဂိုးသွင်းယူနိုင်ခဲ့သကဲ့သို့ စပိန်အသင်းက ဆာရာဘီးယား၊ ဆိုလာနှင့် ဘက်စ်ကွက်တို့၏ ကန်သွင်းချက်များကို မော်ရိုကို ဂိုးသမားဘိုနိုက ကာကွယ်မှု ပြုလုပ်နိုင်ခဲ့သောကြောင့် သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ML

# ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်မှုကြောင့် ဂျူဗင်တပ်အသင်း အဆိုးရွားဆုံးစစ်ဆေးခံရမှုနှင့်ကြုံတွေ့

**ရောမ ဒီဇင်ဘာ ၇**

ဂျူဗင်တပ် အသင်းသည် လက်ရှိတွင် ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်မှုနှင့်စုံစမ်းစစ်ဆေးခံနေရပြီး အသင်းသမိုင်းတစ်လျှောက်တွင် အဆိုးရွားဆုံးသောစုံစမ်းစစ်ဆေးခံရမှုနှင့်ကြုံတွေ့နေရကာ တန်းဆင်းပြစ်ဒဏ်ပါချမှတ်ခံရဖွယ်ရှိနေသည်ဟု Footballitalia သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျူဗင်တပ်အသင်းသည် ပြီးခဲ့သည့် ကိုဗစ်-၁၉ ကာလအတွင်း အသင်းဝင်ငွေများ ကျဆင်းခဲ့ချိန်တွင်ကစားသမားများကို လုပ်ခလစာလျှော့ချနိုင်ခဲ့သည်ဟု ဥရောပဘောလုံးအဖွဲ့ချုပ်နှင့်အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ထံ စာရွက်စာတမ်းအတုများဖြင့် တင်ပြခဲ့ခြင်းဖြစ်သည်။

ဂျူဗင်တပ် အသင်းအနေဖြင့် စာရွက်စာတမ်းအတုများဖြင့်တင်ပြခဲ့သော်လည်းအသင်းမှကစားသမားများကို တရားမဝင်နည်းလမ်းများဖြင့် လုပ်ခလစာငွေများအပြည့်အဝပေးခဲ့ရသည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီးနောက် လက်ရှိတွင် အီတလီနိုင်ငံ အာဏာပိုင်အဖွဲ့အပြင် ဥရောပဘောလုံးအဖွဲ့ချုပ်ကလည်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေခြင်းဖြစ်ကာ ပြစ်မှုထင်ရှားကြောင်းပေါ်ပေါက်ခဲ့ပြီး ဂျူဗင်တပ်အသင်းအနေဖြင့် ဒုတိယအကြိမ် အီတလီစီးရီးအေပြိုင်ပွဲမှ စီးရီးဘီပြိုင်ပွဲသို့ တန်းဆင်းပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိနေသည်။

ဂျူဗင်တပ် အသင်းသည် ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်ကလည်း လာဘ်ပေးလာဘ်ယူမှုဖြင့် စီးရီးအေပြိုင်ပွဲမှ စီးရီးဘီပြိုင်ပွဲသို့ တန်းဆင်းပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး ယခုအခါတွင်လည်း ထပ်မံပြီးတန်းဆင်းရမည့်အရေးနှင့်ကြုံတွေ့ရခြင်းဖြစ်ပြီး စုံစမ်းစစ်ဆေးနေဆဲကာလတွင်ပင် ပြီးခဲ့သည့်ရက်ပိုင်းက ဂျူဗင်တပ်အသင်းဥက္ကဋ္ဌ အက်ဂနယ်လီ၊ ဒုတိယဥက္ကဋ္ဌနက်ဗက်တို့အပါအဝင် အသင်းဘုတ်အဖွဲ့များ နုတ်ထွက်ခဲ့ကြကြောင်း သိရသည်။ STA

# ဘယ်လ်ဂျီယံအသင်းကစားသမားဘဝမှ အနားယူကြောင်း အီဒင်ဟာဇက် အတည်ပြုကြေညာ

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၇**

ဘယ်လ်ဂျီယံ အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်ကစားသမား အီဒင်ဟာဇက်သည် ဘယ်လ်ဂျီယံအသင်း ကစားသမားဘဝမှ အနားယူခဲ့ပြီဟု အတည်ပြုကြေညာခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၁ နှစ်ရှိ အီဒင်ဟာဇက်သည် ယခုနှစ် ဘောလုံးရာသီတွင် ရီးရဲလ်မက်ဒရစ်အသင်း၌ ပွဲထွက်ခွင့်မရရှိခဲ့ဘဲ ရှုန်းကန်နေရသော်လည်း ၂၀၂၂ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းခေါင်းဆောင်အဖြစ် ပါဝင်ခွင့်ရရှိခဲ့သူဖြစ်သည်။

သို့သော် လက်ရှိကမ္ဘာ့အဆင့် (၂)နေရာတွင် ရပ်တည်နေသည့် ဘယ်လ်ဂျီယံအသင်းသည် မော်ရိုကိုအသင်း၊ ခရိုအေးရှားအသင်း၊ ကနေဒါအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သော်လည်း လေးမှတ်သာရရှိခဲ့ကာ အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

အီဒင်ဟာဇက်သည် ဘယ်လ်ဂျီယံအသင်းနှင့်အတူ ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်ကစတင်ပြီး နိုင်ငံတကာပွဲစဉ်များ ပါဝင်ကစားခဲ့ကာ လက်ရှိတွင် အသင်းနှင့်အတူ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အောင်မြင်မှုမရရှိခဲ့ဘဲ အုပ်စုအဆင့်မှထွက်ခွာခဲ့ရပြီးနောက် လက်ရွေးစင်အသင်း ကစားသမားဘဝမှ အပြီးတိုင် အနားယူခဲ့ခြင်းဖြစ်သည်။



အီဒင်ဟာဇက်သည် ချဲလ်ဆီးအသင်းတွင်ကစားခဲ့စဉ်က ကမ္ဘာ့ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ဒဏ်ရာပြဿနာများဖြင့် သာရုန်းကန်ခဲ့ရပြီးယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ကာ ရီးရဲလ်မက်ဒရစ် အသင်းနှင့်ပါလမ်းခွဲရဖွယ် ရှိနေကြောင်း သိရသည်။ STA

# ကျူးဘားအစိုးရက အမျိုးသမီးလက်ဝှေ့မယ်များအား ပရော်ဖက်ရှင်နယ်လောကသို့ တရားဝင် ဝင်ရောက်ခွင့်ပြု

**ဟာဗားနား ဒီဇင်ဘာ ၇**

ကျူးဘားနိုင်ငံတွင် အမျိုးသမီးလက်ဝှေ့မယ်များအနေဖြင့် နိုင်ငံတကာလက်ဝှေ့ပြိုင်ပွဲများ၊ နိုင်ငံကိုယ်စားပြုကာ ပရော်ဖက်ရှင်နယ်လောကတွင် ဝင်ရောက်ထိုးသတ်ခြင်းများကို ၁၉၅၉ ခုနှစ်ကတည်းက ပိတ်ပင်ထားသည့် နိုင်ငံဖြစ်ပြီး ကျူးဘားအမျိုးသမီး လက်ဝှေ့မယ်များအနေဖြင့် လက်ဝှေ့လောကသို့ဝင်ရောက်ရန်အတွက် ကျူးဘားနိုင်ငံမှ ထွက်ခွာကာ အခြားသောနိုင်ငံများတွင် နိုင်ငံသားခံယူခဲ့ရသည့် အခြေအနေဖြင့် ရင်ဆိုင်ခဲ့ရသည်။

ကျူးဘားအာဏာပိုင်အဖွဲ့အစည်းနှင့် ကျူးဘားလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများကြား နှစ်ပေါင်းများစွာ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီးနောက် ကျူးဘားအစိုးရက ကျူးဘားအမျိုးသမီး လက်ဝှေ့မယ်များကို နိုင်ငံတကာလက်ဝှေ့ပြိုင်ပွဲများတွင် ကျူးဘားနိုင်ငံကိုယ်စားပြုအနေဖြင့်လည်းကောင်း၊ ကျူးဘားနိုင်ငံကိုယ်စားပြုအနေဖြင့် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကတွင်လည်းကောင်း လွတ်လပ်စွာ ဝင်ရောက် ယှဉ်ပြိုင်ခွင့်ပြုရန် ဆုံးဖြတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာသွားခဲ့သည်ဟု NPR သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကျူးဘားနိုင်ငံသည် လက်ဝှေ့ကစားသမားကောင်းများ ပေါ်ထွက်သည့်နိုင်ငံဖြစ်ပြီး အစိုးရ၏မူဝါဒကြောင့် ကျူးဘားနိုင်ငံအား ကိုယ်စားပြုခွင့်မရသည့် လက်ဝှေ့သမားအမြောက်အမြားရှိနေသည်။

လက်ဝှေ့အားကစားကို ချစ်မြတ်နိုးပြီး ပါရမီရှိသည့် အမျိုးသမီးလက်ဝှေ့မယ်များအနေဖြင့် အစိုးရ၏မူဝါဒပြောင်းလဲမှုကြောင့် မွေးရပ်မြေကို စွန့်ခွာကာ နိုင်ငံရပ်ခြားတွင် နိုင်ငံသားခံယူရသည့် အခြေအနေမှ လွတ်မြောက်ခဲ့ပြီဖြစ်ပြီး ကျူးဘားအမျိုးသမီးလက်ဝှေ့လောကတိုးတက်လာတော့မည့် အခြေအနေမျိုးသို့ ရောက်ရှိတော့မည် ဖြစ်ကြောင်း သိရသည်။ AZL



# Arnold Palmer Cup ပြိုင်ပွဲအတွက် နည်းပြလေးဦး ရွေးချယ်

**ဝါရှင်တန် ဒီဇင်ဘာ ၇**

၂၀၂၃ ခုနှစ် Arnold Palmer Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် အမေရိကန်အသင်းအတွက် အမေရိကန် ဂေါက်သီးရိုက်အဖွဲ့ချုပ်က နည်းပြလေးဦးကို ရွေးချယ်လိုက်ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု yahoo sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

Arnold Palmer Cup ဂေါက်သီးရိုက်ပြိုင်ပွဲသည် မျိုးဆက်သစ် ဂေါက်သီးရိုက်ကစားသမားများအား မွေးထုတ်ပေးသည့် အကောင်းဆုံးပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး တက္ကသိုလ်နှင့်ကောလိပ်အသီးသီးမှ အကောင်းဆုံးဂေါက်သီးရိုက်ကစားသမားများကိုရွေးချယ်ကာ အမေရိကန်ကိုယ်စားပြုအသင်းအနေဖြင့် စုဖွဲ့ပြီး နိုင်ငံတကာအသင်းနှင့် ယှဉ်ပြိုင်ကစားသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်သည်။

အသင်းတစ်သင်း၌ အမျိုးသားဂေါက်သီးရိုက် ကစားသမား ၁၂ ဦး၊ အမျိုးသမီးဂေါက်သီးရိုက်မယ် ၁၂ဦးရွေးချယ်ခွင့်ပြုထားပြီး ပြိုင်ပွဲတွင် အမျိုးသားဂေါက်သီးရိုက်ကစားသမား ခြောက်ဦး၊ အမျိုးသမီးဂေါက်သီးရိုက်မယ် ခြောက်ဦးတို့ ပါဝင် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်အသင်းက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီးနည်းပြလေးဦးအဖြစ် အမေရိကန် ဂေါက်သီးရိုက်ကစားသမားဟောင်းများဖြစ်ကြသည့် ဒီရက်ခ်ရက်ဒလေ၊ မိုက်ကယ်ဘီယက်၊ ဂိုလ်ဒါနှင့် ဂျွန်ဟန်ဒရီဂန်တို့ကို ရွေးချယ်လိုက်ကြောင်း အမေရိကန်ဂေါက်သီးရိုက်အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။

ဒီရက်ခ်ရက်ဒလေသည် ဂေါက်သီးရိုက်ကစားသမားဘဝမှ အနားယူပြီးနောက်ပိုင်း နည်းပြလောကတွင် ကျင်လည်နေသူ တစ်ဦးဖြစ်ပြီး ၂၀၁၈ ခုနှစ်မှစတင်၍ အိုရီဂွန်ပြည်နယ် အမျိုးသမီးဂေါက်သီးရိုက်အသင်း၏ နည်းပြအဖြစ် တာဝန်ယူဆောင်ရွက်နေသူဖြစ်သည်။

မိုက်ကယ်ဘီယက်သည်လည်း နည်းပြလောကတွင်ကျင်လည်နေသူဖြစ်ပြီး လက်ရှိ ကယ်လီဖိုးနီးယားပြည်နယ် ပက်ပါဒိုင်းတက္ကသိုလ်ဂေါက်သီးရိုက်အသင်း၏ နည်းပြအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး 2021 NCAA Championship ဂေါက်သီးရိုက်ပြိုင်ပွဲချန်ပီယံဆုကို ဆွတ်ခူးရယူပေးထားသူဖြစ်သည်။

ဂျွန်ဟန်ဒရီဂန်သည် အိုင်ယာလန် ဂေါက်သီးရိုက်အဖွဲ့ချုပ်တွင် ဒါရိုက်တာတာဝန်ကို ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပြီး နည်းပြလောကတွင်လည်းကျင်လည်ခဲ့ဖူးသူဖြစ်သည်။

ဂိုလ်ဒါသည် 2022 Arnold Palmer Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နိုင်ငံတကာအသင်း၏ လက်ထောက်နည်းပြအဖြစ် တာဝန်ယူပေးခဲ့သူဖြစ်ပြီး နိုင်ငံတကာအသင်းကို ချန်ပီယံဖြစ်အောင် ဦးဆောင်ပေးနိုင်ခဲ့သည့် နည်းပြအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ကြောင်း သိရသည်။

AZL

# ပင်လယ်ရေကြောင်းလုံခြုံရေးတိုးမြှင့်လာသော Quad နိုင်ငံများ



အိန္ဒိယသမုဒ္ဒရာအတွင်း ပင်လယ်ရေကြောင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာခြင်းသည် အိန္ဒိယနိုင်ငံကို လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်မဟာဗျူဟာကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် လေးနိုင်ငံလုံခြုံရေးဆွေးနွေးမှုမိတ်ဖက်အဖွဲ့ (Quad) ရှိ အခြားသောနိုင်ငံများနှင့် ပင်လယ်ရေကြောင်းဆိုင်ရာ သံခင်းတမန်ခင်းတိုးချဲ့ဆောင်ရွက်နိုင်ရန် တွန်းအားတစ်ရပ်ဖြစ်စေလျက်ရှိသည်။

ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာအဆင့်မြင့်လေ့ကျင့်မှုတစ်ခုဖြစ်သည့် Malabar 2022 စစ်ရေးလေ့ကျင့်မှုကို ယခုနှစ် နိုဝင်ဘာ ၈ ရက်မှ ၁၈ ရက်ထိ ဂျပန်ပင်လယ်ပြင်တွင် ပြုလုပ်ခဲ့ရာ အိန္ဒိယ၊ အမေရိကန်၊ ဂျပန်နှင့် ဩစတြေးလျရေတပ်တို့ပါဝင်လေ့ကျင့်ခဲ့သည်။ ယခုနှစ်ပြုလုပ်သော စစ်ရေးလေ့ကျင့်မှုသည် အကြိမ်(၃၀) မြောက် စစ်ရေးလေ့ကျင့်မှုဖြစ်ပြီး ဂျပန်ပင်လယ်ရေကြောင်းကိုယ်ပိုင်တပ်ဖွဲ့ (JMSDF) က လက်ခံကျင်းပခဲ့ခြင်းဖြစ်သည်။

အင်ဒို-ပစိဖိတ်ဒေသတွင် တရုတ်နိုင်ငံ၏ စစ်လက်ရုံးဆန့်တန်းမှုတိုးချဲ့လာမှုအပြင် မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်ခတ်စမ်းသပ်မှုများကြောင့် Malabar စစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ၁၉၉၂ ခုနှစ်တွင် အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့သည် ပထမဆုံးသော Malabar စစ်ရေးလေ့ကျင့်မှုကို ပြုလုပ်ခဲ့ကြသည်။ ဂျပန်နိုင်ငံသည် ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ ဩစတြေးလျနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင်လည်းကောင်း Malabar စစ်ရေးလေ့ကျင့်မှု၌ ပါဝင်လေ့ကျင့်လာခဲ့သည်။ Quad အဖွဲ့ဝင် နိုင်ငံအားလုံးသည် ပူးပေါင်းဆောင်ရွက်မှုနှင့် အဆင့်မြင့်စစ်ရေးနည်းဗျူဟာများ ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် Malabar စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်လေ့ကျင့်လျက်ရှိသည်။

ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေးသည် နိုင်ငံတကာရေပိုင်နက်အတွင်း ပင်လယ်ဓားပြများ၊ မှောင်ခိုကုန်ကူးမှုများ၊ တရားမဝင်ငါးဖမ်းမှုများနှင့်စပ်လျဉ်းသောစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ရည်မှန်းထားရှိသည်။ Quad အဖွဲ့ဝင်နိုင်ငံများသည် တရားဥပဒေစိုးမိုးရေးနှင့် တရားမဝင်လှုပ်ရှားဆောင်ရွက်မှုများကို တုံ့ပြန်ဆောင်ရွက်ရန် အခိုင်အမာဆုံးဖြတ်ထားပြီးဖြစ်သည်။ ယခုနှစ် Malabar စစ်ရေးလေ့ကျင့်မှု၏ အဓိကရည်မှန်းချက်များအနက် တစ်ခုမှာ ပင်လယ်ပြင်တွင် စစ်ဆင်မှုပင်ဖြစ်သည်။ ၎င်းစစ်ရေးလေ့ကျင့်မှုသည် အဖွဲ့ဝင်လေးနိုင်ငံမှ ရေတပ်များကို အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကျစ်လျစ်ခိုင်မာအားကောင်းစေသည့်အပြင် နည်းဗျူဟာမြောက်ကျွမ်းကျင်မှုများကိုလည်း ဖော်ဆောင်စေနိုင်သည်။

Malabar စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော အဖွဲ့ဝင်နိုင်ငံများကြားအုပ်ချုပ်ပံ့ပိုးရေးဆိုင်ရာ သဘောတူညီချက်ကို စစ်ရေးလေ့ကျင့်မှုတွင် တရားဝင်အကောင်အထည်ဖော်ခဲ့သည်။ Malabar 2022 စစ်ရေးလေ့ကျင့်မှုသည် နည်းဗျူဟာမြောက်အဆင့်မြင့်လေ့ကျင့်မှုများအပြင် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးစစ်ဆင်ရေးနှင့်အတူ ရေငုပ်သင်္ဘောများပေါင်းစပ်လေ့ကျင့်မှုနှင့် ပင်လယ်ရေကြောင်းဆိုင်ရာ တားမြစ်ပိတ်ဆို့ရေးစစ်ရေးလေ့ကျင့်မှုများလည်းပါဝင်သည်။

Malabar စစ်ရေးလေ့ကျင့်မှုသည် စိတ်တူကိုယ်တူ Quad အဖွဲ့ဝင်နိုင်ငံများအတွက် အင်ဒို-ပစိဖိတ်ဒေသတွင် လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းမှုကို အတူတကွထိန်းသိမ်းနိုင်မည့် ကြီးမားသောအခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။ ယခုနှစ် Malabar စစ်ရေးလေ့ကျင့်မှု၌ ချူကလီးယားလက်နက်တပ်ဆင်နိုင်သော စွမ်းဆောင်ရည်ရှိသည့်လေယာဉ်များနှင့်အတူ စစ်သင်္ဘော ၁၁ စီးသည် လေကြောင်းအထောက်အကူပြုပစ္စည်းများနှင့် ပေါင်းစပ်ကာ ပါဝင်လေ့ကျင့်ခဲ့သည်။

ယခုနှစ် Malabar စစ်ရေးလေ့ကျင့်မှုကို JMSDF က ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့လေ့ကျင့်ခြင်းအားဖြင့် ဂျပန်နိုင်ငံသည် ၎င်း၏စစ်ရေးစွမ်းဆောင်ရည်များ တိုးတက်လာစေမည်ဖြစ်ပြီး အိန္ဒိယ၊ အမေရိကန်၊ ဩစတြေးလျရေတပ်များနှင့်လည်း နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ပြင် အိန္ဒိယနိုင်ငံအနေဖြင့်လည်း နိုင်ငံပေါင်းစုံပါဝင်သော စစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်မှုမှတစ်ဆင့် ၎င်း၏ရေငုပ်သင်္ဘောတိုက်ဖျက်မှုစစ်ဆင်ရေး(ASW) စွမ်းဆောင်ရည်များအပြင် Quad အဖွဲ့ဝင်နိုင်ငံများနှင့်အတူ အထူးစစ်ဆင်ရေးတပ်ဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုတို့ကို လက်တွေ့သရုပ်ပြသနိုင်သည့် အခွင့်အလမ်းတစ်ရပ်ရရှိခဲ့သည်။ Malabar စစ်ရေးလေ့ကျင့်မှုတွင် အိန္ဒိယနိုင်ငံမှ Shivalik အတန်းအစား ကိုယ်ပျောက်ဖရီးဂိတ်တစ်စီး၊ P8I လေယာဉ်တစ်စင်းနှင့် Kam-orata အတန်းအစား ASW တပ်ဖွဲ့တစ်ဖွဲ့တို့ ပါဝင်လေ့ကျင့်ခဲ့သည်။

ယခုနှစ် မေလအတွင်း ဂျပန်နိုင်ငံ တိုကျိုမြို့၌ ပြုလုပ်ခဲ့သော Quad ခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေး၌ အင်ဒို-ပစိဖိတ်မိတ်ဖက်ဆက်ဆံရေးအသစ်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းထုတ်ပြန်ချက်အရ အကောင်အထည်ဖော်လျက်ရှိသော ပင်လယ်ရေကြောင်းနယ်ပယ်စောင့်ကြည့်ရေးစနစ် (MDA) သည် ဂြိုဟ်တုသတင်းအချက်အလက်များ မျှဝေပေးခြင်းအပြင် အရှေ့တောင်အာရှနိုင်ငံများကိုလည်း ပိုင်နက်နယ်မြေအတွင်း ကျူးကျော်ဝင်ရောက်မှုများနှင့်စပ်လျဉ်း၍ သတိပေးတပ်လှန့်သွားမည်ဖြစ်သည်။ ထို့ပြင် Quad အဖွဲ့ဝင်နိုင်ငံများ၏ ပင်လယ်ရေကြောင်းနယ်မြေအတွင်း တရားမဝင်ငါးဖမ်းသင်္ဘောများနှင့် ပင်လယ်ဓားပြများ၏ လှုပ်ရှားဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍လည်း သတိပေးသွားမည်ဖြစ်သည်။

MDA သည် ပစိဖိတ်ကျွန်းစုနိုင်ငံများ၊ အိန္ဒိယသမုဒ္ဒရာနှင့် အရှေ့တောင်အာရှဒေသရှိနိုင်ငံများအား နိုင်ငံတကာပင်လယ်ရေကြောင်းကို စောင့်ကြည့်နိုင်ရန်နှင့် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ကို ပိုမိုထိန်းသိမ်းထားရှိနိုင်ရန် စွမ်းဆောင်ရည်များမြှင့်တင်ပေးသွားမည်ဖြစ်သည်။ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ဂျပန်၊ မလေးရှားကဲ့သို့သောနိုင်ငံများနှင့် တရုတ်နိုင်ငံ၏ ပင်လယ်ရေကြောင်းနယ်မြေပိုင်ဆိုင်ရေးဆိုင်ရာအငြင်းပွားမှုများသည် Quad အဖွဲ့ဝင်နိုင်ငံများကို ဒေသတွင်း၌ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရေးအပေါ် အလေးထားဆောင်ရွက်သွားရန် ပိုမိုအရေးပါလာစေလျက်ရှိသည်။

❖ Malabar စစ်ရေးလေ့ကျင့်မှုသည် စိတ်တူကိုယ်တူ Quad အဖွဲ့ဝင်နိုင်ငံများအတွက် အင်ဒို-ပစိဖိတ်ဒေသတွင် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုကို အတူတကွထိန်းသိမ်းနိုင်မည့် ကြီးမားသော အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။ ယခုနှစ် Malabar စစ်ရေးလေ့ကျင့်မှု၌ ချူကလီးယားလက်နက်တပ်ဆင်နိုင်သော စွမ်းဆောင်ရည်ရှိသည့် လေယာဉ်များနှင့်အတူ စစ်သင်္ဘော ၁၁ စီးသည် လေကြောင်းအထောက်အကူပြုပစ္စည်းများနှင့်ပေါင်းစပ်ကာ ပါဝင်လေ့ကျင့်ခဲ့သည်။ ❖

မကြာသေးမီနှစ်များအတွင်း တရုတ်နိုင်ငံ၏ လှုပ်ရှားဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ အိန္ဒိယနိုင်ငံသည် ခံစစ်အနေအထားတွင်သာရှိသောကြောင့် MDA တည်ဆောက်ပြီးနောက် ဒေသတွင်း၌ ၎င်း၏စစ်လက်ရုံးကို ပိုမိုဆန့်တန်းလာနိုင်မည်ဖြစ်သည်။ အင်ဒို-ပစိဖိတ်ဒေသတွင် တရုတ်ရေတပ်အင်အားကြီးထွားလာခြင်းသည် Quad အဖွဲ့ဝင်နိုင်ငံအားလုံးကို စစ်ရေးလေ့ကျင့်မှုများမှတစ်ဆင့် ပူးတွဲမဟာဗျူဟာများ တိုးတက်လာစေရေး ပူးပေါင်းဆောင်ရွက်သွားရန် မောင်းနှင်အားတစ်ရပ်ဖြစ်စေလျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် စည်းမျဉ်းစည်းကမ်းကို အခြေခံသည့်အခင်းအကျင်းတစ်ရပ်ကို ထိန်းသိမ်းထားရှိနိုင်ရေးအတွက် ဩစတြေးလျ၊ အမေရိကန်နှင့် ဂျပန်တို့၏အကူအညီဖြင့် ဒေသတွင်း၌ တရုတ်နိုင်ငံ၏ လှုပ်ရှားဆောင်ရွက်မှုများကို စိန်ခေါ်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ပင်လယ်ရေကြောင်းလုံခြုံရေး ပိုမိုခိုင်မာသေချာစေရန်အတွက် ပင်လယ်ရေကြောင်းနယ်ပယ်စောင့်ကြည့်မှုကို စဉ်ဆက်မပြတ်လုပ်ဆောင်သွားရေးသည် များစွာအရေးပါလျက်ရှိသည့်အပြင် Quad အဖွဲ့ဝင်နိုင်ငံများသည် MDA စနစ် ခိုင်မာအားကောင်းစေရန်အတွက် လိုအပ်သောအရင်းအမြစ်များပိုင်ဆိုင်ထားရှိသည်။ Quad ၏အခြေခံအကျဆုံးသောအလေးထားဆောင်ရွက်မှုအနေဖြင့် MDA တွင် ပေါင်းစပ်ဆောင်ရွက်သွားသင့်ပြီး ထိုသို့ဆောင်ရွက်ခြင်းသည် ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာစောင့်ကြည့်မှုမြှင့်တင်ရာတွင် အထောက်အကူပြုစေမည်ဖြစ်သည်။

Quad အနေဖြင့် အဖွဲ့ဝင်နိုင်ငံများအပြင် အရှေ့တောင်အာရှနိုင်ငံများမှ ပါဝင်ဆောင်ရွက်သူများနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုအတွက် စစ်ရေးလေ့ကျင့်မှုများ ဆောင်ရွက်ခြင်းအားဖြင့် ပင်လယ်ရေကြောင်းလုံခြုံရေးကို စစ်ရေးအရတုံ့ပြန်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ အိန္ဒိယသမုဒ္ဒရာဒေသတွင် Quad ၏ပါဝင်ဆောင်ရွက်မှုသည် အခြားသော မိတ်ဖက်ရေတပ်အင်အားကြီးနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာရေးအတွက်လည်း အထောက်အကူပြုစေမည်ဖြစ်သည်။ ထို့ကြောင့် အိန္ဒိယရေတပ်သည် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်နှင့် အရေးပါသောမဟာဗျူဟာမြောက်နည်းပညာများရရှိရေးအတွက် အမေရိကန်၊ ဂျပန်၊ ပြင်သစ်၊ ဩစတြေးလျ၊ ဗြိတိန်ရေတပ်တို့နှင့် ထိတွေ့ဆက်ဆံမှုများကို ပိုမိုနက်ရှိုင်းအောင် ဆောင်ရွက်သွားရန်လိုအပ်နေမည်ဖြစ်သည်။ စင်စစ်အားဖြင့် အမေရိကန်ဦးဆောင်သော Quad အဖွဲ့ဝင်နိုင်ငံများသည် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသကိုထိန်းသိမ်းထားရှိရေးနှင့် ပင်လယ်ရေကြောင်းလုံခြုံရေးတို့ထက် တရုတ်နိုင်ငံ၏ စစ်လက်ရုံးဆန့်တန်းလာမှုကို တန်ပြန်ထိန်းညှိနိုင်ရန်အတွက် Malabar စစ်ရေးလေ့ကျင့်မှုများကို ပိုမိုပြုလုပ်လာခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

**ကိုးကား-**

**Increasing maritime power among the Quad nations by Asia Time.**

**မောင်စိန်အိ(နဘဲမြေ)**

# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် ခုနစ်နေ့နံပန်းပုရုပ်ကြွကားချပ်များ ဝင်ရောက်လာ





**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် ခုနစ်နေ့နံ ပန်းပုရုပ်ကြွကားချပ်များ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ခုနစ်နေ့နံ ပန်းပုရုပ်ကြွကားချပ်များမှာ အသင့်ချိတ်ဆွဲထားနိုင်ပြီး ခုနစ်နေ့နံများအတွက် ပုံစံခုနစ်မျိုး အချပ်ရေ ၁၅၀ ဝင်ရောက်ထားရာ ပန်းပုရုပ်ကြွကားချပ်များမှာ မန္တလေးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်းမှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်အတွင်းသို့ ဝင်ရောက်လာကြောင်း သိရသည်။

"ဒီလထဲမှာ ထူးထူးခြားခြား စိတ်ကူးသစ်နဲ့ဝင်လာတဲ့ ပန်းပုရုပ်ကြွကားချပ်တွေကတော့ ခုနစ်နေ့နံ ခုနစ်ရက်သားသမီးတွေအတွက် နေ့နံအလိုက် အလှချိတ်ဆွဲထားနိုင်တဲ့ (၁၄×၃၆) လက်မ အရွယ်အစား ပန်းပုကားချပ်တွေဖြစ်ပါတယ်။ ဒီလပထမပတ်ကမှ မန္တလေးကနေ ဈေးကွက်ထဲကို ဝင်လာတာဖြစ်ပါတယ်။ ဈေးနှုန်းကလဲ တစ်ချပ်ကို ငွေကျပ် ၉၀၀၀၀ လောက်ပဲရှိလို့ အဝယ်များပါတယ်။ ရုံး၊ အိမ်၊ ဆိုင်၊ ဧည့်ခန်းထဲမှာ ပန်းချီကားလို ချိတ်ဆွဲလို့ရတဲ့ ဒီဇိုင်းတွေဖြစ်ပါတယ်။ တနင်္ဂနွေနေ့နံအတွက်ဆိုရင် ဂဠုန်ရုပ်၊ တနင်္လာနေ့နံအတွက်ဆို ကျား စတဲ့ ခုနစ်နေ့စုံ ထုလုပ်ထားတဲ့ ကျွန်းသား ပန်းပုရုပ်ကြွကားချပ်တွေဖြစ်ပါတယ်။ အခုဒီဇင်ဘာလပထမပတ်အတွင်းမှာ ပန်းပုကားချပ် ၁၀ ချပ် ရောင်းချထားပြီး ဖြစ်ပါတယ်"ဟု မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

ASH

# Black Adamဇာတ်ကား ကမ္ဘာတစ်ဝန်း ဝင်ငွေ ကန်ဒေါ်လာ ၃၈၄ သန်းကျော်ရှိလာ

**နယူးယောက် ဒီဇင်ဘာ ၇**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Black Adam ဇာတ်ကားသည် ရုံတင်ပြီး သီတင်းပတ်ခြောက်ပတ်အကြာတွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၃၈၄ သန်းကျော်ထိ ရှိလာပြီဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၆ ရက်တွင် ရေးသားတင်ပြထားသည်။

Black Adam ဇာတ်ကားကို မြောက်အမေရိက ဈေးကွက်နှင့် နိုင်ငံတကာရုပ်ရှင်ဈေးကွက် ၇၄ ခုတို့၌ ရုံတင်ပြသနေခြင်းဖြစ်သည်။

ထို့ပြင် Black Adam ကို နောက်ဆုံးအဓိကနိုင်ငံတကာဈေးကွက်ဖြစ်သည့် ဂျပန်နိုင်ငံ၌ ဒီဇင်ဘာ ၄ ရက်တွင် စတင်ရုံတင်ပြသခဲ့ပြီဖြစ်သည်။

ဝါနာဘရားသားကုမ္ပဏီသည် အဆိုပါဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာသန်း ၁၅၀ ထိ သုံးစွဲခဲ့သည်။

Black Adam ဇာတ်ကားတွင် မင်းသားကြီး ဒွေးဂျွန်ဆင်၊ ပီးရက်ဘရော့နန်တို့က ဦးဆောင်ပါဝင်ထားကြောင်း၊ အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျူမီကော်လက်ဆာရာက ရိုက်ကူးခဲ့ပြီး အမေရိကန်ဈေးကွက်၌ အောက်တိုဘာ ၂၁ ရက်တွင် စတင်ရုံတင်ပြသခဲ့ကြောင်း သိရသည်။

KKO





# အဆိုတော် စိန်လင်း (Aroma)၏ အသည်းစွဲသီချင်း MV ထွက်ရှိမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

အဆိုတော် စိန်လင်း (Aroma) သီဆိုသရုပ်ဆောင်ထားသည့် အသည်းစွဲအမည်ရှိ တေးသီချင်း Music Video (MV) ဒီဇင်ဘာ ၈ရက်တွင် ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အသည်းစွဲအမည်ရှိ တေးသီချင်းMusic Video (MV) ကို ဒါရိုက်တာ အောင်နေရဲ (UG Entertainment) က ရိုက်ကူးထားခြင်းဖြစ်ပြီး တေးရေး ဂျွန်ဘားအံက ရေးစပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီလတွေမှာ တေးသီချင်း Music Video (MV) တွေ ဆက်တိုက်လုပ်ဖြစ်နေပါတယ်။ ဒီဇင်ဘာ ၈ ရက်မှာ ထွက်ရှိလာမဲ့ အသည်းစွဲတေးသီချင်း Music Video (MV)မှာ သရုပ်ဆောင်မြတ်နိုးစံနဲ့ တွဲဖက်သရုပ်ဆောင်ထားပါတယ်"ဟု အဆိုတော် စိန်လင်း (Aroma) က ပြောပြသည်။





အဆိုတော် စိန်လင်း(Aroma)သည် ပြီးခဲ့သည့်နှစ်ဝင်ဘာလအတွင်းက တစ်ထောင်နဲ့ငါးရာအမည်ရှိ တေးသီချင်း Music Video (MV)၊ အောက်တိုဘာလအတွင်းက ထားခဲ့ပါအမည်ရှိ တေးသီချင်း Music Video (MV)၊ မေ့သဘောအမည်ရှိ တေးသီချင်း Music Video (MV) နှင့် ၁၆ နှစ်တစ်ရက်လျော့အမည်ရှိ တေးသီချင်း Music Video (MV)တို့ ထွက်ရှိထားကြောင်း သိရသည်။

အဆိုတော်စိန်လင်း(Aroma)သည် ကိုဗစ်ကာလမှစတင်၍ ယနေ့ထိ မိသားစု၊ အလှူရှင် စေတနာရှင်များနှင့် ပူးပေါင်းကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝင်ငွေနည်း အခက်အခဲရှိမိသားစုများကို ငွေကြေးနှင့်စားသောက်ဖွယ်ရာများ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ASH

# The Ministry of Ungentlemanly Warfare ကို ၂၀၂၃ ခုနှစ်တွင် ရိုက်ကူးမည်

**နယူးယောက် ဒီဇင်ဘာ ၇**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ The Ministry of Ungentlemanly Warfare အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ရိုက်ကူးမည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၆ ရက်တွင် ရေးသားတင်ပြထားသည်။

ဒုတိယကမ္ဘာစစ် နောက်ခံ သူလျှိုလောက လျို့ဝှက်သည်းဖို ဇာတ်ကားဖြစ်သည့် The Ministry of Ungentlemanly Warfare ဇာတ်ကားကို ဒါရိုက်တာ ဂိုင်းရစ်ချီက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်ကား ရိုက်ကူးမည့်အချိန်ကာလကို ဒါရိုက်တာ ဂိုင်းရစ်ချီက အတည်ပြု ထုတ်ပြောခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

The Ministry of Ungentlemanly Warfare ဇာတ်ကား၌ မင်းသား ဟင်နရီကာဗေးနှင့် မင်းသမီး အိုက်ဆာဂွန်ဇာလက်တို့ ပါဝင်မည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားသည် ဒုတိယကမ္ဘာစစ်အတွင်း ဗြိတိန်ဝန်ကြီးချုပ် ချာချီနှင့် ဂျိမ်းစဘွန်းဖန်တီးရှင် အီယန်ဖလဲမင်းတို့ဖွဲ့စည်းခဲ့သော လျို့ဝှက်စစ်ဆင်ရေးအဖွဲ့တစ်ဖွဲ့၏အကြောင်းကို ပုံဖော်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

KKO





# လပွတ္တာမြို့နယ် ရွာသစ်ကျေးရွာ၌ ဆိပ်ခံတံတားတည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**လပွတ္တာ ဒီဇင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် မင်းဘူးကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုး၊ လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်ကျော်သူ၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကော်မတီဝင်များနှင့်အတူ ရွာသစ်ကျေးရွာတွင် အလျားပေ ၂၀၊ အနံ ခုနစ်ပေ၊ အမြင့် ၁၂ ပေရှိ ဆိပ်ခံတံတားတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးရေး အလေးထားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့သည်။

ရွာသစ်ကျေးရွာတွင် ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ အသုံးပြု၍ လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၂၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၁၇ အိမ်၊ လူ ၅၇၆ ဦးတို့အတွက် ရာသီမရွေး သွားလာနိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုးက ပြောပြ၍ သိရသည်။

**မောင်ရိုင်**

# SAC Chairman Prime Minister Senior General Min Aung Hlaing accepts Credentials of Thai Ambassador to Myanmar



Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives Thai Ambassador to Myanmar H.E. Mr. Mongkol Visitstump.

**Nay Pyi Taw December 7**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing accepted the Credentials of designate-Ambassador of Thailand to Myanmar Mr Mongkol Visitstump at the Credentials Hall of the Office of the State Administration Council Chairman in Nay Pyi Taw at 10 am today.

They cordially discussed diplomatic relations between the two countries, promotion of friendly relations and cooperation, plans to cooperate in further improvement of border trade, investment in business and tourism industry, and holding of Myanmar-Thai high-ranking official meeting.

After the meeting, the Senior General and the Thai Ambassador to Myanmar posed for documentary photos.

Also present at the ceremony were Joint Secretary of the Council Lt-Gen Ye Win Oo, Union Minister for Foreign Affairs U Wunna Maung Lwin, Director General U Wunna Han of the Protocol Department and officials from the Thai Embassy and the Office of the Military Attaché of Thailand to Myanmar.

100



Senior General Min Aung Hlaing and Thai Ambassador H.E. Mr. Mongkol Visitstump pose for documentary photo.

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win receives Ambassador of Thailand to Myanmar H.E. Mr. Mongkol Visitstump



Vice-Senior General Soe Win receives Thai Ambassador H.E. Mr. Mongkol Visitstump.

**Nay Pyi Taw December 7**

Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win received Ambassador of Thailand to Myanmar H.E. Mr. Mongkol Visitstump at the Credentials Hall of the Office of the SAC Chairman in Nay Pyi Taw this afternoon.

At the meeting, they cordially exchanged views on further promotion of friendly relations between Myanmar and Thailand, exchange of visits of the governments between both countries and both armed forces, peace and stability in border areas, eradication of illegal trade and illegal labours, development of tourism industry, trade and investment measures, matters relate to Dawei Deep Seaport Project, improvement of border region transport facilities between Myanmar and Thailand and ASEAN affairs.

After the meeting, the Vice-Senior General and the Thai Ambassador exchanged commemorative gifts.

Also present at the meeting together with the Vice-Senior General were Deputy Minister for Foreign Affairs U Kyaw Myo Htut, Permanent Secretary U Chan Aye and officials. The Thai Ambassador to Myanmar was accompanied by First Secretary Ms. Suchanaree Taranatham.

100

# Private sector exceeded over US$15 billion in Myanmar's total trade value until 25 November this FY

**Nay Pyi Taw December 7**

The private sector had exceeded over US$15 billion compared to the State sector in Myanmar's total trade value until 25 November in the current 2022-2023 fiscal year, said sources from the Ministry of Commerce.

Myanmar trades with its trade partner countries in both State and private sectors. Currently, the State is encouraging private sector development in export and import activities.

As such, the private sector has outperformed the State sector. From 1 April to 25 November in the current financial year. The private sector saw an additional income of US$15,087.307 million (over 15 billion) in trading goods.

During the period, national trade value reached US$22,306 million—10,920.720 million in exports and 11,385.335 million in imports. The State sector saw a total trade value of US$3,609.374 million while the private sector earned a total trade value of US$18,696.681 million. Therefore, the private sector exceeded US$15,087.307 million.

In the period, Myanmar exported agricultural, animal, marine, mineral, forest and industrial finished products and imported capital goods, raw materials, consumer goods and CMP raw materials.

336

# Tender to be invited for projects of national grid, construction of transformers in Taninthayi Rehion


Electricity supply facilities.

**Myeik December 7**

The Ministry of Electric Power stated that it will invite businesspersons to implement installation of national grid and construction of transformers in Taninthayi Region.

The electrification plan has been implemented in 496 villages of 18 towns in Dawei, Myeik and Kawthoung districts in the region from 2015 to March 2022..

There remain 759 villages in the region to be electrified.

Taninthayi Region Electrical Engineer Office plans to install the power cables and construct the transformers in Taninthayi Region in 2022-23 fiscal year.

These projects will be implemented with the capital expenditures in the fiscal year.

Tender proposals will be sold at the region electrical engineer office on Yay Road in Peinnedaw Ward of Dawei as of 6 December 2022.

These proposals must be submitted to the same department not later than 19 December. For further information, dial 059-23495, 09-43007840, 09-251001698, 09-4253177242 and 09-402780146.

The Hydropower Implementation Department will implement four hydropower projects on Taninthayi River in 2022-23 fiscal year.

Now, preparations are being made to conduct the feasibility studies for four projects. 336

# Over US$12 million earned from exporting chick pea until 25 November this FY

**Nay Pyi Taw December 7**

Myanmar earned over US$12 million from exporting chick peas until 25 November in the current 2022-2023 financial year, according to the Ministry of Commerce.

Chick pea is both locally and internationally marketable seeing increasing demands since May this year. The crop starts cultivating in October. Therefore, only chick peas in remaining stocks are being traded. Although newly harvested chick peas have yet to come, its demand is increasing due to purchases from bean mills and vermicelli factories.

From 1 April to 25 November this fiscal year, US$675 million was earned from chick pea exports—US$12.649 million in maritime trade and US$0.026 million in border trade.

Chick pea usually sees demands in local markets even when foreign demands decrease.

Currently, leaves plucked from the chick peas that started growing in October are coming to markets. They are worth K5,000 to K6,000 per viss. According to 3 December market data, a basket of chick peas is priced at around K62,000. 336


Photo shows samples of quality chick pea.

# Dental nurse-aid (outsider) nine-month course invites new comers who passed matriculation exam

**Nay Pyi Taw December 7**

The Medical Services Department under the Ministry of Health stated that those who have passed the basic education high school and matriculation examinations may apply for the nine-month dental nurse-aid (outsider) course.

It will be conduted at the Medical Services Department under the Ministry of Health in Nay Pyi Taw.

The applicants must be between aged 18 and 25 on 29 December 2022. Moreover, they must be single.

The course will be conduted at the general hospitals in Nay Pyi Taw, and upon completion, they have to serve as public service personnel for at least two years.

If they cannot attend the end of course or cannot serve the public service personnel for two years, they have to pay K500,000 as fine to the department.

They must show the three passport sized photos, original copy and photo copy of certificate of passing basic education high school or matriculation exam and endorsements on single and other necessary documents.

The department will present certificate of completion of the trainees on completion.

The department accepts applications not later than 4.30 pm on 29 December 2022.

For further information, contact 067-3411142 of the dental health education branch of the Medical Services Department.

336

# Madhya Pradesh: Race against time to save India boy stuck in well

**Delhi December 7**

A rescue operation is underway to save an eight-year-old boy who has been stuck in a narrow well in India for over 16 hours.

Tanmay Sahu fell into the borewell in the central state of Madhya Pradesh while playing with friends on Tuesday evening.

Officials say that he is stuck at about 55ft in the 400ft-deep well.

Rescuers are pumping oxygen to the child but layers of mud mean they cannot assess his condition.

The state's disaster response force is helping with the rescue efforts in Betul district.

District magistrate Shyamendra Jaiswal told ANI news agency that it could take "a couple more hours" to rescue the child.

"It is taking longer than expected because there are stones [inside the well]," he said, adding that rescuers were using excavators to clear the passage.

Chief Minister Shivraj Singh Chouhan tweeted his concern for the child, saying he was in "constant touch with the local administration" and was praying for his wellbeing.

Due to water shortages, several farmers in India set up borewells - deep wells dug into the ground to extract water - for irrigation purposes.

However, after these wells run dry they are abandoned and left uncovered, posing a serious risk to passers-by, especially children.

Several children have died due to suffocation after falling into narrow borewells.

BBC

# Germany arrests 25 accused of plotting coup

**Berlin December 7**

Twenty-five people have been arrested in raids across Germany on suspicion of plotting to overthrow the government.

The group of far-right and ex-military figures are said to have prepared to storm the parliament building, the Reichstag, and seize power.

A minor aristocrat described as Prince Heinrich XIII, 71, is alleged to have been central to their plans.

According to federal prosecutors, he is one of two alleged ringleaders among those arrested across 11 German states.

The plotters are said to include members of the extremist Reichsbürger [Citizens of the Reich] movement, which has long been in the sights of German police over violent attacks and racist conspiracy theories. They also refuse to recognise the modern German state.

Other suspects came from the QAnon movement who believe their country is in the hands of a "deep state".

An estimated 50 men and women are alleged to have been part of the group, said to have plotted to overthrow the republic and replace it with a new state modelled on the Germany of 1871 - an empire called the Second Reich.

"We don't yet have a name for this group," said a spokeswoman for the federal prosecutor's office.

Three thousand officers took part in 130 raids across much of the country, with two people arrested in Austria and Italy. Those detained were due to be questioned later in the day.

BBC

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အမေရိကန်စစ်ဘက်က ယူကရိန်းအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ NASAMS စနစ်များဝယ်ယူရန် Raytheon ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို



အမေရိကန်စစ်ဘက်သည် ယူကရိန်းနိုင်ငံအတွက် အမျိုးသားအဆင့်မြင့်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်(NASAMS) ခြောက်စုံကိုထုတ်လုပ်ပေးရန် ဒုံးကျည်ကာကွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Raytheon ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံတန်ဖိုးရှိသော စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်။

အဆိုပါစာချုပ်သည် ရုရှားတပ်ဖွဲ့များကို တန်ပြန်ထိုးစစ်ဆင်နိုင်ရန်အတွက် ကီယက်ဗ်အားထောက်ပံ့ပေးမည့် အမေရိကန်၏ ပဥ္စမမြောက် လုံခြုံရေးဆိုင်ရာ ထောက်ပံ့ပေးမှုအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းတစ်ခုလည်းဖြစ်သည်။

အမေရိကန်စစ်ဘက်၏ ပြောကြားချက်အရ ၎င်းတို့သည် ပုံမှန် ၂၄ လကြာမြင့်သည့်ထုတ်လုပ်မှုအချိန်ဇယားကို မြန်ဆန်စေရန်နှင့် အပြီးသတ်လုပ်ဆောင်နိုင်ရန် Raytheon ကုမ္ပဏီနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံ၏ အခြေခံအဆောက်အအုံများကို တိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်လာသောကြောင့် ယူကရိန်းအနေဖြင့် လေကြောင်းရန်ကာကွယ်ရေးစနစ်များ အရေးပေါ်လိုအပ်နေခြင်းလည်းဖြစ်သည်။

အမေရိကန်သည် ဝယ်ယူရေးကို အရှိန်အဟုန်နှင့် အလျင်အမြန်လုပ်ဆောင်နိုင်ရေးသည် ထိပ်တန်းဦးစားပေးဖြစ်သည့်အပြင် အဆိုပါစာချုပ်ကို အရှိန်အဟုန်မြင့်လုပ်ဆောင်နိုင်မှုသည် ကုမ္ပဏီလုပ်ဖော်ကိုင်ဖက်များမှတစ်ဆင့် စွမ်းဆောင်ရည်မြင့်မားသောလက်နက်စနစ်များ ယူကရိန်းနိုင်ငံသို့ လျင်မြန်စွာပေးပို့နိုင်ရန်အတွက် အမေရိကန်ကြည်းတပ် စွမ်းဆောင်ရည်များကို ထုတ်ဖော်ပြသမည့် နောက်ထပ်အကြောင်းအရာတစ်ခုဖြစ်ကြောင်း အမေရိကန်ကြည်းတပ်၊ ဝယ်ယူရေးအရာရှိ Douglas R. Bush က ပြောကြားခဲ့သည်။

Raytheon ကုမ္ပဏီက NASAMS လေကြောင်းရန်ကာကွယ်ရေးစနစ်များအပြင် လေ့ကျင့်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာကူညီမှုများကို ယူကရိန်းစစ်ဘက်နှင့်လုံခြုံရေးတပ်ဖွဲ့များထံ ဆက်လက်ပံ့ပိုးပေးဦးမည်ဖြစ်သည်။

ယခုနှစ်အစောပိုင်းတွင် အမေရိကန်သည် ရုရှား၏ ဒုံးကျည်တိုက်ခိုက်လာမှုများကို တုံ့ပြန်ရန်အတွက် NASAMS စနစ်နှစ်စုံကို ကီယက်ဗ်သို့ ပံ့ပိုးပေးရန် ကာကွယ်ရေးကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့သည်။ အဆိုပါစနစ်သည် တပ်ဖွဲ့များအတွင်း ချက်ချင်းပင် တပ်ဖြန့်အသုံးပြုခဲ့သည့်အပြင် ခြိမ်းခြောက်လာသည့် ရန်သူပစ်မှတ်များကို ထိရောက်စွာ ကြားဖြတ်ဟန့်တားနိုင်ခဲ့မှုကို ပြသနိုင်ခဲ့သည်။

Raytheon ကုမ္ပဏီက ထုတ်လုပ်ထားသည့် NASAMS စနစ်သည်ကြီးမားကျယ်ပြန့်သောစစ်မြေပြင်ဧရိယာများကို လွှမ်းခြုံကာကွယ်နိုင်သည့် တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်ခုဖြစ်သည်။

အဆိုပါလေကြောင်းရန်ကာကွယ်ရေးစနစ်သည် ရန်သူ့လေယာဉ်များ၊ ဒရုန်းများနှင့် ခရုဇ်ဒုံးကျည်များကို ရှာဖွေထောက်လှမ်း၊ စိစစ်ခွဲခြား၊ ပစ်ခတ်ဖျက်ဆီးနိုင်ပြီး ဝေဟင်ခြိမ်းခြောက်မှုရန်များမှ ကာကွယ်ပေးနိုင်သည်။

အဆိုပါလက်နက်စနစ်တွင် Sentinel A3 ရေဒါစနစ်ပါရှိပြီး အဆင့်မြှင့်တင်ထားသည့် တာလတ်ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်များကဲ့သို့သော (effectors)ကြားဖြတ်ကိရိယာများ ပါဝင်ဖွဲ့စည်းထားသည်။

အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် William A. LaPlante က NASAMS စနစ်သည် ယူကရိန်းနိုင်ငံကိုပေးပို့မည့် လေကြောင်းရန်ကာကွယ်ရေးစနစ်များထဲမှ နောက်ဆုံးပေါ် လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါ NASAMS စနစ်သည် စစ်မြေပြင်တွင် မတူညီသောစွမ်းဆောင်ရည်များဖြင့် တိုက်ပွဲဝင်သက်သေပြသပေးမည့် စနစ်တစ်ခုလည်းဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

**US Army Awards Raytheon $1.2B for Ukraine NASAMS ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းစစ်ဘက်သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများကို ရုရှားက ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့

ရုရှားတပ်ဖွဲ့ဝင်များသည် ယူကရိန်းနိုင်ငံရှိဒေသအများအပြားတွင် တပ်ဖွဲ့ဝင်များ၊ အနောက်နိုင်ငံကပံ့ပိုးပေးသည့် လက်နက်များအပြင် ရှေ့တန်းစစ်မျက်နှာသို့ စစ်လက်နက်ပစ္စည်းကိရိယာများ အုပ်ချုပ်ထောက်ပံ့မှု၊ သယ်ယူပို့ဆောင်နိုင်မှု စွမ်းဆောင်ရည်များကိုပစ်မှတ်ထား၍ ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၅ ရက်တွင် ပြောကြားခဲ့သည်။ ယူကရိန်းနိုင်ငံမြို့တော်နှင့် ဒေသဆိုင်ရာနေရာအများအပြားတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားခဲ့ကြောင်း ယူကရိန်းအရာရှိများက သတင်းထုတ်ပြန်ခဲ့သည်။

၎င်းတိုက်ခိုက်မှုကြောင့် Kiev ၊ Vinnitsa နှင့် Odessa ဒေသများရှိ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ဆက်စပ်ပစ်မှတ်များပျက်စီးခဲ့ပြီး ဓာတ်အားပြတ်တောက်ခဲ့ကြောင်း ယူကရိန်းဝန်ကြီးချုပ် Denis Shmigal က ပြောကြားခဲ့သည်။

Sumy ဒေသတွင် လုံးလုံးလျားလျားမီးပျက်နေကြောင်း အစီရင်ခံစာများအပြင် Cherkasy၊ Kharkov၊ Krivoy Rog၊ Kirovograd၊ Nikolaev နှင့် Zhitomir တို့တွင် တစ်စိတ်တစ်ပိုင်းပြတ်တောက်မှုများလည်းရှိခဲ့ပြီး အထူးသဖြင့် Dnepropetrovsk ဒေသတွင် ပစ်မှတ်များစွာတိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။

မြို့ကြီးများတွင် လျှပ်စစ်ဓာတ်အားနှင့် ရေပေးဝေမှုအပြင် လျှပ်စစ်ဓာတ်အားလိုင်းများပျက်စီးမှုကြောင့် နိုင်ငံတစ်ဝန်းရှိ မီးရထားလမ်းများ ရပ်ဆိုင်းထားခဲ့ရသည်။

ရုရှားနိုင်ငံသည် ယူကရိန်းတပ်ဖွဲ့ဝင်များ၏ သယ်ယူပို့ဆောင်ရေးကို အနှောင့်အယှက်ဖြစ်စေရန်ရည်ရွယ်၍ မဟာဗျူဟာမြောက်ဗုံးကြဲလေယာဉ်များကိုအသုံးပြုကာ ကြီးမားသောတိုက်ခိုက်မှုတစ်ရပ်ကို လုပ်ဆောင်ခဲ့ကြောင်း၊ ၎င်းတို့၏ အနောက်နိုင်ငံက ပံ့ပိုးပေးသောလက်နက်များ၊ ကိရိယာများနှင့် ခဲယမ်းမီးကျောက်များကို ရှေ့တန်းစစ်မျက်နှာသို့ ပို့ဆောင်ပေးနေသည့် မီးရထားလမ်းများကိုပါ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

"သတ်မှတ်ပေးထားတဲ့ ရည်မှန်းချက် ၁၇ နေရာစလုံးကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ပါတယ်"ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံအတွင်းပိုင်း ကီလိုမီတာ ၅၀၀ ကျော်ရှိသော Saratov နှင့် Ryazan ဒေသများရှိ ရုရှားလေတပ်စခန်းများတွင် ယူကရိန်းတို့ဘက်မှ ဒရုန်းများဖြင့်တိုက်ခိုက်ခဲ့မှုနှင့် တစ်ဆက်တစ်စပ်တည်းလုပ်ဆောင်ခဲ့ခြင်းလည်းဖြစ်သည်။



ရုရှားကာကွယ်ရေး ဝန်ကြီးဌာန၏ အဆိုအရ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့မှ တန်ပြန်ပစ်ချသည့် ဒရုန်းနှင့် ဒုံးကျည်အပျက်အစီးများသည် အဆောက်အအုံများအပေါ် ကျရောက်ပေါက်ကွဲခဲ့ခြင်းကြောင့် တပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကာ လေယာဉ်နှစ်စင်း အနည်းငယ် ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယူကရိန်းတို့ဘက်မှ ကရိုင်းမီးယားတံတားကို ဗုံးခွဲတိုက်ခိုက်မှုသည် ထိုစဉ်က တံတားကြီးတစ်စိတ်တစ်ပိုင်း ပျက်စီးသွားပြီးနောက် ယူကရိန်းနိုင်ငံ အခြေခံအဆောက်အအုံများကို ပစ်မှတ်ထား၍ အောက်တိုဘာလအစောပိုင်းတွင် ရုရှားတို့ဘက်မှ စတင်တိုက်ခိုက်ခဲ့သည်။ ရုရှားအနေဖြင့် အချို့သောပစ်မှတ်များကို ပစ်ခတ်ခြင်း၊ တိုက်ခိုက်ခြင်းမှ အချိန်အတော်ကြာရှောင်ကြဉ်ခဲ့သော်လည်း ၎င်းတိုက်ခိုက်မှုများသည် ရုရှားတို့၏ အရပ်သားအခြေခံအဆောက်အအုံများအပေါ် ကီယက်ဗ်ဘက်မှ ရန်စတိုက်ခိုက်ခြင်းအပေါ် တုံ့ပြန်သည့်အနေဖြင့် ရှောင်လွှဲ၍မရဘဲတိုက်ခိုက်နေရခြင်းဖြစ်ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က ဂျာမနီအဓိပတိ Olaf Scholz ကို ပြီးခဲ့သောသီတင်းပတ်အတွင်း ပြောကြားခဲ့ပြီးဖြစ်သည်။

**Russian missile strikes disrupt Ukrainian military logistics ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မော်လိုက်ခရိုင်တွင် ကြက်သွန်နီနှင့် ကြက်သွန်ဖြူဧက ၉၀၀ ကျော် စိုက်ပျိုးပြီးစီး



**မော်လိုက် ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင်ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီနှင့် ကြက်သွန်ဖြူဧက ၉၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ ၁၂၀၅ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကြက်သွန်နီ ၅၅၉ ဧကနှင့် ကြက်သွန်ဖြူ ၄၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းရာသီကာလ မော်လိုက်ခရိုင်မှာ ကြက်သွန်နီနဲ့ ကြက်သွန်ဖြူဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၀၀ ကျော် စိုက်ပြီးပါပြီ။ အခုဆက်လက်စိုက်ပျိုးနေကြပါတယ်။ ကြက်သွန်စိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်။ ဒီနှစ်ဆောင်းကြက်သွန်တွေလျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် မော်လိုက်ခရိုင်တွင် ကြက်သွန်နီနှင့် ကြက်သွန်ဖြူဧက စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ကြက်သွန်နီ ၁၆၄ ဧကနှင့် ကြက်သွန်ဖြူ ၆၈ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ကြက်သွန်နီ ၃၉၅ ဧကနှင့် ကြက်သွန်ဖြူ ၃၅၉ ဧကတို့ဖြစ်ပြီး ကြက်သွန်နီနှင့်ကြက်သွန်ဖြူစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ကြက်သွန်နီဧက ၂၂၀ နှင့် ကြက်သွန်ဖြူဧက ၁၀၀၊ ဖောင်းပြင်မြို့နယ်တွင် ကြက်သွန်နီ ၄၃၃ ဧကနှင့် ကြက်သွန်ဖြူ ၄၅၂ ဧကတို့ဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်စိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်ဖြူကို ကြာရှည်အထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်စေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကြက်သွန်စိုက်ပျိုးရာတွင် တောင်သူများအနေဖြင့် ကြက်သွန်နီတစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းခန့်ကုန်ကျစရိတ်ရှိပြီး တစ်ဧကထွက်နှုန်းပိဿာချိန် ၅၀၀၀ ခန့်ထွက်ရှိကြောင်းနှင့် ကြက်သွန်ဖြူစိုက်တောင်သူများအနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၅ သိန်းခန့်ကုန်ကျစရိတ်ရှိပြီး တစ်ဧကလျှင် ပိဿာချိန် ၁၅၀၀ မှ ၂၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

(၂၀၆)

# ပခုက္ကူမြို့နယ် ကျည်းပင်ခုံကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**ပခုက္ကူ ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP)စီမံကိန်းဖြင့် ကျည်းပင်ခုံကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်လင်းနိုင်၊ ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ထွန်းနှင့် ဝန်ထမ်းများက ရှားပင်ကျေးရွာအုပ်စု ကျည်းပင်ခုံကျေးရွာ၌ အရှည်ပေ ၆၂၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ အရည်အသွေး ပြည့်မီစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။



အဆိုပါ ကျည်းပင်ခုံကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာလ ပထမပတ်က လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ရာ ယနေ့ထိ ၉၃ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သိရသည်။

**နွဲ့ယဉ်**

# မင်းဘူးမြို့နယ် စိုင်ရှင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိုင်ရှင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ စိုင်ရှင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းရန်ပုံငွေများ မပျောက်ပျက်အောင် ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက စနစ်တကျထိန်းသိမ်းရန်နှင့် စာရင်းဇယားများ တိကျမှန်ကန်စေရေး စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက စိုင်ရှင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၁၅ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးကို ငွေကျပ် ၉ ဒသမ ၈၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ခြောက်သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၇ ဦးကို ငွေကျပ် ၃၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ်ကျေးလက်ဒေဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဇင်မာ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၇-၁၂-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၉၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၀၀၀၀၀ |
| **(ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၆၀၀/၇၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၁၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၉၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၆၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၅၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၄/၂၀၂၂)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၇**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၄/၂၀၂၂) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အထူးစီးပွားရေးဇုန်အလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ ပိုမိုတိုးတက်မှုရှိစေရေး၊ ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်များကို လိုက်နာအကောင်အထည်ဖော်ရေးနှင့် လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် အထူးစီးပွားရေးဇုန်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီဆောင်ရွက်ရေး၊ အထူးစီးပွားရေးဇုန်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီများက ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အထူးစီးပွားရေးဇုန်များ၏ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ဝိုင်းဝန်းဆွေးနွေးကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအသီးသီးမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ ADMM-Plus EWG on CT အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

မြန်မာ-ရုရှား ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသော အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် စီမံကိန်းရေးဆွဲရေးအစည်းအဝေး (Middle Planning Conference) ကို ဒီဇင်ဘာ ၆ ရက်မှ ၇ ရက်ထိ Video Teleconferencing (VTC) စနစ်ဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဦးဆောင်ကျင်းပခဲ့သည်။

အစည်းအဝေးတွင် အာဆီယံအပေါင်း အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်အောင်မျိုးသန့်နှင့် ရုရှားနိုင်ငံမှ ပူးတွဲဥက္ကဋ္ဌ Vice-Admiral Berezovsky D.V တို့က နှုတ်ခွန်းဆက်စကားများပြောကြားပြီး အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန် အာဆီယံနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများအကြား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။






**အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ ၏ ဒုတိယအကြိမ်စီမံကိန်းရေးဆွဲရေးအစည်းအဝေး(Middle Planning Conference) ကို Video Teleconferencing (VTC)စနစ်ဖြင့် ကျင်းပစဉ်။**

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သော ရုရှား၊ တရုတ်၊ အိန္ဒိယတို့မှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ဒေသတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

☆ **ကျောဖုံးမှအဆက်**

အဖွဲ့သူ အဖွဲ့သားများက တိုင်းစစ်ဌာနချုပ် အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ်အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေသီဆိုကပြလျက်ရှိသည်။



**နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များ၊ အရာရှိ၊ စစ်သည်၊ စစ်သည်မိသားစုများနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)မှ အဖွဲ့သူ၊ အဖွဲ့သားများ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်စဉ်။**

ထိုသို့ သွားရောက်ဂုဏ်ပြုသီဆိုကပြဖျော်ဖြေလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ မြစ်ကြီးနားမြို့နှင့် ဗိုင်းမော်မြို့တို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV) မှ အဖွဲ့သူ၊ အဖွဲ့သားများက စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ တပ်မတော်သားများနှင့် မိသားစုဝင်များက စိတ်လက်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ အချို့စစ်သည်များနှင့် မိသားစုများက လွတ်လပ်ပေါ့ပါးစွာဖြင့် အတူတကွ ပါဝင်သီဆိုကြသည်။ ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ၊ အဖွဲ့သားများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက်လက်ဆောင်ပစ္စည်းများပေးအပ်ကြပြီး ဒေသထွက်အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။

ယခုကဲ့သို့ လာရောက်ဖျော်ဖြေနေမှုနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်



မိသားစုဝင်များက အထူးပင် ဝမ်းသာပျော်ရွှင်လျက်ရှိပြီး ဝမ်းသာပီတိစကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-

"အခုလို လာရောက်ဖျော်ဖြေပေးတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ ဖျော်ဖြေသွားတဲ့အစီအစဉ်ထဲမှာ စတိတ်ရှိုးအစီအစဉ်အကြိုက်ဆုံးပါပဲ။ အခုလို ပင်ပန်းနေတဲ့အချိန်မှာ လာရောက်ဖျော်ဖြေပေးတဲ့အတွက် အများကြီးဝမ်းသာမိပါတယ်။ ဒီလိုတွေစီစဉ်ပေးတဲ့ တပ်မတော်အကြီးအကဲတွေ၊ လာရောက်ဖျော်ဖြေပေးကြတဲ့သူတွေရဲ့ စေတနာ၊ မေတ္တာတွေအတွက် အများကြီးကျေးဇူးတင်ပါတယ်"ဟု အရာရှိတစ်ဦးက ပြောသည်။



"ဒီလိုအချိန်မှာ ဒီလိုမျိုးလာရောက်ဖျော်ဖြေပေးတဲ့အတွက် နိုင်ငံတော်အကြီးအကဲတွေကိုလဲ အများကြီးကျေးဇူးတင်ပါတယ်။ နောက်ထပ်လဲ ဒီထက်မကလာပြီးဖျော်ဖြေစေချင်ပါတယ်ရှင်"ဟု မိသားစုဝင်တစ်ဦးက ပြောသည်။

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ အမှတ်အသားတံဆိပ်ကျောက်စာတိုင်ဖွင့်ပွဲနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပ





**မန္တလေး ဒီဇင်ဘာ ၇**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၏ အမှတ်အသားတံဆိပ် ကျောက်စာတိုင်ဖွင့်ပွဲနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို အဆိုပါတက္ကသိုလ်တွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကေသရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်(ရန်ကုန်) ဒေါက်တာ ဘဒ္ဒန္တ ဆေကိန္ဒနှင့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်ပြီး မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေး၊ သာသနာ တော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့်ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်ဆရာ တော်ကြီးများနှင့် သံဃာတော်များက သာသနသုံးလောကသုံး စသောဂါထာကို သုံးကြိမ်ရွတ်ဆိုကာ လူမှုရေးရာဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော်က အမှတ်အသားတံဆိပ် ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ် ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး ဇယန္တောဗောဓိယာမူလေ အစရှိသော ဇယ မင်္ဂလာဂါထာတော်နှစ်ပုဒ်ကို သုံးကြိမ်ရွတ်ဆို ၍ ရုပ်သိမ်းခဲ့သည်။

ထို့နောက် မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ရေစက်ချမင်္ဂလာအခမ်းအနားကို ဆက်လက် ကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရထံမှ ငါးပါးသီလခံယူကာ ပရိတ်တရားတော်များ နာယူကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်(ရန်ကုန်) ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက အနုမောဒနာ တရားချီးမြှင့်ပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တကေသရထံမှ ရေစက်သွန်းချဆုတောင်းကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုရုပ်သိမ်းခဲ့သည်။

အဆိုပါ အမှတ်အသားတံဆိပ် စကျင် ကျောက်စာတိုင်ကို သာသနာ့တက္ကသိုလ် (မန္တလေး) စတင်တည်ထောင်သည့်နှစ်မှ စတင်၍ ယနေ့ထိ သက်တမ်းအားဖြင့် ၃၇ နှစ်ရှိပြီဖြစ်ပြီး စတင်တည်ထောင်ခဲ့သည့် ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ကျေးဇူးတရား ကို အစဉ်အမြဲအမှတ်ရရှိစေရန်၊ သာသနာ တော်မြတ်ကြီးအဓွန့်ရှည်စွာ တည်တံ့စေရန် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျောက်စာ တိုင်အပေါ်ပိုင်းအဝိုင်းကြီးမှာ သာသနာ့ တက္ကသိုလ်(မန္တလေး) စတင်တည်ထောင် သောခုနှစ် သာသနာနှစ်၊ မြန်မာနှစ်နှင့် မန္တလေးမြို့ဟုပါရှိသည့် တက္ကသိုလ်တံဆိပ် တုံးဖြစ်ကြောင်း၊ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ ဟူသော အလှူအားလုံးတို့တွင် တရား အလှူသည် အမြတ်ဆုံးဟု အဓိပ္ပာယ်ရသည့် စာသားပါရှိကြောင်း၊ အဝိုင်းကြီး၏အောက် တွင် ဝိနယပိဋကပိဋက၊ သုတ္တန္တပိဋက၊ အဘိဓမ္မ ပိဋက ပိဋကသုံးပုံ ကိုယ်စားပြုစာအုပ် သုံးအုပ်ပါရှိကြောင်း၊ စာအုပ်၏အောက် တွင် အဝိုင်းနှင့် စာအုပ်ကိုတင်ထားသည့် ကလပ်ဖြစ်ပြီး ကလပ်တွင် တက္ကသိုလ် စတင်အုတ်မြစ်ချသည့် ခုနှစ်နှင့် စတင် ဖွင့်လှစ်သည့်ခုနှစ်ပါရှိကာ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့်ရေးထိုးသားကြောင်း သတင်း ရရှိသည်။

**မျိုးကျော်**



# (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ အကြိုညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

(၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံကို ဒီဇင်ဘာ ၈ ရက် တွင်လည်းကောင်း၊ မြန်မာ့တိုင်းရင်းဆေး ပညာရှင်များ နှီးနှောဖလှယ်ပွဲကို ဒီဇင်ဘာ ၉ ရက်တွင်လည်းကောင်း နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ တွင် ကျင်းပမည်ဖြစ်ပြီး ညီလာခံအကြိုညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင်ကျင်းပရာ သဘာပတိအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဒေါက်တာစုစုဒွေးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များ အဖြစ် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာ အသင်း(ဗဟို)ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် မြန်မာ နိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ နှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ဦးတို့က ဆောင်ရွက် ကြသည်။

အကြိုညှိနှိုင်းဆွေးနွေးပွဲ၌ ညီလာခံ တွင်တင်သွင်းမည့် အဆိုပြုချက် ငါးခုနှင့် ပတ်သက်၍ ညီလာခံကိုယ်စားလှယ်များ ကို အဖွဲ့ငယ်များဖွဲ့စည်းပြီး အဖွဲ့အလိုက် ပါဝင်သင့်သော ပညာရှင်ကြီးများနှင့် နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများကို ရွေးချယ်၍ အုပ်စုငါးစုခွဲကာ အဆိုပြုချက် တစ်ခုချင်းစီအတွက် အုပ်စုအလိုက်ဆွေးနွေး ကြကာ တင်ပြဆွေးနွေးမည့် ကိုယ်စားလှယ် များကို ရွေးချယ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ညီလာခံကိုယ်စားလှယ် တော် ၂၇၈ ဦးနှင့် တာဝန်ရှိသူများသည် နေပြည်တော်ရှိ မာရဝိဇယရုပ်ပွားတော် မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို ကြပြီး (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ် ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပသည့် (၂၁)ကြိမ်မြောက် မြန်မာ့ တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှော ဖလှယ်ပွဲသို့တက်ရောက်လာသည့် ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးမှ တိုင်းရင်းဆေး ပညာရှင်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းရင်းဆေး မိသားစုများအနေဖြင့် မာရဝိဇယရုပ်ပွား တော်မြတ်ကြီးတွင် မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး သုံးခန်းနှင့် စိန်တောင်စကျင် ကနုတ်ပန်း တစ်ခုအတွက် အလှူတော် ငွေကျပ် သိန်းတစ်ရာကို ပေးအပ်လှူဒါန်း ကြသည်။

ဆက်လက်၍ ကိုယ်စားလှယ်တော်ကြီး များနှင့် တာဝန်ရှိသူများသည် အမျိုးသား ပရဆေးဥယျာဉ်သို့ လေ့လာရေးခရီးစဉ် အဖြစ်ရောက်ရှိရာ ဥယျာဉ်တာဝန်ခံက ရှားပါး တိုင်းရင်းဆေးပင်မျိုးစိတ်များ၏ မျိုးရင်းများကို ထိန်းသိမ်းထားရှိပုံနှင့် ပရ ဆေးပင်များ စိုက်ပျိုးထိန်းသိမ်းထားရှိခြင်း များကို ရှင်းလင်းတင်ပြခဲ့ပြီး ကိုယ်စားလှယ် တော်ကြီးများက အမျိုးသားပရဆေးဥယျာဉ် အတွင်း လှည့်လည်လေ့လာကြည့်ရှုခဲ့ ကြသည်။




ထို့နောက် ကိုယ်စားလှယ်တော်ကြီးများ နှင့် တာဝန်ရှိသူများသည် ဥပ္ပါတသန္တိ စေတီတော်ကြီးအား သွားရောက်ဖူးမြော် ကြည်ညို၍ ပန်း၊ ရေချမ်းများကပ်လှူပူဇော် ပြီး ရဋ္ဌနန္ဒက ရတနာဆင်ဖြူတော်လေးအပါ အဝင် အခြားဆင်ဖြူတော်များနှင့် အဖော် ဆင်များထံသွားရောက်၍ အစာအာဟာရ ကျွေးမွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဒီဇင်ဘာ ၇ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈ ဦးတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

ဒီဇင်ဘာ ၆ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၆၆၂၄ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၃၆၉ ဦး |
| သေဆုံးသူ | ၁၉၄၈၈ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၇၉၀၀ ဦး |

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Mongkol Visitstump ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာအထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားခဲ့ပြီး နှစ်နိုင်ငံအကြားရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုပိုမိုမြှင့်တင်ရေး၊ကုန်သွယ်ရေး၊ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများအပါအဝင် နယ်ပယ်ပေါင်းစုံ၌ နှစ်နိုင်ငံအပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့်ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် ပိုမိုနီးကပ်စွာဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Mongkol Visitstump ကို လက်ခံတွေ့ဆုံစဉ်။

# ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့(ငွေလုံးငွေရင်း)၏ ၁/၂၀၂၂ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့(ငွေလုံးငွေရင်း)၏ ၁/၂၀၂၂ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့(ငွေလုံးငွေရင်း)နှင့် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်သည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ ပြည်ထောင်စုအဆင့်ဗဟိုအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တည်ဆောက်ရေးလုပ်ငန်းများလျာထားရာတွင် လုပ်ငန်းစီမံကိန်းများ(Projects)နှင့် လုပ်ငန်းများ (Works)ဆိုပြီးနှစ်ပိုင်းရှိသည့်အပြင် မဟာဗျူဟာမြောက် လုပ်ငန်းစီမံကိန်းများ၊ Project Bankတွင် လျာထားမည့်လုပ်ငန်းစီမံကိန်းများပါဝင်ပါကြောင်း၊ လုပ်ငန်းစီမံကိန်းများအားလုံးကို Myanmar Sustainable Development Plan နှင့်ချိတ်ဆက်ပြီး ဆောင်ရွက်လျက်ရှိသည့်အတွက် တည်ဆောက်ရေးလုပ်ငန်းများကို လျာထားရာတွင် လုပ်ငန်းစီမံကိန်းသစ်၊ ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်းများဖြင့် ခွဲခြားဖော်ပြပြီး မိမိတို့ဝန်ကြီးဌာနများကခွဲဝေရရှိထားသော ငွေလုံးငွေရင်းအသုံးစရိတ်ဘောင်အတွင်းမှ လျာထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မတီဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေတို့က ကော်မတီအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ မူဝါဒများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့(ငွေလုံးငွေရင်း)အတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူတို့က မိမိတို့နှင့်သက်ဆိုင်သည့်ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေး လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အစည်းအဝေးများကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်ရှိ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၂၂) အစည်းအဝေးကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ကော်မတီအဖွဲ့ဝင်များ၊ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းကော်မတီ၏ အဓိကတာဝန်မှာသဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်ရန်နှင့် ဘဏ္ဍာရန်ပုံငွေကို စီမံခန့်ခွဲရာတွင် အမျိုးသားကော်မတီ၏ မူဝါဒ၊ လမ်းညွှန်ချက်၊ သက်ဆိုင်ရာဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုက်ညီစေရေး၊ စနစ်တကျရှိစေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ကော်မတီဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရန်ပုံငွေများကိုသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများ၊ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီလိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဘဏ္ဍာရန်ပုံငွေများကို အကျိုးရှိထိရောက်စွာနှင့် အလေအလွင့်မရှိစေရေး သုံးစွဲရန်လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တင်ပြချက်များအပေါ် ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ(၁/၂၀၂၂) အစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆောင်းရာသီနှင့် နွေဦးကာလများတွင် ဖြစ်ပွားလေ့ရှိသော ဘေးများအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီဝင်များအနေဖြင့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများကို လျင်မြန်ထိရောက်စွာ ကူညီဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးကြရန် ပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီဝင် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ကော်မတီဝင် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၇**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင်လည်း ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကို ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့မှ PDF အဖွဲ့ဝင် အမျိုးသားနှစ်ဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့လွှဲပြောင်းအပ်နှံပေးပြီး ထောက်ပံ့ငွေများပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်မည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏မိဘ အုပ်ထိန်းသူများထံ လွှဲပြောင်း ပေးအပ်ခြင်း အခမ်းအနား ကျင်းပစဉ်။






အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး ကျောင်းသားတစ်ဦးကို စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။

# ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၇**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများနှင့် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(မန္တလေး)ရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဆရာ၊ဆရာမများ၊ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အခြေခံပညာအဆင့် ကျောင်းသား၊ ကျောင်းသူ ၄၉၇ ဦးအတွက် စာရေးကိရိယာများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက အသီးသီးလက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



ရေဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့ရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၁၀၉ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူဦးရေ ၆၉၈၀ နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ဒေသခံပြည်သူ ၈၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၂၂၀၁ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ၁၃၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်ကျွန်းသစ် စုစုပေါင်း ၈၄ ဒသမ ၄၁၂၀ တန် ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၇**

နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်ကျွန်းသစ်စုစုပေါင်း ၈၄ ဒသမ ၄၁၂၀ တန် ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်(Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၄ ရက်ထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ သစ်တောဦးစီးဌာနများက ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၄၁ ဒသမ ၅၆၈၆ တန်၊ သစ်မာ ၈ ဒသမ ၆၆၄၈ တန်၊ အခြား ၃၄ ဒသမ ၁၇၈၆ တန် စုစုပေါင်း ၈၄ ဒသမ ၄၁၂၀ တန်၊ ယာဉ်၊ ယန္တရား ၁၁ စီး၊ ပြစ်မှုကျူးလွန်သူ ၂၄ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဒေသခံပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၇**

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် ကာလအတွင်း ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ဌာနဆိုင်ရာဝန်ထမ်းများနှင့်ဒေသခံပြည်သူများ စားသောက်ရေးအထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ်အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ ဒီဇင်ဘာ ၆ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလံမြို့နှင့် လင်းခေးမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နှင့် မိုင်းတုံမြို့၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ အမ်းမြို့နှင့် ချင်းပြည်နယ် ပလက်ဝမြို့၊စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၊ မကွေးတိုင်းဒေသကြီး ဧတုတ္တရာမြို့နယ်၊ ငဖဲမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့တို့၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့်ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများစသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား

"အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ စည်းလုံးဆောင်ရွက်ကြပါစို့

UNCAC AT 20 : UNITING THE WORLD AGAINST CORRUPTION"

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဒေသခံပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးစဉ်။

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်၊ ဆီထွက်သီးနှံများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကိုဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်မြဝတီမြို့ အာရှလမ်းမပေါ်ရှိ အေးသုခကျေးရွာ PTT ဆီဆိုင်အနီး၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် နှစ်စီးပေါ်မှ အကောက်ခွန်မဲ့ မြေပဲဆန်အိတ် ၂၀၀၀၀ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀ နှင့် အဆိုပါ ဆီထွက်သီးနှံများ တင်ဆောင်လာသော မော်တော်ယာဉ် နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏



စီမံခန့်ခွဲမှုဖြင့် မုံရွာမြို့ မအူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ TOYOTA WISH အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင်သစ်မျိုးစုံ ၄၅ ဒသမ ၂၄၈၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၉၂၅၄၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော အဝတ်အထည်များ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၄၇၀၀၀၀ နှင့် အဆိုပါအဝတ်အထည်များ တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၄၇၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၅ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှု အမှုတွဲ ၁၂ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၆၆၂၅၄၈ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ရေပူကျေးရွာနေ နေကိုလင်းသည် ၎င်းအသုံးပြုသည့် "Nay Ko Lin"Facebookအကောင့်ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မြစ်ရောနဒီ ရစ်ခွေကာသီ အမိမြေမြန်မာပြည်(၂)

ကိုကိုပံသု(ပခုက္ကူတက္ကသိုလ်)

**ဧရာဝတီ မြစ်မိခင်၊ မြန်မာ့အသက်သွေးကြောသင်**
**သွေးကြောင့် ဖွံ့ဖြိုးစည်ပင်၊ မြန်မာ့အလှလည်းဆင်**

စာရေးသူရဲ့ဆရာဖြစ်သူ ဆရာကြီး ဒေါက်တာ ဦးသိန်းရဲ့ ခွန်အားကြီးမားသောဧရာဝတီ (The Mighty Ayeyawady) ခေါင်းစဉ်နဲ့ အင်္ဂလိပ်ဘာသာနဲ့ရေးသားခဲ့တဲ့ဆောင်းပါးရဲ့အဖွင့်မှာ အထက်ပါကဗျာတိုလေးနဲ့ ရေးဖွဲ့ထားခဲ့ပါတယ်။ ဆရာကြီးက ဧရာဝတီမြစ်ကြီးကို မိခင်တစ်ဦးအဖြစ် တင်စားရေးသားခဲ့ပြီး မြန်မာပြည်ရဲ့ အသက်သွေးကြောလို့လဲ တင်စားရေးသားခဲ့ပြန်ပါတယ်။ ဆရာကြီးကဲ့သို့ပင် ဧရာဝတီမြစ်ကြီးကို မရှိမဖြစ် မြစ်ဧရာဝတီ၊ အမိပြည်မြန်မာစည်ပင်ကာ သာယာဝပြောစေဖို့ အစဉ်ပေးဆပ်နေသူ၊ တိုင်းသူပြည်သား အများသူငါ အားထားရသောမြစ်ဧရာလို့ စသည်စသည် ရေးဖွဲ့သီခဲ့ကြတာပါ။

ဘယ်လိုပဲ ရေးဖွဲ့သီကြပေမဲ့လဲ စာရေးသူဟာ အမိမြေမှာမွေးဖွားခဲ့ပြီး အမိမြေမှာပဲ ကြီးပြင်းခဲ့ရသူ၊ မြစ်ဧရာအနောက်ဘက်ကမ်းက ဧရာအနောက်မြို့တော်လို့ တင်စားခေါ်ဝေါ်နေကြတဲ့ ပခုက္ကူမြို့မှာ မွေးဖွားခဲ့တဲ့ အညာသားစစ်စစ်ဖြစ်ပါတယ်။ ငယ်စဉ်ကာလ ကလေးဘဝကတည်းက မြစ်ကြီးဧရာပေါ်မှာ ခရီးသွားခဲ့ရသူ၊ ဖြတ်ကျော်ကာ အရှေ့ဘက်ကမ်းကို သွားခဲ့ရသူဖြစ်ပါတယ်။ အခုအချိန်အခါလို ဧရာဝတီမြစ်ကူးတံတားကြီးတစ်စင်း ထီးထီးမားမားပေါ်ပေါက်မလာခင် ဟိုအရင်အချိန်ကဆို ပခုက္ကူမြို့လေးဟာ မြစ်ဧရာကိုသာ အဓိကအားထားလို့ သွားလာကြရတာပါ။ သွားလာရေးအတွက် အင်မတန်ခက်ခဲလှပါတယ်။ မြစ်ဧရာအရှေ့ဘက်ကမ်းကို ကူးသန်းဖို့ရာ သမ္ဗန်ကြီးတွေနဲ့ဖြစ်ဖြစ်၊ စက်လှေငယ်လေးတွေနဲ့ဖြစ်ဖြစ် အချိန်တော်တော်ပေးပြီးမှ ခက်ခက်ခဲခဲ ကူးဖြတ်ကြရတာပါ။ ပုဂံ၊ ညောင်ဦး၊ ပုပ္ပားဒေသတွေဟာ နီးရက်နဲ့ဝေးခဲ့ရတာပါ။ အခုတော့ နေ့ချင်းပြန် ခရီးသွားလို့ရပါပြီ။ ပုဂံမြေက ဘုရားတွေကို အားပါးတရဖူးတွေ့ခွင့်ရနေပါပြီ။ စိမ်းလန်းစိုပြည် ပုပ္ပားတောင်ခြေမှာလဲ အေးဆေးသာယာအပန်းဖြေနားနေခွင့်ရခဲ့ပါပြီ။

မြစ်ဧရာဝတီကို အသက်သွေးကြောလို့ တင်စားမှုကို လွန်ကဲတယ်လို့ ထင်မြင်ကောင်းထင်မြင်ကြပါမယ်။ အမှန်မှာတော့ ကျွန်ုပ်တို့ရဲ့ ကိုယ်ခန္ဓာကြီး အသက်ရှင်လှုပ်ရှားနိုင်ဖို့၊ သန်စွမ်းကျန်းမာရွှင်လန်းစွာနေနိုင်ကြစေဖို့၊ စိတ်သွားတိုင်းကိုယ်ပါ လိုရာဆန္ဒပြည့်ဝကြစေဖို့ အဓိကလုပ်ဆောင်ပေးတာက မိမိတို့ရဲ့ခန္ဓာကိုယ်ထဲက သွေးကြောကြီးငယ် အသွယ်သွယ်တွေသာဖြစ်ကြပါတယ်။ နှလုံးကနေ ပို့လွှတ်ပေးလိုက်တဲ့သွေးတွေဟာ သွေးကြောငယ်၊ သွေးကြောမျှင်တွေကတစ်ဆင့် ကိုယ်ခန္ဓာအနှံ့ရောက်ရှိသွားစေပါတယ်။ ခန္ဓာကိုယ်အတွက် မရှိမဖြစ်အသက်သွေးကြောတွေပါ။ အဲဒီသွေးကြောတွေကြောင့်သာ ဒီအသက်နဲ့ ဒီခန္ဓာတည်မြဲနေရတာပါ။ သွေးကြောတွေ ပိတ်ဆို့နေပြီး သွေးလည်ပတ်မှု ပုံမှန်မဟုတ်တဲ့အခါ ခန္ဓာကိုယ်ရဲ့ လှုပ်ရှားမှုတွေဟာ ရပ်ဆိုင်းသွားပြီး လေဖြတ်တာ၊ မေ့မြောတာတွေ ဖြစ်ပေါ်လာကာ နောက်ဆုံးမှာတော့ အသက်ဆုံးရှုံးကြရတော့တာပါ။

သွေးကြောတွေလိုပါပဲ မြစ်ဧရာဝတီနဲ့အတူ မြန်မာနိုင်ငံအတွင်းမှာ မြောက်မှတောင်ကို စီးဆင်းနေတဲ့ မြစ်လက်တက်တွေ၊ မြစ်ငယ်တွေ၊ ချောင်းငယ်တွေအားလုံးဟာလဲ အဓိကနေရာကနေပြီးတော့ စီးဆင်းနေကြတယ်ဆိုတာ အများအသိဖြစ်ပါတယ်။ မြစ်ဝှမ်းတစ်လျှောက်က နုန်းတင်မြေနုတွေမှာ စိုက်ကြပျိုးကြဆိုတော့ စပါးဆန်ရေနဲ့ ကောက်ပဲသီးနှံတွေ ပေါ်ကြွယ်စေတာပါ။ မြန်မာ့စပါးကျီလို့ တင်စားရမဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဆိုတာ အမိဧရာအဆုံးသတ်ရာ မြေမဟာဖြစ်ပါတယ်။ မြစ်မကြီးကနေပြီး မြစ်ခွဲတွေ ခွဲထွက်လာတော့ မြစ်ဝကျွန်းပေါ်ဆိုတာ ဖြစ်တည်လာရပါတယ်။ ရေစီးနဲ့အတူ သယ်ဆောင်လာတဲ့ အနည်အနှစ်တွေကို ပို့ချခြင်းအားဖြင့် မြေနုလွင်ပြင် (မြစ်ဝကျွန်းပေါ်) ကို ဖြစ်ပေါ်စေတာပါ။ မြစ်ဧရာဝတီဟာ မုတ္တမပင်လယ်ကွေ့ထဲကို မြစ်ခွဲပေါင်းကိုးခုနဲ့ ခွဲထွက်ပြီး စီးဝင်နေကြတာပါ။ သယ်ဆောင်လာတဲ့ အနည်အနှစ်တွေ ပို့ချမှုကြောင့် မြစ်ဝကျွန်းပေါ်ကြီးဟာ ပင်လယ်ဘက်ကို တိုး၍တိုး၍ ကြီးမားကျယ်ပြန့်တဲ့မြေပြင်ကို ဖြစ်ပေါ်လာပါတယ်။

မြစ်ဝကျွန်းပေါ်ကြီး ပင်လယ်ပြင်ဘက်ကို တိုးချဲ့ကြီးထွားနေမှုကို ဘူမိသိပ္ပံပညာရှင်တွေက လေ့လာနေဆဲ၊ သုတေသနပြုနေဆဲပါ။ အနည်တွေနှစ်စဉ်ပို့ချနေမှု၊ ကုန်းမြေတဖြည်းဖြည်းတိုးပွားနေမှုကို ကောင်းကင်ဓာတ်ပုံတွေကို လေ့လာတာ၊ ပင်လယ်ပြင်သုတေသနပြုလုပ်တာ၊ အနည်ကျနှုန်းနဲ့အနည်တွေရဲ့ သက်တမ်းကို တွက်ချက်တာတွေကို ခေတ်မီနည်းပညာတွေ အသုံးပြုပြီး လေ့လာနေဆဲဖြစ်ပါတယ်။ မြစ်ဧရာဝတီ သုတေသနကို ၁၉၃၄ ခုနှစ်လောက်က စတင်ခဲ့တာကို လေ့လာသိရှိရပါတယ်။ စစ်ကြိုခေတ် ရန်ကုန်တက္ကသိုလ် ပါမောက္ခဒေါက်တာ ချစ်ဘာက ဧရာဝတီမြစ်ဝကျွန်းပေါ်ကြီးဟာ နှစ်တစ်ရာအတွင်းမှာ ပင်လယ်ဘက်ကို သုံးမိုင်လောက်တိုးချဲ့နေတယ်လို့ လေ့လာဖော်ပြခဲ့ပါတယ်။

အခုအခါမှာ အများသူငါသိရှိပြီးဖြစ်တဲ့ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသကြီးဟာ ဧရိယာစတုရန်းမိုင်ပေါင်း ၁၃၀၀၀ ကျော်ထိ ရှိနေပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးဖို့အတွက် မြေဩဇာအကောင်းဆုံးမြေလွှာ၊ အကောင်းဆုံးနေရာဖြစ်လို့ မြန်မာ့စပါးကျီလို့ တင်စားခဲ့ကြတာပါ။ ဆန်စပါးဟာ လူသားတွေအသက်ရှင်ရပ်တည်မှုအတွက် အလွန်အရေးပါနေတာကြောင့် ဧရာဝတီဟာလဲ အဓိကနေရာမှာ ပါဝင်နေတာကို မြစ်ဝကျွန်းပေါ်ကြီးက သက်သေပြနေပါတော့တယ်။

ဧရာဝတီရဲ့ သမိုင်းဖြစ်စဉ်ဟာ အလွန်ရှည်လျားပြီး အင်မတန်စိတ်ဝင်စားဖွယ်ဖြစ်ပါတယ်။ ဘူမိဗေဒပညာရှင်တွေရဲ့ လေ့လာမှုအရ တင်ပြရရင် မြစ်ဧရာဝတီ အစပြုခဲ့သည်မှာ လွန်ခဲ့သောနှစ်သန်းပေါင်းငါးသန်းလောက်အချိန်က စတင်ခဲ့ပါတယ်။ အဲဒီအချိန်မှာ မြစ်ငယ်နှစ်စင်းက စတင်စီးဆင်းနေခဲ့ပါတယ်။ ဆိုလိုတာက အဲဒီမြစ်နှစ်စင်းဟာ ရွှေဦးဧရာဝတီမြစ်နဲ့ ရွှေဦးချင်းတွင်းမြစ်တွေပဲဖြစ်ကြပါတယ်။ အဲဒီတုန်းကဆိုရင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်ဆိုပြီး ပီပီပြင်ပြင် ရှိမနေသေးတာအမှန်ပါ။ အဲဒီမြစ်နှစ်စင်းဟာ အပြိုင်စီးဆင်းနေကြပြီး ရွှေဦးမြန်မာပြည်ကြီးရဲ့ မြောက်ဖျားမှာပဲရှိနေဆဲဖြစ်တဲ့ ပင်လယ်ကမ်းစပ်ကို စီးဝင်ခဲ့ကြတာပါ။ မြန်မာပြည်ရဲ့ကုန်းမြေဟာ အလွန်သေးငယ်နေဆဲဖြစ်ပြီး ပင်လယ်ရေပြင်ဟာ တောင်ဘက်သို့ တဖြည်းဖြည်းဆုတ်ခွာတာကြောင့် အခုလက်ရှိ ပင်လယ်ကမ်းရိုးတန်းဖြစ်ပေါ်ခဲ့တာပါ။ အဲဒီဖြစ်စဉ်တွေဟာ နှစ်ပေါင်းသန်းနဲ့ချီပြီး ကြာမြင့်ခဲ့တာပါ။

ရွှေဦးဧရာဝတီနဲ့ ရွှေဦးချင်းတွင်းတို့ စီးဝင်တဲ့ နေရာ ပင်လယ်ပြင်ဟာ မြန်မာပြည်ရဲ့မြောက်ဖျားဒေသမှာပဲရှိနေတာလို့ ယူဆရမှာပါ။ အဲဒီနောက်မှာတော့ မြစ်တွေဟာ တဖြည်းဖြည်းချင်းကြီးထွားဖွံ့ဖြိုးလာကြပြီး ရေစီးရေလာကောင်းမွန်တာ၊ ရေလုံးကြီးမားလာတာတို့ကြောင့် အရှိန်အဟုန်ပြင်းပြင်းနဲ့ အလယ်ပိုင်းရပ်ဝန်းမှာ စီးဆင်းနေကြပါတော့တယ်။ တစ်ချိန်တည်းမှာပဲ မြစ်တွေရဲ့အရှေ့ဘက်၊ အနောက်ဘက်ဒေသကြီးတွေဟာ မြင့်တက်လာခဲ့ကြပြီး အရှေ့ဘက်မှာ ရှမ်းရိုးမ၊ အနောက်ဘက်မှာ ချင်း-ရခိုင်ရိုးမကြီးတွေ မြင့်တက်လာခဲ့တာပါ။ အရှေ့ဘက်တောင်ကုန်းဒေသဟာ အနောက်ဘက်ကုန်းမြင့်တွေထက် အချိန်စောပြီး မြင့်တက်လာခဲ့ကြပါတယ်။ ဤတွင် မြန်မာနိုင်ငံအလယ်ပိုင်း မြေနိမ့်လွင်ပြင်ဆိုတာလဲ ဖြစ်ပေါ်လာပြီး ချင်းတွင်းဧရာမြစ်နှစ်မြွာတို့စီးဆင်းခဲ့ရာ လွင်ပြင်ဆိုတာ ဖြစ်ပေါ်လာပါတယ်။

ဒီနေ့တည်ရှိနေတဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ကြီးဟာ မြစ်ဧရာက သယ်ဆောင်လာခဲ့တဲ့ အနည်အနှစ်တွေ ပို့ချခဲ့တာကြောင့် အသစ်ဖြစ်ပေါ်လာတဲ့ ကုန်းမြေနုဖြစ်ပါတယ်။ အဲဒီလိုပို့ချမှုကြောင့် နှစ်သန်းပေါင်းများစွာ ကြာမြင့်လာတဲ့အခါ ပင်လယ်ဘက်ကို တိုးထွက်လာတဲ့ကုန်းမြေဆိုတာ ဖြစ်လာပါတော့တယ်။ အဲဒီကုန်းမြေဟာ မြစ်ဧရာက သယ်ဆောင်လာတဲ့ မြေနုတွေ၊ ကျောက်စရစ်ခဲတွေ၊ ကျောက်လုံးငယ်တွေနဲ့ တည်ဆောက်ထားတာပါ။ တစ်နည်းဆိုရရင် မြစ်ဧရာဝတီဟာ ထာဝရတည်ဆောက်မှုကို ဖန်တီးပေးသူ သဘာဝဗိသုကာကြီးလို့လဲ တင်စားလောက်ပါပေတယ်။

အမိဧရာဝတီကို စာဖွဲ့မမီတာတော့အမှန်ပါ။ သမိုင်းအဆက်ဆက် ပြန်ပြောင်းလို့ကြည့်လိုက်ရင်လဲ မြန်မာတို့ရဲ့မြို့ပြတည်ဆောက်မှု၊ ယဉ်ကျေးမှု၊ သာယာဝပြောမှု စတာတွေဟာ သမိုင်းမတင်မီကာလတွေက အမိဧရာ မြစ်နဒီကြောတစ်လျှောက်မှာ တည်ရှိနေခဲ့တာပါ။ ကျောက်ခေတ်၊ သံခေတ်၊ ကြေးခေတ်ကနေ ဒီနေ့ကာလထိတိုင် အဆင့်ဆင့်ပြောင်းလဲခဲ့တာကို သမိုင်းသုတေသီတွေက လေ့လာဖော်ထုတ်ခဲ့ကြပြီးပါပြီ။ အညာသားယဉ်ကျေးမှု၊ လူသားအစမြန်မာက၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် စတဲ့မြန်မာမင်းဆက်တွေနဲ့ ပျူ၊ ကမ်းယံ၊ သက်၊ မွန်ဂို စတဲ့မျိုးရိုးအစဉ်အဆက် ဆင်းသက်လာခဲ့မှု စတာတွေကိုလဲ မြစ်ကြီးဧရာရဲ့ မြစ်ဝှမ်းနံဘေးက နေရာဟောင်းတွေမှာ ရှိနေခဲ့ကြတာပါ။

ထင်ရှားသိသာ အမိဧရာက ပြောပြနေတဲ့ မြို့ပြယဉ်ကျေးမှုတွေကိုတော့ တကောင်း၊ ပုဂံ၊ အင်းဝ၊ စစ်ကိုင်း၊ အမရပူရ၊ မန္တလေးနဲ့ သရေခေတ္တရာ စတဲ့နေရာတွေဟာ သမိုင်းမှတ်တိုင်တွေပါ။ မြန်မာတို့ရဲ့ ရှည်လျားထွေပြားလှတဲ့ သမိုင်းကြောင်းဖြစ်စဉ် အဆိုးအကောင်း၊ အကျိုးအကြောင်းတွေနဲ့ ပြောင်းလဲနေခဲ့တဲ့ အခြေအနေအားလုံးကို အမိဧရာက အတိအကျ၊ အသေအချာ သက်သေပြနေလျက်ပါ။

မြစ်ကြီးဧရာဝတီကို မြေပြင်ကို တည်ဆောက်နေတဲ့ ဗိသုကာ၊ ခွန်အားကြီးမားသူ၊ အမြဲအစဉ်ရှင်သန်ထက်မြက်သူ၊ လူသားများစွာရဲ့ အကျိုးစီးပွားအတွက် အာဟာရခွန်အားစပါးဆန်ရေ ကြွယ်ဝစေသူ၊ မြစ်ဝှမ်းဒေသတွေရဲ့ ယဉ်ကျေးမှုကို တိုးတက်စေသူအဖြစ် တင်စားထိုက်ပေတယ်။ ခွန်အားကြီးမား သဘာဝအလှတွေကိုပေးစွမ်းနေသူ မြစ်ကြီးဧရာ ထာဝရတည်နေပါစေ။ အမိမြေမှာ ကာလရှည်ကြာ တည်နေပါစေ ဆုမွန်ချွေလျက် ရေးသားလိုက်ရပါသည်။

> ❖ အမိဧရာဝတီကို စာဖွဲ့မမီတာတော့အမှန်ပါ။ သမိုင်းအဆက်ဆက် ပြန်ပြောင်းလို့ကြည့်လိုက်ရင်လဲ မြန်မာတို့ရဲ့မြို့ပြတည်ဆောက်မှု၊ ယဉ်ကျေးမှု၊ သာယာဝပြောမှု စတာတွေဟာ သမိုင်းမတင်မီကာလတွေက အမိဧရာ မြစ်နဒီကြောတစ်လျှောက်မှာ တည်ရှိနေခဲ့တာပါ။ ကျောက်ခေတ်၊ သံခေတ်၊ ကြေးခေတ်ကနေ ဒီနေ့ကာလထိတိုင် အဆင့်ဆင့်ပြောင်းလဲခဲ့တာကို သမိုင်းသုတေသီတွေက လေ့လာဖော်ထုတ်ခဲ့ကြပြီးပါပြီ။ အညာသားယဉ်ကျေးမှု၊ လူသားအစမြန်မာက၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် စတဲ့မြန်မာမင်းဆက်တွေနဲ့ ပျူ၊ ကမ်းယံ၊ သက်၊ မွန်ဂို စတဲ့မျိုးရိုးအစဉ်အဆက် ဆင်းသက်လာခဲ့မှု စတာတွေကိုလဲ မြစ်ကြီးဧရာရဲ့ မြစ်ဝှမ်းနံဘေးက နေရာဟောင်းတွေမှာရှိနေခဲ့ကြတာပါ။ ❖

**ကိုးကား**

**– ဦးသိန်း, ၂၀၁၈၊ ခွန်အားကြီးမားသော ဧရာဝတီ၊ ဘူမိဗေဒဌာန၊ မန္တလေးတက္ကသိုလ်**

# မြို့သစ်မြို့နယ် ညောင်ဇင်ကျေးရွာ၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မြို့သစ် ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆောင်ရွက်လျက်ရှိသည့် ညောင်ဇင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်ခိုင်နှင့်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ညောင်ဇင်ကျေးရွာ၌ VDP စီမံကိန်းပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် လမ်းရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ညောင်ဇင်ကျေးရွာ၌ လမ်းအရှည် ၆၁၅ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို VDP စီမံကိန်းပံ့ပိုးရန်ပုံငွေ ကျပ်သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၇ သိန်း စုစုပေါင်းငွေကျပ် ၁၁၇ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်ခိုင်က ပြောပြ၍ သိရသည်။

**ကျော်ဦး**

0 w Mv H @

# မြေနိမ့်ရပ်ဝန်း

မမလေး



(၁)

"ဘော် ဘော်"

ဘူတာအနားနီး၍ ဥသြဆွဲကာ တရွေ့ရွေ့လိမ့်လာသောရထားသံကြောင့် ဂျစ်တူး ဆော့လက်စဂျင်ကို ပစ်ချကာ-

"အစ်မရေ ရထားလာပြီ မြန်မြန်လာ"

အသံကုန်အော်၍ ဘူတာဆီသို့ သုတ်ခြေတင်ပြေး၏။ ဂျစ်တူး၏အသိပေးသံကြောင့် စနေမလည်း တည်လက်စမန်ကျည်းရွက်ဟင်းအိုးကိုချကာ ဘူတာဆီသို့ဦးတည်ရ၏။ ရထားနှင့်လွဲချော်သွား၍ မဖြစ်ပေ။ စနေမတို့မိသားစု၏စားဝတ်နေရေးသည် ထိုရထားကြီးနှင့်ရထားပေါ်တွင် လိုက်ပါလာသောခရီးသည်များနှင့် တိုက်ရိုက်သက်ဆိုင်မှုရှိသည်မဟုတ်ပါလော။ စနေမတို့မိသားစုတစ်စုပင်မဟုတ်ပါလေ။ မီးရထားဝင်းပိုင်မြေ၏ကျူးကျော်တဲလေးတွင်နေထိုင်ကြသော စနေမတို့ကဲ့သို့ မိသားစုများ၏ဝမ်းစာအတွက် အစုန်၊ အဆန်ပြေးဆွဲနေသော ကျေးဇူးရှင်မီးရထားကြီးပါပေ။ မြီးကောင်ပေါက်စအရွယ်စနေမလည်း ခြေတစ်လှမ်းကုဋေတစ်သန်းထိုက်သည့် ဆင်မယဉ်သာရွေးရိုးများဘေးချိတ်၍ ခန္ဓာကိုယ်ထက်နှစ်ဆကျယ်သော အမေ့လုံချည်ကို ဆွဲစုလျက် ဒူးအထက်သို့ ခပ်တိုတိုဝတ်ကာ မာရသွန်ပွဲဆင်နွှဲရပေသည်။ ခြေဗလာနှင့် အပြေးလာ၍ အဝေးမှလှမ်းမြင်ရသောရထားကို လက်ခါယမ်းကာ-

"ရေသန့်ဘူးလေးတွေပစ်ချခဲ့ပါ၊ အချိုရည်ဘူးခွံလေးတွေ ပစ်ချပေးခဲ့ကြပါ၊ ရေသန့်ဘူးတွေ ပစ်ချပေးခဲ့ပါ၊ အချိုရည်ဘူးခွံလေးတွေ ပစ်ချပေးခဲ့ပါ"

အာခေါင်ခြစ်၍ ထပ်ကာထပ်ကာအော်သံသည် ရထားသံကို လွှမ်းမိုးနိုင်၏။ ခရီးသည်များ၏ ကရုဏာကြေးစွန့်ကြလိုက်သော ရေသန့်ဘူးခွံ၊ အချိုရည်ဘူးခွံများသည် စနေမတို့မိသားစု၏ ထမင်းအိုး ဖာထေးနိုင်သည်ကို မီးရထားကြီးသိကောင်းနိုင်ပါ၏။

(၂)

"အစ်မ သား ကောက်ခဲ့တာအများကြီးပဲ ကြည့်ပါအုံး"

ဂျစ်တူးက ပခုံးပေါ်သို့ထမ်းလွယ်ထားသည့်အိတ်ကို လွှဲချ၍ အားပါးတရဖြေပြ၏။

"အစ်မလဲ ဒီနေ့အများကြီးရတယ်"

စနေမလည်း သူသယ်လာသည့်အိတ်ကို မျက်စပစ်ပြကာ ပြုံး၍စကားဆို၏။

"အစ်မ ဒီမှာကြည့်စမ်းပါအုံး"

ဂျစ်တူးက အားပါးတရခေါ်သံနှင့်အတူ အိတ်ကပ်ထဲမှ ငွေစက္ကူငါးရာတန်တစ်ရွက်ကိုထုတ်ပြ၏။

"ဘယ်ကရလဲသိလား"

ဂျစ်တူးသည် ငွေငါးရာ၏တန်ခိုးကြောင့် မျက်လုံးများအရောင်လဲ့ကာ အပြုံးများရွှင်ပျနေ၏။

"သိတယ် ရထားပေါ်က ချပေးခဲ့တာမဟုတ်လား"

စနေမစကားကြောင့် ဂျစ်တူးက လက်ထဲမှ ပိုက်ဆံငါးရာတန်ကို ကျစ်ကျစ်ပါအောင်ဆုပ်လျက်-

"ဒါ လွယ်လွယ်နဲ့ရခဲ့တဲ့ပိုက်ဆံမဟုတ်ဘူး။ ဖိုးသာအေးတို့အုပ်စုနဲ့ အပြိုင်လုခဲ့ရတာ။ သားရသွားတာကံကောင်းလို့"

ဂျစ်တူးစကားကြောင့် စနေမလည်း ကျေနပ်စွာ ပြုံးလိုက်သည်။

"အစ်မ အရင်က ရေသန့်ဘူးရတာတွေနဲ့ အခုငါးရာနဲ့ဆိုရင်လေ မုန့်လက်ကောက်ဝယ်စားလို့ရလား"

ဂျစ်တူးစကားကြောင့် စနေမပြုံးလိုက်၍ -

"ငတုံးလေး မုန့်လက်ကောက်က ငွေတစ်ရာနဲ့တင်ရတယ်လေ"

"အစ်မကလဲ သေချာလဲမသိဘဲနဲ့။ သားစားချင်တာဈေးထဲက မုန့်လက်ကောက်မဟုတ်ပါဘူး။ ရှုံပိုင်ကြီးသမီးစားတဲ့ မြို့ကမုန့်လက်ကောက်ဖာလေးထဲထည့်ထားပြီး ညိုညိုလေးနဲ့လေ။ အပေါ်မှာလဲ ထန်းလျက်ရည်ပဲ ဆမ်းထားတာမဟုတ်ဘူး ရောင်စုံအတုံးလေးတွေနဲ့လေ။ သားက အဲဒါစားချင်တာ"

ဂျစ်တူး၏ သရုပ်ဖော်စကားကြောင့် စနေမ ထိုမုန့်ကို ကွက်ကွက်ကွင်းကွင်းပြေးမြင်မိသည်။ စနေမကိုယ်တိုင်လည်း ရှုံပိုင်ကြီးသမီး စားနေကတည်းက ထိုမုန့်ကို စားချင်နေမိသည်။ ငွေငါးရာနှင့် ဂျော်ဒိုးနပ်စားချင်နေသည့် ဂျစ်တူးလေးကိုကြည့်ကာ စနေမစိတ်မကောင်းဖြစ်ရပေသည်။

(၃)

"ဒန်တွေဝယ်တယ်၊ ကြေးတွေဝယ်တယ်၊ ရေသန့်ဘူးခွံတွေဝယ်တယ်၊ အချိုရည်ဘူးခွံတွေဝယ်တယ်"

အဝေးမှပျံ့လွင့်လာသော အဟောင်းဝယ်သည့်ဈေးသည်အသံကြောင့် စနေမတို့မောင်နှမနှစ်ယောက်ကောက်ထားသောဘူးခွံများကို အသေအချာဆွဲထုတ်ကာ ပုံချထားလိုက်သည်။

"အင်း ဒါတွေ ရောင်းလို့ရတဲ့ပိုက်ဆံကို နည်းနည်းချင်းစုထားလိုက်ရင် ကြာရင်တော့ ဂျော်ဒိုးနပ်ဝယ်စားလို့ရမှာပဲ"ဟု အတွေးတချို့ဝင်လာစဉ်မှာပင်-

"ဟေ့ ကလေးမ ဒီနေ့ကော ရောင်းစရာရှိလား"

အဟောင်းဝယ်သည့်ချစ်တီးစကားကြောင့် စနေမ ခေါင်းညိတ်ပြလိုက်သည်။

"ဦးလေးကို စောင့်နေတာ။ ရှိတယ်"

ရေသန့်ဘူးခွံများနှင့် အချိုရည်ဘူးခွံများကို အမျိုးအစားခွဲထုတ်လိုက်သည်။ ပစ္စည်းအမျိုးအစားအလိုက်ခွဲတမ်းချ၍ ရောင်းရငွေကျပ် ၁၀၅၀ သည် နေ့လယ်စာအတွက် ဘဲဥဟင်းကို မှန်းနိုင် ကောင်းပါ၏။

(၄)

"စနေမရေ လာအုံး"

အရီးမြခေါ်သံကြောင့် အပြေးတစ်ပိုင်းလေး လာခဲ့သည်။

"ညည်း ဘာအလုပ်ရှိသေးလဲ"

"အခုမရှိသေးဘူးအရီးရဲ့ ဘာခိုင်းမလို့လဲ"

"မန္တေး မြို့ကကျောင်းပိတ်လို့ ပြန်ရောက်နေပြီ။ အဲဒါ သူ့အဝတ်တွေလျှော်ခိုင်းမလို့။ ညည်းကိုလဲ မုန့်ဖိုးပေးမယ်လေ"

အရီးမြ၏စကားကြောင့် စနေမ မျက်လုံးများအရောင်တောက်သွားသည်။ ငွေမရရင်နေပါစေ။ မန္တေးအဝတ်လှလှလေးများကို လျှော်ရတာနည်းတဲ့အခွင့်အရေးမှတ်လို့။ အကျီအတွန့်အဖတ်လေးကို သေချာကိုင်ကြည့်ပြီး စိတ်ကူးယဉ်ပိုင်ခွင့်ရှိသည်။ မန္တေးကလည်း စိတ်ကောင်းရှိသည်။ သူမဝတ်ချင်တော့သည့်အကျီလေးများလည်းပေးသည်။ မုန့်ဖိုးလည်းရဦးမည်။ မည်မျှကောင်းပါသနည်း။

"လျှော်မယ်အရီးမြ။ သမီး အခု လိုက်လျှော်ပေးမယ်လေ"

စနေမ၏သွက်လက်တက်ကြွသောဟန်ကိုကြည့်၍ အရီးမြပြုံးမိသည်။ ဒီကလေးမလေး ကလေးပီသသည်။ တက်ကြွသွက်လက်၍ ခိုင်းရပေါ့ပါးသည်ဟု မှတ်ချက်ပေးမိသည်။

(၅)

"အမေရေ အမေ"

အဝတ်ထုပ်ပိုက်၍ အော်ဟစ်ပြေးလာသောစနေမကို မိခင်ဖြစ်သူက မျက်စောင်းနှင့်လှည့်ကြည့်၏။

"ဟဲ့ စနေမ ငါ နားမကန်းသေးဘူး။ ဘာဖြစ်လို့အော်ဟစ်လာတာလဲ။ နင်ဟာလေ ဘယ်လောက်ပြောပြောကိုမရဘူး"

"ဝမ်းသာလို့ပါ အမေရဲ့။ ကြည့်ပါအုံး ဒီမှာ"

မိခင်၏ ငြူစူသံကို နားမဝင်နိုင်ဘဲ စနေမက လက်ထဲကအထုပ်ကို အသည်းအသန်ဖြေပြနေ၏။

"အမေရယ်ကြည့်ပါအုံး လှလိုက်တာ မန္တေးက သမီးကို အပိုင်ပေးလိုက်တာ"

ပြောပြောဆိုဆိုဖြင့် အကျီကို ကပျာကယာဝတ်၍ ကိုယ်ဟန်ကို တစ်ပတ်လှည့်ပြ၏။

"ဟဲ့ သိမ်းထားလေ အသွားအလာကျရင် ဝတ်ရအောင်"

"ဩော်. . . အမေ့ အသွားအလာဆိုလို့လေ မန္တေးက သန်ဘက်ခါ မြို့သွားရင် သမီးကို အဖော်အဖြစ်ခေါ်သွားမလို့တဲ့ လိုက်သွားမယ်နော်အမေ"

စနေမစကားကြောင့် ဒေါ်မူခေတ္တတိတ်ဆိတ်သွားသည်။ မြို့ကိုသွားချင်သည်ဆိုပဲ။ ဒီကလေးမကတော့။

"နော် အမေ နော် နော်လို့"

စနေမ၏ ထပ်ဆင့်နားပူနားဆာတိုက်သံကြောင့်

"ကြွ ကြွ ခေါ်ရင်လိုက်သွား"

ဒေါ်မူ၏ စိတ်မရှည်သောအသံသည် စနေမနားထဲသို့ သိန်းရာချီဆုကြီးပေါက်သကဲ့သို့ ပျော်ရွှင်စွာ ခုန်ပေါက်စေသည်။

"ဒါမှ စနေမအမေကွ"

အလိုပြည့်၍ မိခင်၏ပါးတစ်ဖက်ကိုနမ်းလိုက်၏။

"ချွဲမနေနဲ့ သွား ညနေစာချက်တော့ အဝတ်တွေကို သေချာသိမ်းသွား"

"ဟုတ်"

အားပါးတရခေါင်းညိတ်ကာ အဝတ်များကိုသိမ်း၍ ဖျတ်လတ်တက်ကြွစွာ ထွက်သွားသောစနေမ၏ နောက်ကြောကိုကြည့်ရင်း ဒေါ်မူသက်ပြင်းရှည်ကြီး ချမိပြန်သည်။

(၆)

"အစ်မ နင် မြို့သွားမလို့ဆို"

"အေး ဟုတ်တယ်ဟ နင်လဲ ငါ့အရွယ်ရောက်လာရင် သွားရမှာပါ"

ဂျစ်တူးမျက်နှာမလှဘဲ အားငယ်နေမှန်းသိ၍ အားပေးသည့်အသံနှင့်ပြောလိုက်၏။ သို့သော် ဂျစ်တူးထံမှ မည်သည့်မှုပြန်မကြားရ။

"ဂျစ်တူးကလဲဟာ ငါတောင် မန္တေးအဖော်ခေါ်လို့လိုက်ရတာ။ နင့်ကို ငါက ဘယ်လိုခေါ်လို့ရမှာလဲ။ ဒါပေမဲ့လဲ နင်စားချင်တဲ့ ဂျော်ဒိုးနပ် ငါဝယ်ခဲ့မယ်"

"ဟင် အစ်မ နင်တကယ်ပြောတာလား"

ထိုအခါမှ ဂျစ်တူးမျက်နှာဝင်းလဲ့ကာ အသံထွက်လာ၏။

"တကယ်ပေါ့ ငါတို့စုထားတဲ့ ပိုက်ဆံနဲ့ဝယ်ခဲ့မယ်"

"ဟေး မြို့က မုန့်လက်ကောက်စားရတော့မယ်"

"ဂျစ်တူးရယ် ဂျော်ဒိုးနပ်ပါဟယ်။ နင်ကလဲ တောသားမှန်းသိသာတာ"

စနေမ သူ့စကားကို သဘောကျ၍ ပြုံးဖြဲဖြဲဖြစ်ရသည်။ သန်ဘက်ခါကို မျှော်တွေးရင်း အပျော်ကြီးပျော်နေမိပေသည်။

(၇)

ဖြောင့်ဖြူးချောမွတ်နေသော ကတ္တရာလမ်းမကြီး၊ တိုက်တာကြီးများနှင့် ကြော်ငြာဆိုင်းဘုတ်ကြီးများက အစ မြင်တွေ့ရသမျှသည် စနေမမျက်စိထဲ အဆန်းတကြယ်များပင်။ လူးလာတုံ့ခေါက်ပြေးနေသော ကားတန်းရှည်ကြီးများ၊ မိုးမျှော်တိုက်တာကြီးများနှင့် စည်ကားရှုပ်ထွေးလှသည့် ဤအရပ်ကိုမြို့ဟုခေါ်သည်ဟု မှတ်ချက်ချမိပြန်သည်။ ဘေးနားကပ်ဖြတ်သွားသော ဆိုင်ကယ်နှင့်ကားများကို ကြောက်လွန်း၍ မန္တေးကိုဖက်ထားကာ မြင်ကွင်းစိမ်းများကို မနားတမ်းငေးကြည့်နေသည်။ လေအရှိန်ကြောင့် သတိရမိတိုင်း အိတ်ကပ်ထဲက ငွေ ၂၅၀၀ ကို စမ်းကြည့်ရသည်မှာလည်းအမောပင်။ မန္တေးခေါ်ရာလိုက်ခဲ့၍ စတိုးဆိုင်ကြီးများ တစ်ဆိုင်ဝင်၊ တစ်ဆိုင်ထွက်ရောက်ခဲ့သည်။ မြင်သမျှအသစ်အဆန်းများသည် လိုချင်ဖွယ်ရာများပင်။

စာမျက်နှာ ၂၅သို့ ➤

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ ပြည်ပသို့ ကုလားပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆၇၅ သန်းရရှိ



**နေပြည်တော် ဒီဇင်ဘာ ၇**

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ကုလားပဲတင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆၇၅ သန်း နိုင်ငံခြားဝင်ငွေ ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏သတင်းများအရ သိရသည်။

ပြည်တွင်းကုလားပဲဈေးကွက်တွင် ယခုနှစ် မေလမှစတင်၍ ပြည်ပဝယ်လက် အဝယ်သွက်နေပြီး ပြည်တွင်းဝယ်ယူလိုအားလည်း မြင့်တက်လာနေသဖြင့် ဈေးကွက်သွက်လက်လှုပ်ရှားလာကာ ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း၊ ကုလားပဲများကို ပြည်ပသို့လည်း အပတ်စဉ်၊ လစဉ်တင်ပို့ရောင်းချပေးလျက်ရှိသောကြောင့် ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းက အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆၄၉ သန်းဖိုးနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများက အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၆သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ရာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆၇၅ သန်း နိုင်ငံခြားဝင်ငွေ ရရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အောက်တိုဘာလအတွင်း စိုက်ပျိုးခဲ့သည့်ကုလားပဲပင်များမှ ရွက်နုများကိုခူးဆွတ်၍ ဈေးကွက်သို့ တင်ပို့ရောင်းချပေးနေပြီး ကုလားပဲရွက်တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ မှ ၆၀၀၀ ထိ ဈေးနှုန်းရရှိနေကြောင်း၊ ယခုနှစ် ဒီဇင်ဘာ ၃ ရက်ထိ ပြည်တွင်းဈေးကွက်များတွင် ကုလားပဲခြမ်းတစ်တင်းလျှင် ငွေကျပ် ၆၂၀၀၀ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။ SKL

➤ စာမျက်နှာ ၂၄မှအဆက်

"စနေမ လျှောက်မငေးနဲ့ မြန်မြန်လာ"

မန္တေးဝယ်ထားသည့်အထုပ်များကို မနိုင်မနင်းသယ်ရင်း အငေးမှာတ်ကျနေသည်မှာ လေးသည်မထင်မိပါ။ ထိုသို့ အထုပ်ဆွဲ၍ လိုက်နေရခြင်းကိုပင် ပီတိဖြစ်မိပေသည်။

"အိုး . . ပိုက်ဆံချမ်းသာတဲ့တစ်နေ့ကျရင်တော့ မြို့ကြီးကိုလာပြီး ဂျစ်တူးလိုချင်သမျှနဲ့ စနေမ လိုချင်သမျှအားလုံး အမေ့ကိုဝယ်ခိုင်းမယ်။ ဟိုအရုပ်လေးရယ်၊ ဒီအင်္ကျီလေးရယ်"စသည်ဖြင့် မျက်စိစရန်သတ်နေမိသည်။

"ဟဲ့"

အသံနှင့်အတူ ဒေါက်ခနဲငယ်ထိပ်ပူသွားရသည်။

"နင်ဟာလေ ငေးမနေနဲ့"

မန္တေး၏ ဆူငေါက်လက်ပါမှုကို စပ်ဖြဖြမျက်နှာထားဖြင့် မျက်နှာချိုသွေးရသည်။ လိုအပ်သည်များဝယ်၍ ကုန်တိုက်မှထွက်ခဲ့ပေသည်။

"မန္တေး စနေမကို ဂျေဒိုးနပ်ဆိုင်ပို့ပေးနော်။ ဂျစ်တူးလေးအတွက် မုန့်ဝယ်ချင်လို့"

"နင်က ပိုက်ဆံပါလို့လား"

မျက်ခုံးပင့်၍မေးလာသော မန္တေးကို အိတ်ကပ်ရိုက်ပြကာ-

"၂၅၀၀ ပါပါတယ်မန္တေးရဲ့။ ရပ်ပေးနော်"

မဲ့ပြုံးပြုံးလိုက်သော်လည်း ခေါင်းညိတ်ပြသည့်မန္တေးကြောင့် စနေမ ကျေနပ်သွားရသည်။

(၈)

ခေါင်းမော့ကြည့်ရသောမုန့်တိုက်ကြီးရှေ့တွင် ဆိုင်ကယ်ရပ်ပေးသည်။

"သွားဝယ်လေ"

မန္တေးက မေးငေါ့ပြော၏။

"မန္တေးက မလိုက်ဘူးလား"

"သွားဝယ် အစ်မ ဖုန်းဆက်စရာရှိလို့"

မချင့်မရဲစိတ်ဖြင့် ဆိုင်ထဲသို့ဝင်ခဲ့သည်။ မှန်အိမ်ထဲတွင် အစီအရီထည့်ထားသောမုန့်မျိုးစုံနှင့် တိုးတိုးကြိတ်ကြိတ်ဝယ်ယူနေကြသော လူအုပ်ကြားတိုးဝှေ့ရောက်လာခဲ့သည်။ ရောင်စုံခရင်မ်အနှစ်များနှင့်ပြုလုပ်ထားသောမွေးနေ့ကိတ်ကြီးကို ဂျစ်တူးသာမြင်လျှင် မည်မျှစားချင်မည်နည်း။

"ဟဲ့ ကလေးမ ဘာယူမလို့လဲ"

ဆိုင်ရှင်ဟုယူဆရသည့်အန်တီကြီး၏စကားကြားမှ ငေးမောခြင်းများ ရပ်တန့်သွား၏။ အိတ်ကပ်ထဲမှ ငွေအနွမ်းလေး ၂၅၀၀ ကျပ်ကို ဆိုင်ရှင်ထံကမ်းပေး၍-

"ဂျေဒိုးနပ်တစ်ခုပါအန်တီ"

စနေမ ကမ်းပေးသောငွေကိုယူ၍ ဆိုင်ရှင်အန်တီကြီးမှာ အနောက်သို့ဝင်ရန်ပြင်ဆင်လိုက်ချိန်မှာပင်-

"မနေ့က မွေးနေ့ကိတ်အော်ဒါလာယူတာပါ"

ဝယ်သူတစ်ဦး၏အသံကြောင့် ပြန်လှည့်ကာ မှန်အိမ်ထဲမှမွေးနေ့ကိတ်ကိုထုတ်ပေး၏။ ဝယ်သူတစ်ဦးပြီးတစ်ဦးမုန့်အမျိုးစုံလက်မလည်အောင် ရောင်းနေရသည်ကို စနေမရပ်၍ကြည့်နေ၏။ အချိန်အတန်ကြာမှ-

"ကောင်မလေး ဘာယူမလို့လဲ"

ဆိုင်ရှင်အန်တီကြီး၏မေးခွန်းကို ဒုတိယအကြိမ်ထပ်ဖြေရပြန်၏။

"ဂျေဒိုးနပ်တစ်ခုအန်တီ"

သည်တစ်ခါ အနောက်သို့ဝင်သွားသောအန်တီကြီး၏လက်ထဲ၌ ဂျေဒိုးနပ်ဖာလေးပါလာ၏။

"ရော့"

ကမ်းပေးသောမုန့်ကို လှမ်းယူ၍ ထွက်ခဲ့စဉ်-

"ဟဲ့ ကောင်မလေး ပိုက်ဆံပေးလေ"

အန်တီကြီး၏စကားကြောင့် စနေမကြောင်သွားရသည်။

"သမီးပေးပြီးပြီလေ"

"ဘာ ဘယ်မှာပေးလို့လဲ။ နင့်ကို အခုမှ မုန့်ပေးတာလေ ပိုက်ဆံက ဘယ်တုန်းကပေးလို့လဲ"

"သမီး အစောကတည်းကမှာတော့ အန်တီကို ပိုက်ဆံအရင်ပေးလိုက်တာပါ။ ကြာနေပြီ အန်တီက အခုမှ မုန့်ပေးတာ"

စနေမ၏ဖြေရှင်းချက်ကို အန်တီကြီးက ဟားတိုက်ရယ်၏။

"ဘယ့်နှယ်တော် ရုပ်လေးသနားကမားနဲ့ ကလိမ်ကကျစ်လာလုပ်နေတယ်။ လိုချင်ရင် တောင်းစားဟဲ့"

မထင်မှတ်သောစကားများနှင့်အတူ ဆိုင်ထဲမှလူများ၏ သို့လောသို့လောအကြည့်တို့သည် စနေမထံစုပုံနေ၏။

"မဟုတ်ဘူး အန်တီ သမီးပေးလိုက်တယ်"

ဝမ်းနည်းရှက်ရွံ့စိတ်များကြောင့် မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာသည်။

"သူခိုးလူမိမှ မျက်ရည်ခံမထိုးနဲ့ လိုချင်ရင်တောင်းစား။ စေတနာမဲ့ဘူး။ ဆိုင်ထဲထိလာပြီး ကလိမ်ကကျစ်မလုပ်နဲ့ ယူသွား သွားသွား။ ဖြောင်လိမ်ဖြောင်စားတွေ ထွက်သွား နောက်တစ်ခါ ဆိုင်အရိပ်တောင် လာမနင်းနဲ့"

ခွေးတစ်ကောင်ကိုမောင်းထုတ်သကဲ့သို့စကားများကို ခံနိုင်ရည်ရှိအောင် လက်ထဲမှမုန့်လေးကိုသာ ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားမိသည်။ စိတ်ရှိတိုင်းသာဆိုလျှင် ထိုမုန့်ထုပ်ကို ပစ်ချ၍ထွက်သွားချင်သော်လည်း ခြေဗလာနှင့်ရထားအမီလိုက်ပြီး ရေသန့်ဘူးကောက်ခဲ့ရသည့်ချွေးစက်များကို အမှတ်ရကာ-

"အစ်မရေ ဝယ်ဖြစ်အောင်ဝယ်လာနော် သားမျှော်နေမှာ"စသည့် ဂျစ်တူး၏ စကားသံများက နားထဲတွင် ပဲ့တင်ထပ်လာသည်။ ဂျေဒိုးနပ်မုန့်ဖိုး စနေမပေးခဲ့သည်ကို ကိုယ်တိုင်သိသည်။ "ဖြောင်လိမ်ဖြောင်စားကလိမ်ကကျစ်တဲ့လားအန်တီရယ်၊ ပုံစံကြည့်ကတည်းက ဘယ်လိုအတန်းစားမှန်းသိတယ်တဲ့လား ပြောထွက်လိုက်တာအန်တီရယ်။ ပြောပါ ပြောပါ" ဟု နားနှင့်မဆံ့တော့သည့်စကားလုံးကို စနေမကျောခိုင်းပြီး ခေါင်းမော့ရင်ကော့ထွက်လာခဲ့သည်။ သည်မုန့်ကို တန်ရာတန်ကြေးပေးခဲ့သည့်အတွက် လိပ်ပြာလုံစွာထွက်လာခဲ့သော်လည်း လူလူချင်းချိုးနှိမ်အထင်သေးသည့်စကားများအတွက် မျက်ရည်ကျမိသည်။ ထိုမျက်ရည်များနှင့်အတူ ကောင်းကင်ကိုမော့ကြည့်၍ မြေနိမ့်ရပ်ဝန်း၌လည်း ယုံကြည်ခြင်းနှင့် မေတ္တာမိုးများ တစ်ခါတစ်လှည့်တော့ ရွာချပေးပါလို့ အော်ဟစ်ပြောလိုက်ချင်ပါသည်။

## တောရွာအလှ ညဆည်းဆာ

\- တိမ်ပန်းတွေ နီနီရဲလို့
ပန်းချီထဲထက် လှတဲ့ခါ၊
ညင်းလေပြည် မူပိုနွဲ့လို့
လူပျိုလှည့်လာ၊
ကျေးတောရဲ့ ဆည်းဆာ
မန်ကျည်းတမာနံ့မွှေး၊
ဆက်ရက် စာ အငြိမ့်ခန်းနဲ့
အိပ်တန်းတက်တေး။

\- နွားပျိုတွေ ဟိုသည်ပြေးတော့
ရွာလမ်းလေး ဖုန်ထနေ၊
မောင်းကြသံ ဆူညံပွက်
ရောယှက်လို့ပေ၊
တောအလှ ပျိုဖြူတွေ
ရေချိုးရန် ကန်ဆီဆင်း၊
ကိုယ်လူပျို အရေးလှအောင်
တေးသဆိုညင်း။

\- တို့တောရွာ တောသီချင်းနဲ့
မောခြင်းတို့ ဖြေဖျောက်ဟန်၊
ဆီမီးလှျူ ရေချမ်းကပ်လို့
မြတ်ကုသိုလ်ပန်၊
စားသောက်တဲ့ အိုးခွက်သံ
မိုးထက်ယံ ညံစေရော၊
အညာတစ်ခွင် ရွာစဉ်ဝေလှေ့နဲ့
မွှေ့ပျော်ဖွယ် သဘော။

\- ညခင်းမှာ အလှချင်းနှောတဲ့
လမင်းချောရဲ့ ညဇာတ်ခုံ၊
ကြယ်လေးတွေ ခရီးမဖင့်
မီးဖွင့်လို့စုံ၊
တိမ်ကားလိပ် တင်ချိန်ကြို
ရင်ခုန်ဖွယ် သည်ညခင်း၊
ရေနွေး အမြည်းစုံစွာနဲ့
ဘုံမဟာ ရွာသူသားတို့
အို့ . . .
ရှုစားကြခြင်း။ ။

**လွမ်းလေးကို(သရက်)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ရာသီဥတုပြောင်းလဲမှုကြောင့် အီဂျစ်နိုင်ငံ၏ ပိရမစ်များနှင့် ရှေးဟောင်းပစ္စည်းအမွေအနှစ်များ လာမည့်နှစ်ပေါင်း ၃၀ အတွင်း ယိုယွင်းပျက်စီးနိုင်



**ကိုင်ရို ဒီဇင်ဘာ ၇**

အီဂျစ်နိုင်ငံ၏ ကြီးမားသော ပိရမစ်များနှင့် ရှေးဟောင်းပစ္စည်း အမွေအနှစ်များအနေဖြင့် ရာသီ ဥတုပြောင်းလဲမှုနှင့် ရေလွှမ်းမိုးမှု များကြောင့် လာမည့်နှစ်ပေါင်း ၃၀ အတွင်း ယိုယွင်းပျက်စီးကာ အချို့ မှာ ပျောက်ဆုံးသွားနိုင်သည်ဟု Bibliotheca Alexandrina ရှိ ရှေးဟောင်းပစ္စည်းပြတိုက် ဒါရိုက် တာ Hussein Abdek Basir က ဒီဇင်ဘာ ၆ ရက်က ပြောကြားခဲ့ သည်ဟု ART News.com သတင်းဌာနက ယနေ့တွင် ရေးသား ဖော်ပြထားသည်။

ဘီစီ ၃၃၁ က တည်ဆောက်ခဲ့ ပြီး ပင်လယ်ရေမျက်နှာပြင်အောက် နိမ့်ကျလျက်ရှိသော Luxor မြို့ရှိ ရှေးဟောင်း ဘုရားကျောင်းနှင့် အီဂျစ်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ် သည့် Alexender မြို့ရှိရှေးဟောင်း ဘုရားကျောင်းများ အပါအဝင် အီဂျစ်ရှေးဟောင်း သုတေသန နေရာများကို လာမည့်နှစ်ပေါင်း ၃၀ တွင် ရေလွှမ်းမိုးရန်ခြိမ်းခြောက် မှုများရှိနေကြောင်း သိရသည်။

လေထုညစ်ညမ်းမှု၊ ပြင်းထန် သောရာသီဥတုဆိုင်ရာခြိမ်းခြောက် မှုများက အီဂျစ်နိုင်ငံ၏ သဘာဝ အတိုင်းတည်ရှိနေသေးသော ယဉ် ကျေးမှုအမွေအနှစ် နေရာများ၏ ခြောက်ပုံတစ်ပုံခန့်ကို နှစ်စဉ်ခြိမ်း ခြောက်ခံနေရကြောင်း ၎င်းက ပြောကြားထားသည်။

မြေထဲပင်လယ်နှင့် နိုင်းမြစ်တစ် လျှောက် မြေနိမ့်ပိုင်းရှိ အီဂျစ်နိုင်ငံ ၏မြို့များသည် ရေရှည်တည်တံ့မှု ဆိုင်ရာလုပ်ငန်းများကို ဦးစားပေး မလုပ်ဆောင်ပါက ရာသီဥတု ပြောင်းလဲမှု၏ ဆိုးရွားသောအကျိုး ဆက်များကို မြင်တွေ့လာရမည်ဖြစ် ပြီး အပူလှိုင်းများ၊ သဲမုန်တိုင်းများ၊ မိုးသက်မုန်တိုင်းများ တိုးလာခြင်း ကြောင့် ရှေးဟောင်းရုပ်တုများကို ထိခိုက် လာစေမည်ဖြစ်ကြောင်း၊ အီဂျစ်နိုင်ငံ တောင်ပိုင်းရှိ As-wan ကဲ့သို့ မြို့များတွင် နေ့အပူ ချိန်သည် ၁၀၀ ဒီဂရီဖာရင်ဟိုက် ထက် ကျော်လွန်လျက်ရှိပြီး ပူပြင်း လွန်းသောနေ့အပူချိန်နှင့် အေးမြ သော ညအပူချိန်တို့ကြားတွင် အပူချိန် ရုတ်ချည်းပြောင်းလဲမှု ကြောင့် ရှေးဟောင်းအဆောက် အအုံများမှာ အက်ကွဲလာပြီး ယဉ် ကျေးမှုဆိုင်ရာ အမွေအနှစ်များ ယိုယွင်းမှု ပိုမိုဖြစ်ပွားလာကြောင်း သိရသည်။ AZH

# အိန္ဒိယနိုင်ငံ အန်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် မန်ဒိုစ်ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်ဖွယ်ရှိ

**နယူးဒေလီ ဒီဇင်ဘာ ၇**

အိန္ဒိယနိုင်ငံ အန်ဒရာပရာဒေ့ရှ် ပြည်နယ် တောင်ပိုင်းခရိုင်များတွင် ဒီဇင်ဘာ ၆ ရက်က မန်ဒိုစ်ဟုအမည် ပေးထားသည့် ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ဖွယ် ရှိနေ ကြောင်း အိန္ဒိယ ဗဟိုမိုးလေဝသ စင်တာကထုတ်ပြန်ခဲ့သည်ဟု NIE သတင်းဌာနက ယနေ့တွင် ရေးသား ဖော်ပြခဲ့သည်။

မုန်တိုင်းဝင်ရောက်ဖွယ်ရှိနေ သည့် ခရိုင်များမှာ နယ်လ်လိုခရိုင်၊ ပရာကာဆမ်ခရိုင်၊ ချစ်တောရ်ခရိုင် နှင့် အနန်တာပူရ်ခရိုင်တို့ဖြစ်ပြီး ၎င်းခရိုင်များတွင် မိုးရေချိန်မြင့်မား စွာရွာသွန်းလျက်ရှိပြီး လမ်းမကြီး တချို့တွင် ရေလွှမ်းမှုများလည်းဖြစ် ပေါ်နေရာ ဘင်္ဂလားပင်လယ်အော် တွင် လေဖိအားနည်းနေသည့် အတွက် လာမည့်ရက်ပိုင်းအတွင်း မုန်တိုင်း ဝင်ရောက်လာဖွယ်ရှိနေ ကြောင်း အိန္ဒိယ ဗဟိုမိုးလေဝသ စင်တာက ထုတ်ပြန်သွားခဲ့သည်။ မုန်တိုင်းသည် အန်ဒရာပရာဒေ့ရှ် ပြည်နယ်အပြင် တမီလ်နာဒူ ပြည်နယ်သို့ပါ တိုက်ခတ်ဖွယ်ရှိနေ ပြီး အစောဆုံး ဒီဇင်ဘာ ၈ ရက် တွင် အန်ဒရာပရာဒေ့ရှ်ကမ်းခြေသို့ ရောက်ရှိလာဖွယ်ရှိနေသည်။ မုန် တိုင်းကြောင့် မိုးရေချိန်မြင့်မားလာ ဖွယ်ရှိနေသလို မိုးကြိုးပစ်သည့် ဖြစ်စဉ်များလည်း ဖြစ်ပေါ်လာနိုင် ပြီး မုန်တိုင်းသည် သုံးရက်ခန့်အကြာ တိုက်ခတ်ဖွယ်ရှိနေကြောင်း ဗဟို မိုးလေဝသစင်တာက ခန့်မှန်းချက် ထုတ်ပြန်သွားခဲ့သည်။

"မုန်တိုင်းဝင်ရောက်နိုင်တဲ့ခရိုင် တွေမှာ ကြိုတင်ပြင်ဆင်ဖို့အတွက် ပြည်နယ်အာဏာပိုင်အဖွဲ့အစည်း က ညွှန်ကြားထားပါတယ်။ ကယ် ဆယ်ရေး အဖွဲ့အစည်းတွေကိုလဲ လိုအပ်တာတွေ ကြိုတင်ပြင်ဆင်ပြီး ကယ်ဆယ်ရေးပစ္စည်းတွေစုဆောင်း ထားဖို့လဲ ညွှန်ကြားထားပါတယ်။ ပြည်နယ်သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးရန်ပုံငွေအဖွဲ့က အဖွဲ့ ငယ် ၁၁ ဖွဲ့နဲ့ အမျိုးသားသဘာဝ ဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့က အဖွဲ့ငယ် ၁၀ ဖွဲ့ကို ကယ်ဆယ်ရေး လုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ဖို့ ကြိုတင်ဖွဲ့စည်းထားဖို့လဲ ညွှန်ကြား ထားပါတယ်"ဟု အန်ဒရာပရာ ဒေ့ရှ်ပြည်နယ် အာဏာပိုင်အဖွဲ့ အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ရာဂျီ ဝေါက်ဘာက ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# သစ်တောပြုန်းတီးမှုနှင့်ဆက်နွှယ်နေသည့် သွင်းကုန်တားမြစ်ရေးဥပဒေကို ဥရောပသမဂ္ဂသဘောတူ

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၇**

ဘယ်လ်ဂျီယံနိုင်ငံ အခြေစိုက် ဥရောပသမဂ္ဂအဖွဲ့အစည်းက သစ် တောပြုန်းတီးမှုနှင့် ဆက်နွှယ်နေ သည့် သွင်းကုန်တားမြစ်ရေးဥပဒေ ကိုအတည်ပြုရန် သဘောတူညီမှုရရှိ ခဲ့ပြီဖြစ်ကြောင်း ဥရောပသမဂ္ဂအဖွဲ့ အစည်းက ထုတ်ပြန်ခဲ့သည်ဟု Euro News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ကြား သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးလုပ်ငန်းများကို အရှိန် မြှင့်တင် သွားနိုင်စေရေးအတွက် ဥရောပသမဂ္ဂအဖွဲ့အစည်းက ဒီဇင် ဘာ ၆ ရက်က အစည်းအဝေးပြုလုပ် ခဲ့ပြီး သစ်တောပြုန်းတီးမှုနှင့်ဆက် နွှယ်နေသည့် သွင်းကုန်တားမြစ်ရေး ဥပဒေကို အတည်ပြုရန် သဘော တူညီခဲ့ကြကြောင်း သိရသည်။

"သစ်တောပြုန်းတီးမှုနဲ့ ဆက် နွှယ်တဲ့ သွင်းကုန်တားမြစ်ရေးဥပဒေ သစ်ဟာ ကမ္ဘာတစ်ဝန်းသစ်တော ပြုန်းတီးမှုကို ထိထိရောက်ရောက် ကူညီပေးနိုင်ပါလိမ့်မယ်။ ဒီဥပဒေ ကို ဇီဝမျိုးကွဲဆိုင်ရာကုလသမဂ္ဂ ကွန်ဗင်းရှင်းအဖွဲ့ဝင် ညီလာခံ (COP15) ကို တက်ရောက်လာတဲ့ အဖွဲ့ဝင်နိုင်ငံတွေကိုလဲ သစ်တော ပြုန်းတီးမှုလျှော့ချရေးလုပ်ငန်းစဉ် အတွက် တွန်းအားတစ်ရပ်ဖြစ်လာ စေလိမ့်မယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေအတွက် အရေးကြီးဆုံးက သစ်တောပြုန်းတီး မှုတွေကိုလျှော့ချနိုင်ဖို့ပါပဲ။ ဒီဥပဒေ က သစ်တောပြုန်းတီးမှုကို အကောင်း ဆုံးကာကွယ်ပေးနိုင်မဲ့ ဥပဒေသစ် တစ်ရပ်ဖြစ်လာလိမ့်မယ်လို့ယုံကြည် ပါတယ်"ဟု ဥရောပသမဂ္ဂအဖွဲ့ အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ခရစ္စတိုဖီဟန်ဆင်က ပြော ကြားခဲ့သည်။



**ခိုင်းဆက်**

# မိုးခေါင်ရေရှားမှု နောက်ဆက်တွဲဆိုးကျိုးအဖြစ် ၂၀၂၃ ခုနှစ် ကင်ညာနိုင်ငံကျောင်းဖွင့်ချိန်တွင် ကျောင်းသား ၃ သန်းကျော် ကျောင်းပျက်ဖွယ်ရှိ

**နိုင်ရိုဘီ ဒီဇင်ဘာ ၇**

မိုးခေါင်ရေရှားမှု နောက်ဆက် တွဲဆိုးကျိုးအဖြစ် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ကျောင်းဖွင့်ချိန်တွင် ကင်ညာကျောင်းသား ၃ ဒသမ ၅ သန်းခန့် ကျောင်းပျက်ဖွယ်ရှိ ကြောင်း ကင်ညာနိုင်ငံအခြေစိုက် Save The Children အဖွဲ့ကြီးက ဒီဇင်ဘာ ၆ ရက်က ထုတ်ပြန် ကြေညာထားသည်ဟု Anadolu သတင်းဌာနက ယနေ့တွင် ရေးသား ဖော်ပြထားသည်။

နိုင်ငံတကာလူသားချင်းစာနာ ထောက်ထားရေးအဖွဲ့တစ်ဖွဲ့ဖြစ် သော Save The Children အဖွဲ့ ကြီးက ပြုလုပ်သော စစ်တမ်းအရ ကင်ညာနိုင်ငံတွင် နှစ်ပေါင်း ၄၀ အတွင်း အဆိုးရွားဆုံးမိုးခေါင်ရေရှား မှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့သဖြင့် ကင်ညာကျောင်းသား ၃ ဒသမ ၅ သန်းကျော် လာမည့် ၂၀၂၃ ခုနှစ် တွင် ဇန်နဝါရီလအတန်းများစတင် ချိန်၌ ကျောင်းများတွင်စာရင်းသွင်း နိုင်လိမ့်မည်မဟုတ်ကြောင်း ထုတ် ပြန်ခဲ့ခြင်းဖြစ်သည်။

ကင်ညာနိုင်ငံနှင့် မက်ဒါဂက် စကာနိုင်ငံဆိုင်ရာ Save The Ch-ildren အဖွဲ့၏ဒါရိုက်တာ Yvonne Arunga က ကလေးများသည် ထိုကဲ့သို့သော အရေးပေါ်အခြေ အနေများတွင် အထိခိုက်အလွယ် ဆုံးသောအုပ်စုတွင် ပါဝင်လျက်ရှိပြီး ၎င်းတို့၏မိဘများက တိရစ္ဆာန်များ အတွက် အစာ၊ စားကျက်နှင့် ရေကို ရှာဖွေရာတွင် ကလေးများပါလိုက်ပါ ပြောင်းရွှေ့နေထိုင်ရသဖြင့် ကျန်း မာရေးစောင့်ရှောက်မှုနှင့် ပညာ ရေးကဲ့သို့ အခြေခံကိစ္စများတွင် ထိခိုက်မှုများ ဖြစ်ပေါ်စေကြောင်း ပြောကြားခဲ့သည်။

မိုးခေါင်ရေရှားမှု အဆိုးရွား ဆုံးဖြစ်ပေါ်ခဲ့သော ဒေသများမှ ကျောင်းသားများအနေဖြင့် ကျောင်း တွင်းအာဟာရကျွေးမွေးခြင်းကဲ့သို့ သောအစီအစဉ်များကို မှီခိုအား ထားနေရကြောင်း သိရသည်။

ကင်ညာနိုင်ငံတွင် ယခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလ အတွင်း လူ ၄ ဒသမ ၃၅ သန်း အစားအစာမလုံခြုံမှုနှင့် ကြုံတွေ့ နေရပြီး ၂၀၂၃ ခုနှစ်ကျောင်းများ ပြန်ဖွင့်ချိန်တွင် ကျောင်းသား ၁ ဒသမ ၆ သန်းကျော်အနေဖြင့် ကျောင်းများမှထွက်ခွာရမည့်အခြေ အနေနှင့် ရင်ဆိုင်နေရကြောင်း ကင်ညာနိုင်ငံ အမျိုးသားသဘာဝဘေး အန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင် အဖွဲ့ ထုတ်ပြန်ထားသည်။ AZH

# ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် အပူချိန်မြင့်တက်ဖွယ်ရှိ

**ကင်ဘာရာ ဒီဇင်ဘာ ၇**

ဩစတြေးလျနိုင်ငံ ကွင်းစလန်း ပြည်နယ်တွင် လာမည့်ရက်သတ္တ ပတ်အတွင်း အပူလှိုင်းဖြတ်သန်းကာ အပူချိန် မြင့်တက်လာဖွယ်ရှိနေ ကြောင်း ဩစတြေးလျမိုးလေဝသ ဦးစီးဌာနက သတိပေးချက်ထုတ်ပြန် ခဲ့သည်ဟု CBT သတင်းဌာနက ဒီဇင်ဘာ ၆ ရက်တွင် ရေးသား ဖော်ပြခဲ့သည်။

အပူလှိုင်းဖြတ်သန်းချိန်နှင့် အပူချိန် မြင့်တက်နေချိန်အတွင်း နေအိမ်များ သို့မဟုတ် အမိုးအကာ အောက်ရှိသည့် နေရာများ၌သာ လှုပ်ရှားသွားလာရန်လည်း ကွင်း စလန်းအာဏာပိုင်အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ခဲ့သည်။ အပူလှိုင်းသည် ကူးလန်ဂတ်တာ ဒေသမှ မြောက်ဘက်ပိုင်း တောင်း စဗီးလ်သို့ ဖြတ်သန်းကာ ကွင်းစ လန်းပြည်နယ် မြောက်ဘက်ပိုင်း နယ်မြေများသို့ တောက်လျှောက် ဖြတ်သန်း တိုက်ခတ်ဖွယ်ရှိနေ ကြောင်း၊ ကွင်းစလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက အပူ လှိုင်းဖြတ်သန်းမှု သတိပေးချက် ထုတ်ပြန်ထားသော်လည်း ကွင်းစ လန်းပြည်နယ် တောင်ဘက်ပိုင်း ဒေသများနှင့် ကိပ်ယောက်ခ်မြို့တို့ မှာ သတိပေးချက်ထုတ်ပြန်ထား သည့်ဧရိယာများတွင် မပါဝင်ပေ။ ကွင်းစလန်းပြည်နယ် အလယ် ပိုင်းနှင့် အနောက်ဘက်ပိုင်းတို့တွင် လည်း အပူချိန်မြင့်တက်လာဖွယ်ရှိ နေပြီး အရှေ့ဘက်ကမ်းခြေဒေသ များတွင် အပူချိန်မှာ ၃၀ ဒီဂရီ စင်တီဂရိတ်ထိ မြင့်တက်လာနိုင် ကြောင်း ဩစတြေးလျမိုးလေဝသ ဦးစီးဌာနက သတိပေးချက် ထုတ် ပြန်ခဲ့သည်။

"လာမဲ့ ရက်သတ္တပတ်အတွင်း အပူလှိုင်းဖြတ်သန်းပြီးတော့ အပူ ချိန် မြင့်တက်လာဖွယ်ရှိနေပါတယ်။ အပူလှိုင်းဖြတ်သန်းတဲ့ဧရိယာကျယ် ပြန့်လာနိုင်ပြီး အပူချိန်တွေလဲ မြင့်တက်လာဖွယ် ရှိနေပါတယ်။ အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့် တက်မှုနဲ့ အဓိကရင်ဆိုင်ရဖွယ်ရှိနေ တဲ့ဧရိယာတွေမှာ ဘရစ္စဘိန်းဧရိ ယာ၊ ခရိူင်ဒန်ဧရိယာ၊ ကာဘိုချာ ဧရိယာ၊ ဒိုမက်ဂီဧရိယာ၊ အိစ်ခ် ဧရိယာ၊ ဟက်ဟန်ဒန်ဧရိယာနဲ့ မောင့်အစ်စာဧရိယာတို့ပါဝင်နေပါ တယ်။ အပူလှိုင်းဖြတ်သန်းမှုသတိ ပေးချက်နဲ့ လွတ်ကင်းတဲ့ဒေသက တော့ တောင်ဘက်ပိုင်းဒေသတွေနဲ့ ကိပ်ယောက်ခ်မြို့တို့ပဲ ဖြစ်ပါတယ်" ဟု မိုးလေဝသဦးစီးဌာနက ထုတ် ပြန်ခဲ့သည်။

**ခိုင်းဆက်**

# ဆောက်လုပ်ရေးလုပ်ငန်းများ၏ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ



ဆောက်လုပ်ရေးကဏ္ဍသည် လေထုညစ်ညမ်းမှု၏ ၂၃ ရာခိုင်နှုန်း၊ သောက်သုံးရေညစ်ညမ်းမှု၏ ၄၀ ရာခိုင်နှုန်းနှင့် အမှိုက်ပုံတွင်စုပုံထားသောအမှိုက်များ၏ ၅၀ ရာခိုင်နှုန်းတို့ကိုဖြစ်စေသည်။ ကမ္ဘာကြီးပူနွေးလာမှုသည် ဆောက်လုပ်ရေးလုပ်ငန်းများလုပ်ဆောင်မှု၏တိုက်ရိုက်အကျိုးဆက်ဖြစ်သည်။ ဆောက်လုပ်ရေးလုပ်ငန်းများသည် ညစ်ညမ်းမှုများကို ဖြစ်စေသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင်သုံးသည့် ကွန်ကရစ်နှင့်ဘိလပ်မြေတို့သည် နေရောင်ခြည်စွမ်းအင်ကို စုပ်ယူကာ အပူကိုထိန်းသိမ်းသော ပစ္စည်းများဖြစ်ကြသည်။ ဆောက်လုပ်ရေးလုပ်ငန်းများသည် ပုံမှန်အခြေအနေတွင်ပြုလုပ်ပေးသည့် အပေါ်ယံမြေဆီလွှာကို ဖယ်ရှားပစ်ကာ ဆောက်လုပ်ရေးများပြုလုပ်ကြသည့်အတွက်ဖြစ်သည်။

ထိုအကျိုးသက်ရောက်မှုသည် မြို့ပြဒေသများတွင် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။ မြို့ပြစီမံကိန်းများကြောင့် ပတ်ဝန်းကျင်ပျက်စီးခြင်းများဖြစ်ပေါ်လာစေပြီး ဂေဟစနစ်များပြန်လည်ထူထောင်ခြင်းမပြုနိုင်သောအခါ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကိုဖြစ်စေသည်။ ထို့ပြင် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် ရှင်သန်နေထိုင်ကြသော သစ်ပင်ပန်းမန်များနှင့် သတ္တဝါများသည် ရေ၊ လေညစ်ညမ်းမှုများကြောင့် သေကျေပျက်စီးခြင်းနှင့် ရင်ဆိုင်ကြရသည်။

ဆောက်လုပ်ရေးလုပ်ငန်းများ၏ ဆိုးကျိုးသက်ရောက်မှုများကို အချိန်မီလျှော့ချခြင်းများမပြုလုပ်နိုင်ပါက အနာဂတ်တွင် ဂေဟစနစ်သည် ပိုမိုပျက်စီးယိုယွင်းလာမည်ဖြစ်သည်။ ထို့ကြောင့် မြို့ပြစီမံကိန်းရေးဆွဲခြင်း၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးစီမံကိန်းများဆောင်ရွက်ကြခြင်းတို့တွင် ပတ်ဝန်းကျင်အတွက်ရေရှည်အကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး ထိုဆိုးကျိုးများ၏ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုများကို ကာကွယ်ရန်စဉ်းစားရမည်ဖြစ်သည်။

ဆောက်လုပ်ရေးလုပ်ငန်းများကြောင့်ဖြစ်သည့် အကျိုးဆက်များကို ဥပမာပြရလျှင် သောက်သုံးရေအရင်းအမြစ်များဆုံးရှုံးမှု၊ မြေဆီလွှာများဆုံးရှုံးမှုစသည်တို့ဖြစ်ပေါ်လာစေသည်ကို တွေ့ရသည်။ ပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှု၏ ဆိုးရွားသောအကျိုးဆက်များအနက် တစ်ခုမှာ ရေချိုရင်းမြစ်များဆုံးရှုံးခြင်းဖြစ်သည်။ ဆောက်လုပ်ရေးလုပ်ငန်းများသည် မြေဆီလွှာကိုတူးကာ ဆောက်လုပ်ရေးများလုပ်ဆောင်သည့်အတွက် ရေပမာဏလျော့ကျသွားပြီး ရေ၏အရည်အသွေးကျဆင်းလာသည်။

သစ်တောများကိုဖျက်ဆီးပြီး ဆောက်လုပ်ရေးလုပ်ငန်းများလုပ်သည့်အတွက် မြေဆီလွှာများဆုံးရှုံးသွားသည်။ အဆိုပါလုပ်ငန်းများမှစွန့်ထုတ်လိုက်သောရေဆိုးများသည် သင့်လျော်သောပြုပြင်ပြောင်းလဲမှုများမပြုလုပ်ဘဲ စွန့်ထုတ်လိုက်သောရေများဖြစ်သည့်အတွက် မြို့ပြနှင့် စက်မှုလုပ်ငန်းသုံးရေဆိုးများသည် ရေအရင်းအမြစ်များကို ညစ်ညမ်းစေသည်။ ထို့ပြင် သစ်ပင်များ မရှိသည့်အတွက်ကြောင့်သော်လည်းကောင်း၊ ရေများကို ကောင်းစွာစစ်ထုတ်၊ စုပ်ယူပေးမည့် မြေဆီလွှာများ မရှိခြင်းကြောင့်သော်လည်းကောင်း မသန့်ရှင်းသောရေများသည် သမုဒ္ဒရာအတွင်းသို့ အလွယ်တကူစီးဝင်ကာ ရေနေသတ္တဝါများကို အန္တရာယ်ဖြစ်စေသည်။

ဆောက်လုပ်ရေးလုပ်ငန်းများသည် တောရိုင်းတိရစ္ဆာန်များအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်မှုရှိသည်။ ထို့ပြင် စိုက်ပျိုးရေးတွင်သုံးသည့် ပိုးသတ်ဆေးများနှင့် နိုက်ထရိတ်များ ပါဝင်သည့်ရေများ၏ညစ်ညမ်းမှုကြောင့် ရေနေသတ္တဝါများစွာ ထိခိုက်မှုဖြစ်ကြရသည့်အပြင် စက်မှုနှင့်မြို့ပြအလေအလွင့်အမှိုက်များ၊ စွန့်ပစ်ပစ္စည်းများသည် တောရိုင်းတိရစ္ဆာန်များကို သေကျေစေနိုင်သည်ထိဖြစ်စေသည်။ ကုန်းနေ၊ ရေနေသတ္တဝါမျိုးစိတ်များ၏ ၃၂ ရာခိုင်နှုန်းသည် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုကြောင့် မျိုးသုဉ်းခြင်းအန္တရာယ်နှင့် ကြုံတွေ့နေကြရသည်။

ထို့ပြင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများသယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်အသွားအလာမှထွက်ပေါ်လာသောမီးခိုးငွေ့နှင့် စက်မှုလုပ်ငန်းများမှ ထုတ်လွှတ်သောမီးခိုးငွေ့များသည် လေထုကိုညစ်ညမ်းစေပြီး လေထုအရည်အသွေးကို ကျဆင်းလာစေသောကြောင့် ကျန်းမာရေးအတွက် များစွာအန္တရာယ်ရှိသည်။ စက်မှုဖွံ့ဖြိုးတိုးတက်လာသောမြို့ကြီးများတွင် လေသည်အလွန်ညစ်ညမ်းလာပြီး အရေပြားနှင့် အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများဖြစ်ပေါ်စေကာ အဆုတ်ကင်ဆာထိဖြစ်စေနိုင်သည်။ နိုက်ထရိုဂျင်၊ ဆာလ်ဖာဒိုင်အောက်ဆိုက်နှင့် ကာဗွန်ဒိုင်အောက်ဆိုက်များ လေထုထဲတွင် စုမိလာခြင်းသည် အက်စစ်မိုးရွာသွန်းခြင်းကို ဖြစ်ပေါ်စေပြီး ထိုသို့အက်စစ်မိုးရွာသွန်းခြင်းသည် မြေဆီလွှာနှင့်ရေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေသည်။ အက်စစ်မိုးသည်းထန်စွာရွာသွန်းခြင်းသည် စိုက်ပျိုးမြေများဆုံးရှုံးခြင်း၊ သစ်တောအလွှာများပျက်စီးခြင်း၊ မိုးရွာသွန်းချိန်နှင့် ရွာသွန်းမှုပုံစံပြောင်းလဲလာခြင်းနှင့် ဆိုးရွားသောစိုက်ပျိုးရေးအလေ့အထများကြောင့် မြေဆီလွှာတိုက်စားခြင်းများဖြစ်လာကာ နှစ်စဉ်လယ်ယာမြေ ထောင်ပေါင်းများစွာ ပျက်စီးဆုံးရှုံးခြင်းများဖြစ်စေသည်။

ထို့ပြင် ကမ္ဘာကြီးပူနွေးလာမှုကြောင့် သဲကန္တာရဒေသများ ပိုမိုကျယ်ပြန့်ကာ ဆိုးရွားလာသည်။ ဥရောပတွင် စပိန်နိုင်ငံသည် သဲကန္တာရဒေသ အကျယ်ဆုံးနိုင်ငံဖြစ်သည်။ လူတို့၏ဆောင်ရွက်လုပ်ရှားမှုများကြောင့် ဇီဝမျိုးကွဲများဆုံးရှုံးရခြင်း

> ❖ ဆောက်လုပ်ရေးလုပ်ငန်းများသည် တောရိုင်းတိရစ္ဆာန်များအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်မှုရှိသည်။ ထို့ပြင် စိုက်ပျိုးရေးတွင် သုံးသည့် ပိုးသတ်ဆေးများနှင့် နိုက်ထရိတ်များပါဝင်သည့်ရေများ၏ ညစ်ညမ်းမှုကြောင့် ရေနေသတ္တဝါများစွာ ထိခိုက်မှုဖြစ်ကြရသည့်အပြင် စက်မှုနှင့် မြို့ပြအလေအလွင့်အမှိုက်များ၊ စွန့်ပစ်ပစ္စည်းများသည် တောရိုင်းတိရစ္ဆာန်များကို သေကျေစေနိုင်သည်ထိဖြစ်စေသည်။ ကုန်းနေ၊ ရေနေသတ္တဝါမျိုးစိတ်များ၏ ၃၂ ရာခိုင်နှုန်းသည် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုကြောင့် မျိုးသုဉ်းခြင်းအန္တရာယ်နှင့် ကြုံတွေ့နေကြရသည်။ ❖

သည် သဘာဝအတိုင်း သေဆုံးမျိုးသုဉ်းရခြင်းထက် ပိုသည်။ ရေနှင့်ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုကြောင့် ဇီဝမျိုးစုံမျိုးကွဲများ မိနစ်တိုင်းသေဆုံးကာ မျိုးသုဉ်းပျောက်ကွယ်လျက်ရှိသည်။ ထို့ပြင် တွင်းထွက်အရင်းအမြစ်များကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်းသည် ဂေဟစနစ်များစွာကို ပျက်စီးစေသည်။ လေ့လာခန့်မှန်းတွက်ချက်မှုများအရ လက်ရှိမျိုးသုဉ်းခြင်းနှုန်းသည် ယခင်မျိုးသုဉ်းခြင်း ဖြစ်ရပ်များထက် ၁၁၄ ဆ ပိုမိုမြင့်မားလာသည်ဟု ဖော်ပြထားသည်။ ဂေဟဗေဒမညီမျှမှုများကြောင့် ဂေဟစနစ်ပျောက်ကွယ်သွားလျှင် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာမည်ဖြစ်သည်။ ဂေဟစနစ်များ ပျောက်ကွယ်သွားခြင်းကြောင့် ရေထုညစ်ညမ်းလာကာ ရေဂေဟစနစ်များကိုခန်းခြောက်သွားစေနိုင်သည်။

အဆောက်အအုံများဆောက်လုပ်ရန်လိုအပ်သော သစ်သားထုတ်ယူခြင်းများ၊ မြေနေရာလိုအပ်ချက်များကြောင့် ခုတ်ထွင်ရှင်းလင်းရသဖြင့် သစ်တောပြုန်းတီးမှုများဖြစ်ပေါ်လာခြင်းနှင့် တွင်းထွက်များတူးဖော်ခြင်းများသည် သစ်တောဂေဟစနစ်ကို လုံးဝပျက်စီးသွားစေနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။ ကမ္ဘာကြီးပူနွေးခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်ခြင်းနှင့် သစ်တောများပျက်စီးခြင်းတို့ကြောင့် ပတ်ဝန်းကျင်၏ ဂေဟစနစ်ယိုယွင်းပျက်စီးလာကာ ကမ္ဘာလုံးဆိုင်ရာအပူချိန်များတိုးလာစေသည်။ ထိုအခါ သက်ရှိတိရစ္ဆာန်များနေထိုင်ရာ ရှားပါးလာခြင်း၊ အစားအစာများရှားပါးလာခြင်းတို့ကြောင့် မျိုးစိတ်များ မျိုးသုဉ်းလာရခြင်းစသည်တို့ဖြစ်လာသည်။ ထို့ပြင် သစ်သားနှင့်မြေနေရာလိုအပ်ချက်များ များပြားလာခြင်းကြောင့် သစ်တောခုတ်ထွင်ရှင်းလင်းမှုများ မြင့်တက်လာသည်။

ထို့အတွက် ရှုခင်းများပျက်စီးလာကာ ပတ်ဝန်းကျင်ကို ထိခိုက်စေခဲ့သည်။ စွန့်ပစ်ပစ္စည်းများ များပြားလာခြင်းသည် ရေနှင့်လေအရည်အသွေးကို ပြောင်းလဲစေသည်။ ထိုသို့ ရေထု၊ လေထုညစ်ညမ်းမှုများဖြစ်ပွားမှုမြင့်တက်သည့်ဒေသများတွင် အပန်းဖြေခရီးသွားလုပ်ငန်းများ တဖြည်းဖြည်းဆုံးရှုံးစေခဲ့သည့်အတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည်။

ထို့ပြင် အစားအစာထုတ်လုပ်ခြင်း၊ ကျန်းမာရေး၊ အပန်းဖြေခြင်းနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းတို့ကိုလည်း ထိခိုက်စေသည်။ ပတ်ဝန်းကျင်ယိုယွင်းမှု ပိုမိုဆိုးရွားလာပါက လူသားမျိုးစိတ်များဆက်လက်ရှင်သန်မှုအတွက် ဆိုးကျိုးများဖြစ်ပေါ်စေနိုင်သည်။ လေထုညစ်ညမ်းမှုသည် အိုဇုန်းလွှာဆုံးရှုံးမှုကိုဖြစ်ပေါ်စေသည်။ အိုဇုန်းလွှာသည် ကမ္ဘာမြေကိုအန္တရာယ်ဖြစ်စေသော ခရမ်းလွန်ရောင်ခြည်များမှ ကာကွယ်ပေးသည်။ လေထုထဲတွင် Chlorofluoro-carbons နှင့် Hydrochlorofluorocarbons များရှိနေခြင်းသည် အိုဇုန်းလွှာကိုဆုံးရှုံးစေနိုင်သည့်အပြင် သဘာဝအရင်းအမြစ်များကို အလွန်အကျွံအသုံးချခြင်းသည် သယံဇာတအရင်းအမြစ်ရှားပါးမှုများကိုဖြစ်စေသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်မြတ်နိုးပြီး တတ်နိုင်သမျှကာကွယ်ခြင်းဖြင့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

- **Howdoes Construction Impact the Environment?**

မေဇင်ထွန်း

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ နိုင်ငံပေါင်း ၄၀ ကျော်သို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၇၃ ဒသမ ၀၈ သန်း ရရှိထား



**နေပြည်တော် ဒီဇင်ဘာ ၇**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ နိုင်ငံပေါင်း ၄၀ ကျော်သို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၇၃ ဒသမ ၀၈ သန်းရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာန(နေပြည်တော်) ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းထံမှ သိရသည်။

ထိုသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် ဂျပန်နိုင်ငံ၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ မလေးရှားနိုင်ငံ၊ တရုတ်(တိုင်ပေ)နှင့်ဩစတြေးလျနိုင်ငံတို့သို့ ပုံမှန်တင်ပို့လျက်ရှိပြီး ရေထွက်ကုန်တင်ပို့မှု တိုးတက်ရေးအတွက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ရေထွက်ကုန်ပစ္စည်း တင်ပို့မှုအနေနဲ့ကတော့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်ကနေ နိုဝင်ဘာ ၂၅ ရက်ထိ ပင်လယ်ရေထွက်ကုန်တင်ပို့မှုကနေ ပို့ကုန်ရငွေ အမေရိကန်ဒေါ်လာ ၄၇၃ ဒသမ ၀၈ သန်းရှိခဲ့ပါတယ်။ ရေထွက်ကုန်တွေထဲမှာ ငါးသလောက်၊ ငါးမြစ်ချင်း၊ ကဏန်းတစ်၊ ငါးတန်၊ ငါးခုံးမစတဲ့ ငါးအမျိုးအစား ၂၀ ကို ယခုနှစ်မှာ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်"ဟု ငါးလုပ်ငန်းဦးစီးဌာန(နေပြည်တော်) ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောပြသည်။

ရေထွက်ကုန်ပစ္စည်းတင်ပို့ရာတွင် ပုံမှန်တင်ပို့မှုများ စဉ်ဆက်မပြတ်ရှိစေရေးနှင့် ဈေးကွက်အနေအထားပေါ် မူတည်၍ ပို့ကုန်မလျော့ကျစေရေးအတွက် ဝယ်ယူနေသည့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ လိုအပ်ချက်များ ပြည့်မီရေးကို ဌာနနှင့် ပို့ကုန်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောပြ၍ သိရသည်။

ASH

# ပုသိမ်ကြီးမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အိမ်တွင်းလျှပ်စစ်သင်တန်းဖွင့်

**ပုသိမ်ကြီး ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အိမ်တွင်းလျှပ်စစ်သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၆ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမရပူရခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းထိုက်ဦးနှင့် ပုသိမ်ကြီးမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးကျော်ညွန့်တို့က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အိမ်တွင်းလျှပ်စစ်သင်တန်း ဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသုံးပစ္စည်းများကို သင်တန်းနည်းပြထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြပြီး အိမ်တွင်းလျှပ်စစ်သင်တန်းကို ပုသိမ်ကြီးမြို့နယ် အတွင်းရှိ ကျေးရွာငါးရွာမှ သင်တန်းသား ၁၀ ဦး တက်ရောက်ကာ ဒီဇင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၂၀ ရက်ထိ သင်တန်းကာလ ၁၅ ရက်ကြာ စာတွေ့၊လက်တွေ့(အခမဲ့) သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းယုလှိုင်က ပြောပြ၍ သိရသည်။

**ချမ်းဦးကို**

# ရွှေစက်တော်မန်းချောင်းဆင်စခန်းကို မန်းရွှေစက်တော်ဘုရားပွဲတော်နှင့်အတူ ဖွင့်လှစ်မည်

**မင်းဘူး ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ရွှေစက်တော်မန်းချောင်းဆင်စခန်းကို မန်းရွှေစက်တော်ဘုရားပွဲတော်နှင့်အတူ တစ်ဆက်တည်း ဖွင့်လှစ်သွားမည်ကြောင်း မင်းဘူးသစ်ထုတ်ရေးဒေသ တာဝန်ခံ ခရိုင်မန်နေဂျာ ဦးဇော်ဝင်းနိုင်ထံမှ သိရသည်။

ရွှေစက်တော်မန်းချောင်း ဆင်စခန်းကို မန်းရွှေစက်တော်ဘုရားကြီးအနီး ပဒေါင်း-ပျော်ဘွယ် ကြိုးပြင်ကာကွယ်တောအတွင်း၌ တောတောင်ရေမြေနှင့် စိမ်းစိုသာယာလှပသော သဘာဝရှုခင်းအလှများကိုအခြေခံ၍ မြန်မာ့သစ်လုပ်ငန်း၊ မင်းဘူးသစ်ထုတ်ရေးဒေသ၊ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်းမှ ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်စေရန်နှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ထားကြောင်း သိရသည်။

"ဆင်စခန်းကတော့ အခုလက်ရှိမှာ အဆက်မပြတ်ဖွင့်လှစ်ထားပြီး မန်းရွှေစက်တော်ဘုရားပွဲတော်ချိန်မဟုတ်တော့ လာရောက်သူ နည်းပါးတယ်။ ဆင်စခန်းမှာ လာရောက်လည်ပတ်တဲ့သူတွေကို ခရီးသွားဝန်ဆောင်မှုလုပ်ငန်းအားလုံးဆောင်ရွက်ပေးနိုင်ဖို့၊ ခရီးတိုဆင်စီးရင် တောတောင်ရေမြေနဲ့ သာယာတဲ့ သဘာဝရှုခင်းအလှတွေကို ကြည့်ရှုခံစားနိုင်စေဖို့နဲ့ မန်းချောင်းဘေး ဆင်တွေနဲ့အတူ ရေချိုးရင်းအပန်းဖြေ အနားယူနိုင်စေဖို့အတွက် ယာယီတဲတား၊ တည်းခိုဆောင်နဲ့ အလှဆင်တာတွေကို ပြင်ဆင်ဆောင်ရွက်နေပါတယ်။ ဒီနှစ်မှာ ထူးထူးခြားခြားအနေနဲ့ ဆင်လိမ်မာလေးတွေနဲ့အတူ ကပြ(အလှပြ)ဖျော်ဖြေညှော်ခံတဲ့ အစီအစဉ်ကိုလဲ ထည့်သွင်းဆောင်ရွက်သွားမှာပါ"ဟု ဆင်စခန်းတာဝန်ခံ လက်ထောက်မန်နေဂျာ ဦးထက်နိုင်အောင်က ပြောပြသည်။




အဆိုပါဆင်စခန်းကို နေ့စဉ်နံနက် ၇ နာရီမှ ည ၆ နာရီချိန်ထိ သတ်မှတ်ထားကြောင်း၊ ရွှေစက်တော်မန်းချောင်း ဆင်စခန်း ဝင်ကြေးအနေဖြင့် ပြည်တွင်းခရီးသွား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှင့် ခရီးတိုဆင်စီးခတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်း၊ ပြည်ပနိုင်ငံခြားသား တစ်ဦးလျှင် ဝင်ကြေးငွေကျပ် ၁၀၀၀၀ နှင့် ခရီးတိုဆင်စီးခ ငွေကျပ် ၁၀၀၀၀ နှုန်း ကောက်ခံပြီး တည်းခိုဆောင်တစ်လုံးအတွက် တစ်ရက်လျှင် ငှားရမ်းခ ငွေကျပ် ၃၀၀၀၀ နှုန်း သတ်မှတ်ထားကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**

# ဆင်ပေါင်ဝဲမြို့နယ် ဝါးရှိ(ကုန်း)ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းဆောင်ရွက်မှု စစ်ဆေး

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဝါးရှိ(ကုန်း)ကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဝါးရှိ(ကုန်း)ကျေးရွာ၌ VDP စီမံကိန်းပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဝါးရှိ(ကုန်း)ကျေးရွာ၌ လမ်းအရှည် ပေ ၁၂၀၀၊ အကျယ် သုံးပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄၇ ဒသမ ၇၇၅ သိန်း စုစုပေါင်းငွေကျပ် ၁၄၇ ဒသမ ၇၇၅ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်မင်းဦးက ပြောပြ၍ သိရသည်။

**သူသူ**



# ကျွန်းစုမြို့နယ် စလွန်အော်ကြီးကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**ကျွန်းစု ဒီဇင်ဘာ ၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စလွန်အော်ကြီးကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၆ ရက် နံနက် ၁၁ နာရီက အဆိုပါကျေးရွာခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျွန်းစုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက သင်တန်းသူများ အနေဖြင့် နှစ်လတာတက်ရောက် တတ်မြောက်ခဲ့သော စက်ချုပ်ပညာရပ်ကို လက်တွေ့မြေပြင်တွင် ပြန်လည်အသုံးချ ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ကျွန်းစုမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက သင်တန်းသူ ၁၅ ဦးကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက သင်ထောက်ကူပစ္စည်းများပေးအပ်သည်။

အဆိုပါအခြေခံစက်ချုပ်သင်တန်းသို့ စလွန်အော်ကြီးနှင့် စလွန်အော်ငယ်ကျေးရွာ နှစ်ရွာတို့မှ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် နည်းပြများက ဒီဇိုင်းဘာသာရပ် ၁၅ မျိုးကို ယခုနှစ် အောက်တိုဘာ ၆ ရက်မှ ဒီဇင်ဘာ ၅ ရက်ထိ နှစ်လကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း ကျွန်းစုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မြင့်ဦး(မြိတ်)**

# စစ်သည်အစားခန့်ဝန်ထမ်းများခေါ်ယူခြင်း

၁။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များနှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးအပ်ရန် လိုအပ်လျက်ရှိပါသည်-

(က) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)

(ခ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)

(ဂ) ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်(အမျိုးသား/အမျိုးသမီး)

(ဃ) ဂီတတီးမှုတ်သူ/ဂီတ(အမျိုးသား/အမျိုးသမီး)

၂။ အထက်ဖော်ပြပါရာထူးများအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်တွင် အသက် ၂၅ နှစ်မကျော်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။ (မှတ်ချက်-အဆို၊ အကပညာရပ်များနှင့် ခေတ်ပေါ်တီးဝိုင်း၊ မြန်မာဆိုင်းဝိုင်းမှ တူရိယာတစ်မျိုးမျိုးတို့အား ကျွမ်းကျင်တတ်မြောက်သူဖြစ်ပါက အသက် ၃၀ နှစ်ထက်မကျော်ရ။)

(ဂ) စစ်မှုထမ်းနှင့် စစ်သည်အစားခန့်ဝန်ထမ်းများအတွက် အနည်းဆုံးပညာအရည်အချင်းလိုအပ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) **ဂီတ(ဆိုင်းဝိုင်း)၊ ဂီတ(ခေတ်ပေါ်)နှင့် ဂီတတီးမှုတ်သူ/ဂီတ။** စနစ်ဟောင်းပညာရေး ဆဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-7 အောင်မြင်သော ပန်တျာကျောင်းဆင်းများ သို့မဟုတ် စနစ်ဟောင်းပညာရေး ဆဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-7 အောင်မြင်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဤရုံးကွပ်ကဲမှုအောက်တပ်များမှ ပညာရှင်များပါဝင်သော ဘုတ်အဖွဲ့တစ်ခုခုဖြင့် စိစစ်ရာတွင် တူရိယာပစ္စည်းတစ်မျိုးအား သာမန်အဆင့်အထက် တီးမှုတ်နိုင်သူဖြစ်ရမည် သို့မဟုတ် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတ်မှတ်ထားသော စာမေးပွဲ သို့မဟုတ် ဘုတ်အဖွဲ့ဖြင့် ကျွမ်းကျင်မှုစစ်ဆေးခြင်းကိုအောင်မြင်ရမည်။

(၂) **ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်။** စနစ်ဟောင်းပညာရေး အဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-9 အောင်မြင်သော ပန်တျာကျောင်းဆင်းများ သို့မဟုတ် စနစ်ဟောင်းပညာရေး အဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-9 အောင်မြင်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဤရုံးကွပ်ကဲမှုအောက်တပ်များမှပါဝင်သော ဘုတ်အဖွဲ့တစ်ခုခုဖြင့် စိစစ်ရွေးချယ်ထားသူဖြစ်ရမည် သို့မဟုတ် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတ်မှတ်ထားသော စာမေးပွဲကိုအောင်မြင်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။
(စာချုပ်ချုပ်ဆိုဆောင်ရွက်ပါမည်။)

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးကင်းရှင်းသူများဖြစ်ရမည်။

(စ) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဆ) ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲဖြေဆိုအောင်မြင်ရမည်။

(ဇ) ကျန်းမာရေးဆေးစစ်မှုအောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဂီတ(ဆိုင်းဝိုင်း)နှင့် ဂီတတီးမှုတ်သူ/ဂီတ။** အောက်ပါတို့ကို တတ်သိနားလည်ရမည်-

(၁) သံစဉ်ရှိ သံမှန် ၅ ပေါက်/၆ ပေါက် စသည့်အသံများကိုခွဲခြားသိရမည်။

(၂) မြန်မာနရီစည်း၊ ဝါးလတ်စည်း၊ ကရောင်းစည်း စသဖြင့်ခွဲခြားသိရှိ၍ စည်းဝါးလိုက်နိုင်ရမည်။

(၃) တူရိယာတစ်ခုခုကို တေးသွားရိုးရိုးပေါ်အောင် တီးတတ်ရမည် သို့မဟုတ် အဆိုဘက်တွင် ဆိုမှုအသံကောင်းမွန်ရမည်။

(၄) ဂီတသင်္ကေတတစ်ကြောင်းသွားကိုဖတ်တတ်ပြီး တီးတတ် သို့မဟုတ် ဆိုတတ်ရမည်။

(ခ) **ဂီတ(ခေတ်ပေါ်)။** အောက်ပါတို့ကို တတ်သိနားလည်ရမည်-

(၁) တေးသီချင်းသံစဉ်အသံများကို ခွဲခြားသိရှိရမည်။

(၂) အခြေခံဂီတသင်္ကေတများကိုဖတ်တတ်ပြီး တီးတတ်/ဆိုတတ်ရမည်။

(၃) တူရိယာတစ်ခုခုကို တေးသွားပေါ်အောင်ဆိုတတ်ရမည်။

(ဂ) **ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်။** အောက်ပါတို့ကို တတ်သိနားလည်ရမည်-

(၁) ဇာတ်သီချင်းများ၊ ဇာတ်စကားများ စသည်တို့ကို လွယ်လွယ်နှင့်ကျက်မှတ်နိုင်ရမည်။

(၂) စည်းကိုက်၊ ဝါးကိုက် သီချင်းဆိုတတ်ရမည်။

(၃) အပြောသွက်လက်၍ သဏ္ဍာန်လုပ်သရုပ်ပေါ်အောင် ပြောဆိုအမူအရာထားတတ်ရမည်။

(၄) ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးကျပြေပြစ်စွာကနိုင်ရမည်၊ အနည်းဆုံး ကဗျာလွတ်အက ၇ မျိုးကပြနိုင်ရမည်။

၄။ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် တာဝန်ပေးအပ်ခြင်းခံရပါက နှစ်စဉ်ပြည်တွင်းရှိနေရာဒေသအသီးသီးသို့ လှည့်လည်ဖျော်ဖြေရသော ဖျော်ဖြေရေးအဖွဲ့များနှင့်လိုက်ပါခရီးသွားနိုင်သူဖြစ်ရမည်။

၅။ စစ်သည်အစားခန့်ဝန်ထမ်းများအဖြစ် ခန့်အပ်ခွင့်ရရှိပြီးသူများသည် အောက်ဖော်ပြပါအကျိုးခံစားခွင့်များရရှိမည်-

(က) ဘွဲ့ရစစ်သည်အစားခန့်ဝန်ထမ်းများအနေဖြင့် တပ်ကြပ်ကြီး(အစားခန့်)အဆင့်မှ စတင်ခန့်အပ်၍ အခြေခံလစာ ၁၉၈,၀၀၀ ကျပ်ရရှိမည်ဖြစ်ပြီး ၂ နှစ်လျှင် ၁ ကြိမ်၊ နှစ်တိုးလစာ ၂,၀၀၀ ကျပ်နှုန်းဖြင့် ၅ ကြိမ်ခံစားခွင့်ရှိမည်။

(ခ) ဘွဲ့မရရှိသော စစ်သည်အစားခန့်ဝန်ထမ်းများအနေဖြင့် တပ်ကြပ်(အစားခန့်)အဆင့်မှ စတင်ခန့်အပ်၍ အခြေခံလစာ ၁၈၀,၀၀၀ ကျပ်ရရှိမည်ဖြစ်ပြီး ၂ နှစ်လျှင် ၁ ကြိမ်၊ နှစ်တိုးလစာ ၂,၀၀၀ ကျပ်နှုန်းဖြင့် ၅ ကြိမ်ခံစားခွင့်ရှိမည်။

(ဂ) တာဝန်ထမ်းဆောင်ရမည့်တပ်တွင်နေထိုင်ရန် အဆောက်အဦနှင့် ရေ/မီးစီစဉ်ပေးမည်။

(ဃ) ကျန်းမာရေးနှင့်ပတ်သက်၍ နီးစပ်ရာတပ်မတော်ဆေးရုံများတွင် အခမဲ့ဆေးကုသခွင့်ရှိသည်။

(င) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများဖြစ်ပါက တာဝန်ထမ်းဆောင်စဉ်အတွင်း ဘွဲ့ရရှိနိုင်ရေးအတွက် အဝေးသင်တက္ကသိုလ်တက်ရောက်နိုင်ရန်ခွင့်ပြုပေးမည်။

(စ) တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အခြားသောအနုပညာဘာသာရပ်များ တိုးတက်မြင့်မားစေရေးအတွက် ကျွမ်းကျင်နည်းပြများနှင့်ထပ်မံ၍ စနစ်တကျသင်ကြားလေ့ကျင့်ပေးမည်။

၆။ လျှောက်ထားလိုသူများအနေဖြင့် အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မှော်ဘီမြို့၊ ရန်ကုန်မြို့)၊ အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို၊ နေပြည်တော်)၊ အမှတ်(၁)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(ရဲမွန်တပ်မြို့၊ ရန်ကုန်မြို့)၊ အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(အင်းတိုင်၊ ရန်ကုန်မြို့)၊ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ (မန္တလေးမြို့)နှင့် အမှတ်(၄)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(ရွှေညောင်မြို့)များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ အောက်ပါစာရွက်စာတမ်း ၂ စုံစီအား ၂၆ - ၁၂ - ၂၀၂၂ ရက်အရောက်ပေးပို့လျှောက်ထားရန်နှင့် လူတွေ့စစ်ဆေးမည့်ရက်/အချိန်/နေရာတို့ကို ထပ်မံအကြောင်းကြားသွားမည်ဖြစ်သည်-

(က) ကိုယ်တိုင်ရေးလျှောက်လွှာ

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဂ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် မြို့နယ်/ရပ်ကွက်အတွင်းနေထိုင်ကြောင်းထောက်ခံချက်

(င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်

(စ) ပညာအရည်အချင်းအတွက် ဘွဲ့ရရှိသူများအနေဖြင့် ဘွဲ့လက်မှတ်/ ဘွဲ့ထောက်ခံစာမိတ္တူနှင့် ဘွဲ့မရရှိသူများအနေဖြင့် သက်ဆိုင်ရာကျောင်းများမှထောက်ခံချက်

(ဆ) မိဘ/ဆွေမျိုးများ၏ သဘောတူညီကြောင်းထောက်ခံချက်

(ဇ) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၂ ကြိမ်ထိုးနှံပြီးကြောင်းအထောက်အထား

(ဈ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စပို့(စ်)အရွယ် ကာလာဓာတ်ပုံ ၆ ပုံ။

၇။ သတ်မှတ်ထားသည့်အချက်အလက်များ၊ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ဗုဒ္ဓဘာသာ သာသနာရောင်ဝါနေသို့လင်းပြီး အရှည်ခန့် တည်တံ့ခိုင်ခန့်စေရန်

ဖြစ်စဉ်များ - **အကြောင်းကြောင်းကြောင့် ကယားပြည်နယ် (က) ဒီမောဆိုမြို့နယ်၊ (ခ) ဖရူးဆိုးမြို့နယ်၊ (ဂ) ရှားတောမြို့နယ်၊ (ဃ) ဘောလခဲမြို့နယ်၊ (င) မယ်စဲမြို့နယ်ရှိ ကျောင်း(၄၀)ကျော်သည် မိမိကျောင်းများအား စွန့်ခွာခဲ့ကြပါသည်။**

- **ယခုအခါ အေးချမ်းစပြုလာသဖြင့် မိမိကျောင်းများသို့ ကျောင်းပြန်ထိုင်ပါမည်။**
- **မိမိကျောင်းတွင်လည်း စားစရာနှင့် ကျောင်းသုံးအိုးခွက်ပန်းကန်များ မရှိတော့သဖြင့် အသစ်ပြန်လည်တည်ဆောက်ရပါမည်။**

အကျိုးသက်ရောက်မှု - လောလောဆယ်စားစရာ အခက်အခဲအား စီစဉ်နေပါသည်။

အလှူခံမည့်လှူဘွယ် - ဆန်၊ ဆီ အစရှိသော စားသောက်ကုန်ဝယ်ရန် တစ်ကျောင်းလျှင် တစ်သိန်းခန့်လိုပါမည်။ (မိမိစွမ်းသမျှလည်း လှူဒါန်းနိုင်ပါသည်။)

လှူဒါန်းရန်ဌာန - ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ (အဘိဓဇမဟာရဋ္ဌဂုရု)
ဦးလှဝင်း(ဥက္ကဋ္ဌ) ၆၂လမ်း၊ ၃၂×၃၃လမ်းကြား၊ တောင်စလင်းတိုက်သစ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
၀၉-၆၆၀၈၅၀၃၉၉၉၊ ၀၉-၇၅၅၈၀၈၇၂၊ ၀၉-၉၇၅၇၆၄၃၂၃



"အဂတိပယ်ရှား ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဋ္ဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


## ယခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၅ ရက်ထိ ကန်ဒေါ်လာ ၁၁ သန်းကျော်တန်ဖိုးရှိ ဆေးဝါးပစ္စည်းတန်ချိန် ၆၂၀ တင်သွင်းခဲ့



**နေပြည်တော် ဒီဇင်ဘာ ၇**

ယခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ တစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁ သန်းကျော်တန်ဖိုးရှိ ဆေးဝါးပစ္စည်းတန်ချိန် ၆၂၀ တင်သွင်းဆောင်ရွက်ပေးခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

အဆိုပါဆေးဝါးပစ္စည်းများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှအမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅ သန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းတန်ချိန် ၅၀၀ နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇၁ သန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းတန်ချိန် ၁၂၀ စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၁ ဒသမ ၈၇၁ သန်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းတန်ချိန် ၆၂၀ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ ဆေးဝါးပစ္စည်းများတင်သွင်းရာတွင် ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဘရာဇီး၊ ဆိုက်ပရက်စ်၊ အီဂျစ်၊ ဂျာမနီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အိုင်ယာလန်၊ အီတလီ၊ ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား၊ နယ်သာလန်၊ ပါကစ္စတန်၊ စပိန်၊ စင်ကာပူ၊ ပေါ်တူဂီ၊ အမေရိကန်နှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်သွင်းရာတွင် တရုတ်နှင့် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆေးဝါးပစ္စည်းများ တင်သွင်းရာတွင် တရုတ်နိုင်ငံမှ ဆေးဝါးပစ္စည်းတန်ချိန် ၂၀ ကျော်နှင့် ထိုင်းနိုင်ငံမှ ဆေးဝါးပစ္စည်းတန်ချိန် ၁၀၀ ကျော် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

## ညောင်ရွှေမြို့နယ် လွယ်မောကျေးရွာ၌ ကတ္တရာလမ်းခင်းနေမှု ကွင်းဆင်းစစ်ဆေး

**ညောင်ရွှေ ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လွယ်မောကျေးရွာအဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ကြီးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဟန်ကိုကိုစိုး၊ ညောင်ရွှေမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်သဇင်မြင့်(အငယ်တန်းအင်ဂျင်နီယာ-၂)တို့က ကျေးရွာကော်မတီဝင်များနှင့်အတူ လွယ်မောကျေးရွာအဝင်လမ်းမြေမှ ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော YHK Lwin Family ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် တောင်ကြီးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

ညောင်ရွှေမြို့နယ် လွယ်မောကျေးရွာအဝင်လမ်းအရှည် ၄ ဒသမ ၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၅ လက်မ မြေမှကတ္တရာခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၁၉ ဒသမ ၁၈ သန်းဖြင့် YHK Lwin Family ကုမ္ပဏီက ဇူလိုင်လတတိယပတ်မှ စတင်တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း တောင်ကြီးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်ကိုကိုစိုးက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**







# ဝန်ထမ်းအလိုရှိသည်

**(1) HR Supervisor** — Female (1) Post

HR နှင့်ပတ်သက်သော Diploma (သို့) Certificate တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ တက္ကသိုလ်မှ ဘွဲ့တစ်ခုရရှိပြီးသူဖြစ်ရမည်။ HR Function များ ကျွမ်းကျင်သူဖြစ်ရမည်။ Microsoft Word, Advance Excel, Basic Photoshop ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။ HR ပိုင်းကို အမှန်တကယ်စိတ်ဝင်စားပြီး အဖွဲ့အစည်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။ လူမှုဆက်ဆံရေး အထူးကောင်းမွန်သူဖြစ်ရမည်။ HR ပိုင်းလုပ်သက် အနည်းဆုံး(၂)နှစ်ရှိရမည်။ အသက်(၂၅)နှစ်အထက် ဖြစ်ရမည်။

**(2) Store Keeper** — Male (3) Post

ဘွဲ့ရပြီး၊ Store ထိန်းသိမ်းမှု၊ စာရင်းပြုစုမှုလုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိရမည်။
ဆက်ဆံရေးကောင်းမွန်ပြေပြစ်၍ ကားတင်ကားချလုပ်ငန်းများကို စီမံခန့်ခွဲနိုင်သူဖြစ်ရမည်။
အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။ လိုအပ်လျှင် အချိန်ပိုဆင်းနိုင်သူဖြစ်ရမည်။
ကုန်ကျန်စစ်ဆေးမှုများကို စာရင်းနှင့်တကွ တိကျစွာဆောင်ရွက်နိုင်သူဖြစ်ရမည်။ အသက်(၂၅)အထက်ဖြစ်ရမည်။

**(3) Sales Man** — Male (5) Post

ယာဉ်မောင်းလိုင်စင်ရှိပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
နယ်ခရီးသွားလာနိုင်ပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။ အသက်(၂၀) မှ (၂၅)အတွင်းဖြစ်ရမည်။

**(4) Sales Admin / Account Staff** — Female (8) Post

ကွန်ပျူတာ Excel ကျွမ်းကျင်ရမည်။ LCCI Level I, II ပြီးသူဖြစ်ရမည်။
တက္ကသိုလ်မှ ဘွဲ့တစ်ခု ရရှိပြီးသူ ဖြစ်ရမည်။ အသက် (၂၀) မှ (၂၅)အတွင်း ဖြစ်ရမည်။

**(5) Cashier Staff** — Female (3) Post

ကွန်ပျူတာ Basic တတ်ကျွမ်းသူဖြစ်ရမည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။
ငွေစာရင်းပိုင်း တိကျ/ ကျွမ်းကျင်/ စိတ်ချရသူ ဖြစ်ရမည်။ အသက် (၂၀) မှ (၂၅)အတွင်း ဖြစ်ရမည်။

**(6) Driver** — Male (1) Post

အသက် (၂၅)နှစ်နှင့် အသက် (၃၅)နှစ်ကြား ဖြစ်ရမည်။ ရုံးချိန်မှာ မနက် (၇း၀၀)နာရီမှ ညနေ(၇း၀၀)နာရီအထိဖြစ်သည်။ အော်တိုဂီယာ ကျွမ်းကျင်စွာမောင်းနှင်နိုင်ပြီး ကားအကြောင်းကျွမ်းကျင်နားလည်စွာ သိရှိသူဖြစ်ရမည်။ ကျန်းမာရေးကောင်းမွန်ပြီး လိုအပ်လျှင် အချိန်ပိုဆင်းနိုင်၍ နယ်ခရီးသွားနိုင်သူ ဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်ပြီး အရက်၊ ဆေးလိပ်၊ ကွမ်းစားသုံးမဖြစ်စေရ။ မန္တလေးမြို့တွင်း နေထိုင်သူဖြစ်ပြီး အခြေခံပညာအလယ်တန်းအဆင့်ထိ ပညာသင်ယူဖူးသူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ပညာအရည်အချင်းဆိုင်ရာမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာမူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ဓါတ်ပုံ (၂)ပုံ၊ ယာဉ်မောင်းလိုင်စင်မိတ္တူနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ Human Resource & Organization Development ဌာနသို့ CV များကို (၇)ရက်အတွင်း လာရောက်ထုတ်ယူပြီး လျှောက်ထားနိုင်ပါသည်။ မရွေးချယ်ခံရသော လျှောက်လွှာများအား ပြန်လည်ပေးမည်မဟုတ်ပါ။

အမှတ်(၁၉၁)၊ ၂၇လမ်း၊ ၈၁×၈၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

# ဝန်ထမ်းအလိုရှိသည်

Asia Top Seven Company Limited တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

**(1) Factory Manager (စက်ရုံမှူး) - 2 Posts (Male)**

* AGTI / Be (EP, EC, MP) နှင့်ဘွဲ့ရထားရှိသူ (or) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရထားသူဖြစ်ရမည်။
* စက်ရုံလုပ်ငန်းအတွေ့အကြုံ (၃)နှစ်အထက်ရှိသူ

**(2) လ/ထ Manager - 2 Posts (Male)**

**(3) Sales & Marketing -10 Posts (Male, Female)**

Ph: 09-420728553 (Viber) သို့ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

**ပျောက်ဆုံးကြောင်း**

ရေတာ်ကောင်းမြို့နယ် ကျော်စွာအောင် (ဘ) ဦးမောင်နီ (၁၄/ဝေဂမ(နိုင်)၁၀၃၀၆၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၇၅၁၅၃၆၆

**ပျောက်ဆုံးကြောင်း**

ပန်းတနော်မြို့နယ်နေ ချစ်ဇင်းသူ (ဘ) ဦးသိန်းဝင်း (၁၄/ပတန(နိုင်)၂၃၆၃၈၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၆၁၇၄၆၇၉၉

**ပျောက်ဆုံးကြောင်း**

ပန်းတနော်မြို့နယ်နေ မောင်မိုးဦး (ဘ) ဦးတင်ဝင်း (၁၄/ပတန(နိုင်)၂၆၅၃၅၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၁၄၈၀၉၅၆

**ပျောက်ဆုံးကြောင်း**

ရေကြည်မြို့နေ မြင့်အောင် (ဘ) ဦးသိန်းရွှေ (၁၄/ရကန(နိုင်)၀၀၆၂၇၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၇၉၃၅၃၄၇

**ပျောက်ဆုံးကြောင်း**

ရေကြည်မြို့နေ ခင်အေးမြင့် (ဘ) ဦးကျော်လှိုင် (၁၄/ရကန(နိုင်)၀၀၆၂၇၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၇၉၃၅၃၄၇

**ပျောက်ဆုံးကြောင်း**

တန့်ယန်းမြို့နယ်နေ နန်းဟောင် (ဘ) ဦးမွှမ်ဖျင်ခိမ် (၁၃/တယန(နိုင်)၀၁၄၂၆၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

**ပျောက်ဆုံးကြောင်း**

မဟာအောင်မြေမြို့နယ်နေ ညီမင်းသန့် (ဘ) ဦးညီညီလွင် (၉/မဟာမ(နိုင်)၀၂၉၈၃၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

**ပျောက်ဆုံးကြောင်း**

မဟာအောင်မြေမြို့နယ်နေ ဦးသန့်ဇင် (ဘ) ဦးထွန်းဦး (၅/စကန(နိုင်)၀၅၆၀၅၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၉၁၆၇၇၁၀

**ပျောက်ဆုံးကြောင်း**

မဟာအောင်မြေမြို့နယ်နေ အာမုဂန် (ခ) ဦးဇော်နိုင် (၇/ပခန(ဧည့်)၀၀၀၀၄၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၇၂၈၇၇၄

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ ဒေသနှင့်တိုင်းရင်းသားအကျိုးကို တရားဥပဒေနှင့်အညီ တောင်းဆိုဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသားကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးစင်မြင့်တွင် ယခုထက်ပိုမိုပါဝင်လာရန်လိုအပ်...

❖ အမိနိုင်ငံတော်တည်းဟူသော အရိပ်အာဝါသအောက်တွင် အတူတကွပေါင်းစည်းနေထိုင်ကြသူများဖြစ်သဖြင့် ပြည်ထောင်စုဖွားတိုင်းရင်းသားများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုပါက တစ်သွေးတစ်သားတည်း၊ တစ်စိတ်တစ်ဝမ်းတည်းဖြင့် စိတ်တူကိုယ်တူသဘောထားတူညီစွာ အတူတကွလက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ၊ နှန်သူရိန်းလားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်နှင့်ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဒုတိယဥက္ကဋ္ဌ ခေါမြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump ကို လက်ခံတွေ့ဆုံ

စာမျက်နှာ - ၁၆

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)အဖွဲ့တို့က သွားရောက်ဂုဏ်ပြုဖျော်ဖြေ



နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့ သီဆိုကပြဖျော်ဖြေစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာစွာဖြင့် နေ့မအား ညမနား ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏မိသားစုများအပေါ် လွမ်းဆွတ်သတိရသည့်စိတ်များ ခေတ္တခဏမျှ ပြေပျောက်စေရန်နှင့်စိတ်ပျော်ရွှင်ကြည်နူးစေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

## ယခုဘဏ္ဍာနှစ်တွင် နေပြည်တော်ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ်နှင့် အောင်လံမြို့နယ်၌ စနစ်ကျ လယ်ယာမြေများ ဖော်ထုတ်သွားမည်

စာမျက်နှာ - ၅

## ရွှေစက်တော်မန်းချောင်းဆင်စခန်းကို မန်းရွှေစက်တော်ဘုရားပွဲတော်နှင့်အတူ ဖွင့်လှစ်မည်

စာမျက်နှာ - ၂၈

## မန္တလေးတိုင်းဒေသကြီးတွင် အကောက်ခွန်ရှင်းလင်းရေး အောင်မြင်စွာ ထူထောင်နိုင်ရန် သင်တန်း ဖွင့်လှစ်ပို့ချသွားမည်

စာမျက်နှာ - ၂


LPM
LANN PYI MARINE
COMPANY LIMITED

AVAILABLE SERVICES
- Inland Container Depot
- Warehouse Service
- Customs Freight Station Service
- Trucking Service
- Logistic Service
- Multi-modal Transportation Services

